ရတနတ္တယ ဂုဏတ္ထဝဏ္ဏနာ၊

ခေါ်ဆိုအပ်သော

ရတနာ သုံးပါး ဂုဏ်တော် ဘုရားရှိခိုး

အရဟံ ဂုဏဒီပနီ

(နှင့်)

ကျောင်းသားသူငယ်များသင်ယူရန်

သုသုဗောဓ ဒီပနီကျမ်း။

၁၃၂၈-ခု တော်သလင်းလ၊

စတုတ္ထနှိပ်ခြင်း၊ အုပ်ရေ(၂၀၀၀)

၁၀၉၉ ၄

ရတနတ္တယ ဂုဏာတ္ထဝဏ္ဏနာ၊

ခေါ်ဆိုအပ်သော

ရတနာ သုံးပါး ဂုဏ်တော် ဘုရားရှိခိုး

ဓရယံ ဂုဏာ ဒီပနီ

(နှင့်)

ကျောင်းသားသူငယ်များသင်ယူရန်

သုသဗောဓ ဒီပနီကျမ်း။

၁၃၂၈-ခု၊ တော်သလင်းလ၊
စတုတ္ထနှိပ်ခြင်း၊ အုပ်ရေ(၂၀၀၀)

ခရမ်းမြို့၊ ကိုင်းကုန်းကျောင်းတိုက်

ဂဏမဟာဝိနာယက

(အဂ္ဂမဟာပဏ္ဍိတ)

ကိုင်းကုန်းဆရာတော်ဘုရားကြီး၏ ပုံတော်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်
အမှတ် (၁၇၆၆)

ထုတ်ဝေသူ၊ ဆရာတော် ဦးသုဒဿန၊
ကင်းလွတ်ခွင့်အမှတ် (၀၄၇၆)
ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊
ခရမ်းမြို့ ဟံသာဝတီခရိုင်။

ပုံနှိပ်သူ - ဦးလှကျော် (ယာယီ ၀၀၉)
ဇေယျာသိဒ္ဓိ စာပုံနှိပ်တိုက်၊
အမှတ် (၁၀) ကိုင်းကုန်းလမ်း၊ ခရမ်းမြို့၊

ဤစာအုပ်ကို စတုတ္ထအကြိမ် ထုတ်ဝေရခြင်း အကြောင်း ပြနိဒါန်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကြည်သာ ရွှင် လန်း ပီ တိ ပန်း။

ဗုဒ္ဓေါတိ ကိတ္တယန္တဿ ကာယေ ဘဝတိ ယာပီတိ၊
ဝရမေဝဟိ သာပီတိ ကသိဏေနပိ ဇမ္ဗုဒီပဿ။

ဟူ၍ ဟောကြားထုတ်ပြန် ဓမ္မက္ခန်အလာ အဓိပ္ပါယ် ရှာလိုက်ပါမူ ဘုရား ဘုရား ဟူ၍ နှုတ်မြွက်သော အား ပြောကြားထုပ်ပေါ် ကြွေးကျော်လိုက်ရသော ပုဂ္ဂိုလ်၏၊ ခန္ဓါကိုယ် အတွင်းဓါတ်၌ လွှမ်းမတ်ခြုံမိကိုယ်လုံးပြည့်မျှ ဂွမ်းဆီထိအလား အကြင်သို့သော ဖရဏာပီတိ တရားသည် ဗုဒ္ဓါရမ္မဏ သဘာဝ ကြောင့် ထင်ရှားစွာ ဖြစ်ပေါ်လာရပေ၏။

လက်ကွယ်သန်းခေါင် ကြယ်ရောင်မလှိုင် မိုဃ်းတိမ်ဆိုင်နှင့် ဂနိုင်ပိတ်ဆည်း အင်္ဂါလေးပါးနှင့် ပြည့်စုံသော အမိုက်မှောင် ကြီးအတွင်းဝယ်၊ ဝင်းပြောင်လျှပ်စစ် တကြိမ်လစ်ပါမှ တချက် သာ သီကုံးလိုက်ရသော ပုလဲကုံးဝယ် ပုလဲလုံးငယ်အလားကဲ့ သို့၊ အဝိဇ္ဇာအမှောင်ခွင်းလျက် ဘုရား အာရုံ တည်း ဟူသော အလင်းရောင်မိသဖြင့် တကြိမ်တခါမျှ ခဲရင်းစွာ ဖြစ်ပေါ်လာရ သော ထိုဖရဏာပီတိ တရားသည်ကား၊

မြေပြင်အလုံး သိမ်းကြုံးပိုင်သ အစိုးရသည့် စကြာမင်း ကြီး၏ မညီးထိန်ထိန် မင်းစီးစိမ် ထက်သော် မှလည်း၊ ဆထက်

ရာထောင် မကအောင်တင့်အပ်၍ မြင့်မြတ်သာလွန်လှပေတော့သည်သာတည်း၊ ဟူ၍ ဥဇုကအဓိပ္ပါယ် အဖြောင့်ဆွယ်၍၊ အကျယ်သိအပ်ပေသည်။

အမြင်မှားလျှင် ကျိုးမထင်

ထိုသို့ ဘုရားရှင်နှင့်စပ်သဖြင့် မြင့်မြတ်လှသည်ဟု ဆိုရသော်လည်း၊ ဘုရားရှင်၏ ဖွါးဘက်တော် တယောက်ဖြစ်သော၊ (မြင်းထိမ်း-မောင်ဆန်) ဆန္နမထေရ်ကဲ့သို့၊ ဒါ ဒို့ဘုရား၊ ဒို့တရား နှင့် ဒို့မျှားသံဃာ ဆိုတတ်ခါမျှဖြင့်ကား၊ အထက်ပါ အကျိုးတရားတို့ တိုးပွါးစီပင်နိုင်မည် မဟုတ်ပေ။ ဂေဟသိတ တဏှာပေမ မာနအဝိဇ္ဇာ အရင်းပါနေသဖြင့် သံသရာ ညွှတ်ဒုက္ခဝဋ်မှ လွတ်ထွက်ခွင့်မရနိုင်သော ကြည်ညိုနည်းဖြစ်ပေသည်

အမှန်မြင်မှ အကျိုးရ။

သို့ဖြစ်ပါသောကြောင့်၊

> သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ သဒါ ဂေါတမ သာဝကာ၊
> ယေသံ ဒိဝါ စ ရတ္တော စ နိစ္စံ ဗုဒ္ဓ ဂတာ သတိ။

ဟူသော ဩဝါဒကထာ ဒေသနာနှင့်လျော်ညီအောင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်း ပွါးများ ကြရာတွင် ဘုရားရှင်၏ အလို အကြိုက်နှင့် ကိုက်ညီအောင်၊ လေးလေးနက်နက် အာရုံပြု၍၊ ကြည်ညိုပွါးများနိုင်ဘို့ရန် အရေးကြီးလှပေသည်၊ ထိုမျှအရေးကြီးလှသော ဗုဒ္ဓါနုဿတိဘာဝနာကို လမ်းမှန်ကျအောင် ပွါးများအားထုတ်နိုင်ကြပါစေရန် ကောင်းမြတ်သော ရည်သန်ချက်ဖြင့် ဤစာအုပ်ငယ်ကို ရေးသား ထုတ်ဝေလိုက်ရခြင်း ဖြစ်ပေသည်။

တရားသိမှ ဘုရားမြင်သည်ဟု ဆိုရိုးရှိသော်လည်း၊ ဤစာအုပ်ငယ်ကို သဘာဝမိအောင် အထပ်ထပ်လေ့လာကြည့်ရှုပါက၊ ဘုရားကိုမြင်သူမှ တရားကို သိနိုင်မည် ဖြစ်ကြောင်း၊ ကောင်းစွာ သိရပေမည်။

အနည်းငယ်ရှင်းပြပါဦးအံ့။ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွါးများလိုသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ မကြုံစီအပ်မကြုံစီနိုင်သော အဆင်းတော်၊ စကားတော်၊ တရားတော်၊ ဉာဏ်တော်၊ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော၊ သက်တော်ထင်ရှား မြတ်စွာဘုရား၏ ပုံတော်ကို စိတ်ဖြင့် ပြတ်သားစွာ ထင်မြင်လာနိုင်အောင် ဆင်ခြင်ကြည့်ရှုနိုင်ရပါမည်။

ထိုသို့ အသိဉာဏ်ဝင်၍ ပိုင်နိုင်စွာမြင်ပြီးမှ ထိုဘုရားရှင်၏၊ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသော အကုသိုလ် တရားဆိုးတို့မှ ကင်းဝေပုံကိုရင်း၊ ထိုသို့ ရာဂစသော တရားဆိုးတို့မှ ကင်းဝေးတော်မူသဖြင့် ကိုယ်တော်၊ စိတ်တော် နှစ်ပါးစုံတို့၏ ချမ်းသာပုံကိုရင်း၊

ထိုသို့ ရာဂစသော တရားဆိုးတို့မှ ကင်းလျက်၊ သီလ သမာဓိ ပညာဂုဏ် အမျိုးမျိုးတို့ဖြင့် ထုံအပ်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို မြင့်မြတ်သည်ဟု သမုတ်အပ်သော လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့က ဝတ်စင်းပူဇော်ကြပုံကိုရင်း၊

ထိုရာဂစသောတရားဆိုးတို့မှကင်းဝေးအောင် နှစ်ဉ်ဘာဝပေါင်း များစွာမှစ၍၊ မဟာဗောဓိ အပရာဇိတ ပလ္လင်တော်၌ သတ္တ္တးလေးပါး တရားထူးကို သိတော်မူရာ အခါတိုင် အောင် ပါရမီတော်အမျိုးမျိုးကို ဖြည့်လျက်၊ ကျင့်ကြံ အားထုတ်တော်မူခဲ့ရပုံ **အလုံးစုံကိုရင်း၊**

ဤသို့စသည်ဖြင့် ဘုရားရှင်၏ မျက်နှာတော်ကို ဖူးမြင်ရာမှ ဘုရားရှင်၏ ကျင့်စဉ်တရားလမ်းမှန်ကို ကေန် သိမြင်ရသည် အထိ ဆင်ခြင်လေ့လာနိုင်အောင်၊ ဤစာအုပ်ငယ်က ရှင်းလင်းပြတ်သားစွာတာဝန်ယူ၍၊ နည်းပေးညွှန်ပြပါလိမ့်မည်။

ဤသို့နည်းလမ်းကျအောင်ပွါးများနိုင်ပါမှသာ အထက်တွင်ဖော်ပြခဲ့သော အကျိုးတရားများကို ရရှိခံစားရပေမည်။

အခြေမြှင့်မှ အရှည်တင့်မည်။

အဆောက်အဦးတခုကို ပြုလုပ်ရာ၌ အထက်ပိုင်းဖြစ်သော ထုပ် လျှောက် သိတိုင် အမိုးနှင့် ပြဿဒ်ဆောင် အမျိုးမျိုးတို့ကို မည်မျှကောင်းမွန်အောင် မွန်းမံ၍ ဆောက်လုပ်ထားသော်လည်း၊ အောက်ခြေမနိုင် တိုင်မခိုင်ပါလျှင် ယိမ်းယိုင်ပြိုပျက်ရမည်သာဖြစ်လေသကဲ့သို့၊ ထို့အတူ၊ ဗုဒ္ဓသာသနာတော်ကို အားပေးပြုစုလိုသော ပုဂ္ဂိုလ် တို့သည်လည်း၊ သမထ ဝိပဿနာနည်းပေးခြင်းစသော၊ သာသနာတော်၏ အထွဋ်တင် လုပ်ငန်းသက်သက်ကိုသာ အားထုတ် လေ့လာ နေပါမူကား မိမိတို့၏ သာသနာတော်သည် အောက်ခြေမခိုင်သဖြင့် ယိမ်းယိုင်ပျက်စီးနိုင်ပေသည်။

ကလေးသူငယ် သိမှတ်ဘွယ်။

ထိုသို့ဖြစ်ပါသောကြောင့် ဗုဒ္ဓ သာသနာတော်ကို အခြေခံမှစ၍ ပြုစုနိုင်ရန် ရည်သန်တော်မူလျက်၊ ကလေးသူငယ် သိမှတ်ဘွယ်ဖြစ်သော သုသုဗောဓ ဒီပနီမည်သော ဤကျမ်းငယ်ကို နောက်ဆက်တွဲအဖြစ်ဖြင့် ရေးသားပြုစုခြင်းဖြစ်ပေသည်။

ဂုဏ်းကျမ်းငယ်၌ ဗုဒ္ဓဘာသာတို့၏ အခြေခံယဉ်ကျေးမှု ဖြစ်သော ဩကာသဘုရားရှိခိုး အဓိပ္ပါယ်မှစ၍၊ အပါယ်လေးပါး အကျယ်စသည်၊ မိဘကျင့်ဝတ်၊ ဆရာကျင့်ဝတ် စသော၊ ကျင့်ဝတ်များနှင့်တကွ၊ လေးကိုးလောကုတ္တရာ၊ သိမှတ်ဘွယ်ရာ အပြားပြားတို့ကို ကလေးသူငယ်တို့အလွယ်တကူ သိမှတ်နားလည်နိုင်သောနည်းဖြင့် ရှင်းလင်းစွာ ဖော်ပြထားပေသည်။

ကိုယ်တွေ့နည်းနာ အပြားပြား။

ဂုဏ်းနည်းများကိုရေးသားတော်မူရာ၌၊ စာ၊တွေ့သက်သက်မဟုတ်၊ ကျွန်ုပ်တို့၏ ကျေးဇူးရှင် ဆရာတော် ဘုရားကြီး သည်၊ နှစ်ပေါင်း (၃၀ ကျော်မျှ စာသင်တိုက် တည်ထောင်လျက်၊ စာသင်သားတာည့်များအား၊ မနားမနေ၊ နေ့ဝါ-ညဝါ များကို ပို့ချတော်မူရင်း၊ သာသနာတော်၏ အဓြ ခိုင်မြဲစေရန်၊ ရည်သန်တော်မူချက်ဖြင့်၊ ကျောင်းသား သူငယ်များကို လက်ခံတော်မူလျက်၊ မေတ္တာကရုဏာ ကြီးမားစွာဖြင့်၊ သင်ကြားပေးတော်မူခဲ့သော နည်းကောင်းများပင် ဖြစ်ပေသည်။

ကောင်းသော ရည်ရွယ်ချက်။

ကလေးသူငယ်များကို လက်ခံသင်ကြားတော်မူရာ၌၊ ဆရာတော်၏အဓိကရည်မှန်းချက်ကား၊ ဘုန်းတော်ကြီးကျောင်းများတွင်ကျောင်းသားရှိပါမှ သာသနာတော်၌၊ ကိုရင်သာမဏေရှိနိုင်မည်၊ ကိုရင်ရှိပါမှ ရဟန်းဖြစ်နိုင်မည်၊ ရဟန်းဖြစ်သူ ရှိပါမှသာ အနာဂါတ်သာသနာ့ဝန်ကို အားသန်ထမ်းဆောင်လျက် သာသနာတော်ကို ဆက်လက်တည်တန့်စေနိုင်မည်။

ဘုန်းတော်ကြီးကျောင်းများတွင် ပညာသင်ကြားခဲ့ဘူး၍

သာသနာတော်၏ အဆုံးအမကိုခံယူကာ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုရရှိပြီးသော ကလေးသူငယ်များသည်၊ ရဟန်း မဖြစ်နိုင်သည့်တိုင်အောင်၊ ၎င်းတို့ ကြီးပွား လာသောအခါ၌၊ ဗုဒ္ဓသာသနာတော်ကြီးကို ပစ္စယ ဒါယကာအဖြစ်ဖြင့်၊ ထောက်ပန့်လျက် အနာဂတ် သာသနာတော်ကို ဆက်လက်ပြုစုနိုင်ကြ ပေလိမ့်မည် ဟူသော မှန်မြတ်သော ရည်ရွယ်ချက်ပင် ဖြစ်ပေသည်။

စီးမျဉ်း နှင့် အ လုပ်။

ထိုသို့ သာသနာတော်၏ အရေးကို အောက်ခြေမှစ၍၊ အားပေးပြုစုခဲ့ရာတွင် ဆရာတော်၏ စီးမျဉ်းကောင်းမှုနှင့်၊ သင်ပြပုံ နည်းစနစ်ကောင်း မှုကြောင့်၊ ကလေး သူငယ်များ သည် လျင်မြန်စွာ အရေး အဖတ် အတွက် ပညာ ရပ်များကို တတ်မြောက်လွယ်ခြင်း၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စသော အကြောင်းများကြောင့်၊ မည်သည့် အတန်းစာမေးပွဲကိုမျှမဝင်ရ၊ ဘာသာရေးသက်သက်ကိုသာ သင်ကြားပေးသော်လည်း၊ မိဘများက အလွန်သဘောကျနှစ်ခြိုက်စွာဖြင့် ကလေးသူငယ်များကို အပ်နှံကြရာ၊ ယခုအခါ တပည့်ကျောင်းသား (၂၀၀) ကျော်တို့ဖြင့်၊ မပြတ် စည်ကားလျက် ရှိသည်ကို တွေ့မြင်ရသောအားဖြင့်၊ ဆရာတော် ဘုရားကြီး၏၊ ဤသုသုဗောဓိပနိကျမ်းငယ်ပါ နည်းများသည်၊ မည်မျှအောင်မြင်လျက်ရှိသည်ကို အထူးဖော်ပြရန်ပင် မလိုတော့ပါ။

နည်း ယူ မှတ် ဘွယ်။

ဆရာတော်၏ ဩဝါဒကို လိုက်နာလျှင်၊ ကိုယ်တိုင် သင်ကြားပေးသည့် တပည့် ဘုန်းတော်ကြီး ကျောင်းများတွင်လည်း၊ ကျောင်းသားကိုချင်တို့ဖြင့် စည်ကား အောင်မြင်လျက်ရှိသည်ကို

တွေ့ရပေသည်။

အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း၊ ဤကျမ်းငယ်တွင်၊ ဆရာတော်ဘုရား၏ လက်တွေ့အောင်မြင်လျက်ရှိသော၊နည်းများကိုသာ ရေးသားတင်ပြထားခြင်းဖြစ်ပေရာ၊ ဗုဒ္ဓသာသနာတော်အရေးကို အခြေခံမှုစ၍၊ အောင်မြင်စွာ အားပေး လိုကြသော ပုဂ္ဂိုလ်များသည် ဤစာအုပ်ကို သေချာစွာ အဖန်ဖန် လေ့လာသင့်ပေသည်။

လေး ကြိမ် ပြောက်၊

အတူးပေါ်ပြလိုသည်မှာ။ ဤခေတ်ဤအခါ၌၊ ဤသာသနာတော်ကို ပြုစုကြရာတွင် မိမိတို့၏ ကိုယ်တွေ့အောင်မြင်မှုရှိသော နည်းများကို တိုတိုကျဉ်းကျဉ်းဖေါ်ပြထားသော ဤစာအုပ်မျိုး ရှိထိုက်သည်သာ ဖြစ်ပါသောကြောင့်၊ ဘုရားကိုယ်တွေ့ တရားမေ့လျော့ ချမ်းမြေ့ရှင်ပြုံး နှစ်လိုးကြည်သာ နိုင်ကြပါစေကြောင်း ကောင်းမြတ်သော သမ္မာဆန္ဒဖြင့်၊ ၁၃၁၉-ခုနှစ်က စာအုပ်ရေ (၁၀၀၀)။ ၁၃၂၂-ခုနှစ်က စာအုပ်ရေ (၁၅၀၀) ကို နှစ်ကြိမ်တိုင်တိုင် ရိုက်နှိပ် ထုတ်ဝေခဲ့ပြီးဖြစ်သော်လည်း၊ မရလိုက်ကြသော ဗုဒ္ဓဘာသာ ကလျာဏနွယ်ဝင် ရှင်လူ အပေါင်းတို့၏ အကြိမ်ကြိမ် တောင်းပန်ချက်အရ၊ ၁၃၂၄-ခုနှစ်တွင်၊ အုပ်ရေ (၂၀၀၀)။ ယခု ၁၃၂၈-ခုနှစ်တွင်၊ စတုတ္ထအကြိမ် အုပ်ရေ (၂၀၀၀) ကို ရိုက်နှိပ် ထုတ်ဝေလိုက်ရပါသည်။

ဆရာတော်၏ တပည့် ဦးကေလာသ၊
သာသနဓဇ သိရိပဝရ ဓမ္မာစရိယ။
ကိုင်းကုန်းကျောင်းတိုက် ခရမ်းမြို့။

မာတိကာ

၁။	ရတနာသုံးပါးဂုဏ်တော်	၁	မှ	၉	အထိ။
၂။	ပဏာမဂါထာ ပါဠိအနက်....	၁၁	မှ	၁၄	။
၃။	ဝိသေသ ပဋိညာဏ်....	၁၅	မှ	၁၆	။
၄။	အရဟံဂုဏ်တော်ပွါးနည်း	၁၇	မှ	၂၈	။
၅။	ဂုဏ်တော်ပွါးရခြင်းအကျိုး....	၂၉	မှ	၃၂	။
၆။	မဟာကပ္ပိနမင်းကြီး ဂုဏ်တော်ကြောင့် မြင်းစီးလျက် မြစ်ကူးနိုင်ပုံ....	၂၉	မှ	၃၂	။
၇။	အနောဇာဒေဝီ ဂုဏ်တော်ကြောင့် ရထားစီးလျက် မြစ်သုံးတန်ကို ကူးနိုင်ပုံ....	၃၃	မှ	၃၈	။
၈။	ဗောဓိညာဏ် ဆုတောင်းပုံ	၃၉	မှ	၄၁	။
၉။	မေတ္တာ ဘာဝနာ....	၄၅	မှ	၅၄	။
၁၀။	နမောတဿနှင့်သရဏဂုဏ် အနက်....	၅၅	မှ	၅၆	။
၁၁။	ဆွမ်းပန်းခရေချမ်းဆီမီးကပ်	၅၇	မှ	၅၈	။
၁၂။	ကိုင်းကုံးကျောင်းဝတ်ရွတ်စဉ်	၅၉	မှ	၆၅	။
၁၃။	အနေကဇာတင်ပါဠိတော်....	၆၆	မှ	၆၈	။
၁၄။	သုသုဗေဝ ဒီပနီ....	၆၉	မှ	၉၈	။
၁၅။	သေရည်သေရက်အပြစ်ကြီးပုံ ဘုရားဟောပါဠိတော်....	၉၉	မှ	၁၀၃	။
၁၆။	ဒုစရိုက်သုစရိုက်ပါဠိအနက်	၁၀၄	မှ	၁၁၀	။

နမော၊ တဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာ သမ္ဗုဒ္ဓဿ။

ဘုရားဂုဏ်တော်ပါဠိ။

ဣတိပိ၊ သော ဘဂဝါ၊ အရဟံ၊ သမ္မာ သမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ

တရားဂုဏ်တော်ပါဠိ။

သွာက္ခာတော၊ ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ ဝိညူဟိ။

သံဃာဂုဏ်တော်ပါဠိ။

သုပ္ပဋိပန္နော၊ ဘဂဝတော၊ သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော၊ ဘဂဝတော၊ သာဝက သံဃော၊ ဉာယပ္ပဋိပန္နော၊ ဘဂဝတော၊ သာဝကသံဃော၊ သာမိစိပ္ပဋိပန္နော၊ ဘဂဝတော၊ သာဝက သံဃော၊ ယဒိဒံ၊ စတ္တာရိ၊ ပုရိသ ယုဂါနိ၊ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော၊ သာဝက သံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော အဉ္ဇလိကရဏီယော၊ အနုတ္တရံ၊ ပုညက္ခေတ္တံ၊ လောကဿ။

(၁) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ၊ ကာရဏေန၊ ဗြဟ္မာ နတ် လူ၊ သုံးဘုံသူတို့၏၊ ဝတ်စင်း ကော်ရော်၊ ပူဇော်အထူးကို၊ ခံတော်မူထိုက်သော၊ ဤအကြောင်းကြောင့်လည်း၊ အရဟံ၊ အရဟ မည်တော်မူပါပေ၏။

(၂) သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်၊ ဣတိပိ ဣမိနာစ၊ ကာရဏေန၊ မဖေါက်မပြန်၊ သယမ္ဘူဉာဏ်ဖြင့်၊ မိမိအလိုလို၊ ကိုယ်တော်တိုင်သာလျှင်၊ ကြွင်းမဲ့ဥဿုံ၊ အလုံးစုံသော သင်္ခတ အသင်္ခတ၊ တရားတို့ကို၊ အကုန်အစင်၊ သိမြင်တော်မူတတ်သော၊ ဤ အကြောင်း ကြောင့် လည်း၊ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏။

(၃) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ၊ ကာရဏေန၊ဝိဇ္ဇာသုံးပါး၊ဝိဇ္ဇာရှစ်ပါး၊စရဏတဆယ့်ငါးပါးတို့နှင့်၊ ပြည့်စုံတော်မူသော၊ ဤအကြောင်းကြောင့်လည်း၊ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န၊ မည်တော်မူပါပေ၏။

(၄) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိဣမိနာ စ၊ ကာရဏေန၊ စကားဆိုရန်၊ ခွန်းခြောက်တန်တို့တွင်၊ ဟုတ်မှန်ကျိုးကြောင်း၊ စကားကောင်းကိုသာ၊ ပြောဆိုတော်မူတတ်သော၊ ဤအကြောင်းကြောင့်လည်း၊ သုဂတော၊ သုဂတ၊ မည်တော်မူပါပေ၏။

(၅) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ၊ ကာရဏေန၊ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသ လောကဟု ဆိုအပ်သော၊ လောကသုံးပုံ၊ အလုံးစုံကို၊ အကုန်အစင်၊ သိမြင်တော်မူတတ်သော၊ ဤအကြောင်းကြောင့်လည်း လောကဝိဒူ၊ လောကဝိဒူ မည်တော်မူပါပေ၏။

(၆) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ၊ ကာရဏေန၊ မယဉ်ကျေး သေးသည် ဖြစ်၍၊ ဆုံးမခြင်းငှါ ထိုက်သော၊ လူယောကျ်ား၊ နတ်ယောကျ်ား၊ ဘီလူးယောကျ်ား၊ တိရစ္ဆာန်ယောကျ်ားတို့ကို၊ အတုမရှိ၊ ယဉ်ကျေးအောင် ဆုံးမ တော်မူတတ်သော၊ ဤအကြောင်းကြောင့်လည်း၊ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ မည်တော်မူပါပေ၏။

(၇) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ၊ ကာရဏေန၊ လူ-နတ်ဗြဟ္မာ သတ္တဝါတို့၏၊ ဆရာဖြစ် တော်မူသော၊ ဤအကြောင်းကြောင့်လည်း၊ သတ္ထာဒေဝ မနုဿာနံ၊ သတ္ထာဒေဝ မနုဿာနံ၊ မည်တော်မူပါပေ၏။

(၈) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ၊ ကာရဏေန၊ သစ္စာလေးပါး၊ မြတ်တရားကို၊ လက်ဝါး ပြင်ဝယ်၊ အသာတင်ထား၊ ပတ္တမြားကဲ့သို့၊ ထင်ရှားပိုင်ပိုင်၊ ကိုယ်တော်တိုင်လည်း၊ သိတော်မူတတ်၊ ကျွတ်ထိုက်သော၊ ဝေ နေယျကြာ၊ သတ္တဝါအပေါင်းတို့ကိုလည်း၊ သိစေတော်မူတတ် သော၊ ဤအကြောင်းကြောင့်လည်း၊ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော် မူပါပေ၏။

(၉) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာ စ၊ ကာရဏေန၊ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပ ယတ္တမည်၊ ဘုန်းခြောက်လီနှင့်၊ ပြည့်စုံတော်မူသော၊ ဤအ ကြောင်းကြောင့်လည်း၊ ဘဂဝါ၊ ဘဂဝါ မည်တော်မူပါပေ ၏။

ဇာတိ-ဤသို့၊ နဝဟိ၊ ဂုဏေဟိ၊ အရဟံအစ၊ ဘဂဝါအဆုံး ရှိသော၊ ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ သမန္နာဂတံ၊ ပြည့်စုံတော်မူသော၊ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ အဟံ၊ တပည့်တော်သည်၊ သိရသာ၊ ဥက္ကောင်းရတနာ၊ မြတ်အင်္ဂါဖြင့်၊ ဝန္ဒေ၊ ဝန္ဒာမိ၊ ရှိခိုးပါ၏၊ အရှင်ဘုရား။

တရားဂုဏ်တော် (၆) ပါး ။

(၁) ဘဂဝတာ ဘုန်းတော်ခြောက်စုံ၊ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော၊ မြတ်စွာ ဘုရားသည်၊ ဓမ္မော၊ ပဋိပတ်၊ ပဋိဝေဓ တရား နှစ်ပါးတို့၏၊ အကြောင်းရင်း မူလဖြစ်သော၊ ပရိယတ္တိ တရားတော်ကို၊ သွာက္ခာတော၊ ကောင်းစွာမသွေ၊ ဟောတော်မူအပ်ခဲ့ပါပေ၏။

(၂) ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့်၊ ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ ဓမ္မော၊ တထောင်ငါးရာ၊ ကိလေသာကို၊ ပယ်ခွါငြိမ်းတတ်၊ လေးရပ်ထွေပြား၊ မဂ်ဘုရားသည်၊ သန္ဒိဋ္ဌိကော၊ ကိုယ်တိုင်ကိုယ်ကြတ်၊ ရှုမြင်အပ်သော တရားမည်တော်မူခဲ့ပါပေ၏။

(၃) ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ၊ ဂုဏ်တော်အနန္တနှင့်၊ ပြည့်စုံတော်မူသော၊ မြတ်စွာဘုရား၏၊ ဓမ္မော၊ တထောင်ငါးရာ၊ ကိလေသာကို၊ ပယ်ခွါငြိမ်းတတ်၊ လေးရပ်ထွေပြား၊ မဂ်တရားသည်၊ အကာလိကော၊ အခါမလင့်၊ အကျိုးပေးသောတရား မည်တော်မူခဲ့ပါပေ၏။

(၄) ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ၊ ဂုဏ်တော်အနန္တနှင့်၊ ပြည့်စုံတော်မူသော၊ မြတ်စွာဘုရား၏၊ ဓမ္မော၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်အားဖြင့်၊ ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည်၊ ဧဟိပဿိကော၊ လာလှည့်၊ ရှုလှည့် ဟူသော၊ အစီရင်ကို ခံတော်မူထိုက်ခဲ့ပါပေ၏။

(၅) ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ၊ ဂုဏ်တော်အနန္တနှင့်၊ ပြည့်စုံတော်မူသော၊ မြတ်စွာဘုရား၏၊ ဓမ္မော၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်အားဖြင့်၊ ကိုးပါးသော၊ လောကုတ္တရာ၊ တရားတော်မြတ်သည်၊ ဩပါနေယျိကော၊ မိမိကိန်းရာ၊ သတ္တာဝါကို၊ နိဗ္ဗာန်သို့ ကပ်၍၊ ဆောင်တတ်သော တရား မည်တော်မူခဲ့ပါပေ၏။

(၆) ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ၊ ဂုဏ်တော်အနန္တနှင့်၊ ပြည့်စုံတော်မူသော၊ မြတ်စွာဘုရား၏၊ ဓမ္မော၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်အားဖြင့်၊ ကိုးပါးသော၊ လောကုတ္တရာ တရားတော်မြတ်သည်၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ပညာရှိ အရိယာပုဂ္ဂိုလ်တို့သည်၊ အသီးသီး သိအပ်၊ ခံစားအပ်သော တရားမည်တော်မူခဲ့ပါပေ၏။

ဣတိ ဤသို့၊ ဆဟိ ဂုဏေဟိ၊ သွာက္ခာတတာအစရှိသော၊ ခြောက်ပါးသော ဂုဏ်တော်တို့နှင့်၊ သမန္နာဂတံ၊ ပြည့်စုံတော်မူသော၊ ဓမ္မံ၊ တရားတော်မြတ်ကို၊ အဟံ၊ တပည့်တော်သည်၊ သိရသာ၊ ဥက္ကောင်းရတနာ၊ မြတ်အင်္ဂါဖြင့်၊ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

(၁) ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ တပည့်သားကောင်း၊ ရဟန်းအပေါင်းသည်၊ သုပ္ပဋိပန္နော၊ ကောင်းသောအကျင့်ကိုသာ၊ ကျင့်တော်မူခဲ့ပါပေ၏။

(၂) ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ တပည့်သားကောင်း၊ ရဟန်းအပေါင်းသည်၊ ဥဇုပ္ပဋိပန္နော၊ ဖြောင့်မတ်သောအကျင့်ကိုသာ၊ ကျင့်တော်မူခဲ့ပါပေ၏။

(၃) ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ တပည့်သားကောင်း၊ ရဟန်းအပေါင်းသည်၊ ဉာယပ္ပဋိပန္နော၊ အရိယာ မဂ်အကျိုးငှါ၊ ကျင့်တော်မူခဲ့ပါပေ၏။

(၄) ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ တပည့်သားကောင်း၊ ရဟန်းအပေါင်းသည်၊ သာမိစိပ္ပဋိပန္နော၊ လောကုတ္တရာ တရားကိုးပါးအား၊ လျော်သောအကျင့်ကို၊ ကျင့်တော်မူခဲ့ပါပေ၏။

(၅) ယုဂနန္ဒဝသေန၊ အစုံဖွဲ့သည်၏ အစွမ်းဖြင့်၊ ယဒိဒံ ယာနိ၊ ပုရိသယုဂါနိ၊ အကြင် ယောကျ်ားမြတ် အစုံတို့သည်၊ စတ္တာရိ လေးစုံတို့သည်၊ ဟောန္တိ ဖြစ်ကုန်၏၊ ပစ္စေက ဝသေန၊ အသီးသီး၏ အစွမ်းဖြင့်၊ တဒိဒံ တာနိ စတ္တာရိ ပုရိသ ယုဂါနိ ထိုလေးယောက်သော၊ ယောကျ်ားမြတ်အစုံတို့သည်၊ အဋ္ဌပုရိသပုဂ္ဂလာ၊ ရှစ်ယောက်သော ယောကျ်ားမြတ် ပုဂ္ဂိုလ်တို့သည်၊ ဟောန္တိ ဖြစ်ကုန်၏။

(၆) ဘဂဝတော၊ မြတ်စွာဘုရား၏၊ ဧသ-ဧသော၊ သာဝကသံဃော၊ ဤတပည့်သားကောင်း ရဟန်းအပေါင်းသည်၊ အာဟုနေယျော၊ အဝေးမှသော်လည်း၊ ဆောင်၍ ပေးလှူအပ်

သော၊ ဒေယျမြ၊ ဒါတဗ္ဗဝတ္ထုကို၊ ခံတော်မူထိုက်ခဲ့ပါပေ၏။

(၇) ပါဟုနေယျော၊ ချစ်မြတ်နိုး အပ်သော ဧည့်သည်တို့အား၊ လက်ဆောင်အလို့ငှါ၊ ပေးအပ်သောဝတ္ထုကို၊ ခံတော်မူထိုက်ခဲ့ပါပေ၏။

(၈) ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံတော် မူထိုက်ခဲ့ပါပေ၏။

(၉) အဉ္ဇလိ ကရဏီယော၊ လက်အုပ် ချီ ခြင်း ငှါ၊ ထိုက်တော် မူပါပေ၏။

(၁၀) လောကဿ၊ သတ္တာလောက၏၊ အနုတ္တရံ၊ အတုမရှိသော၊ ပုညက္ခေတ္တံ၊ ကုသိုလ်ကောင်းမှု တည်းဟူသော၊ မျိုးစေ့တို့၏၊ စိုက်ပျိုးဖြစ်ထွန်းရာ၊ လယ်မြေကောင်းသဘွယ်၊ ဖြစ်တော်မူပါပေ၏။

ဣတိ ဤသို့၊ နဝဟိ၊ ဂုဏေဟိ၊ သုပ္ပဋိပန္နတာ၊ အစရှိသော၊ ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ သမန္နာဂတံ၊ ပြည့်စုံတော်မူသော၊ သံဃံ၊ သံဃာတော် အရှင်မြတ်တို့ကို၊ အဟံ တပည့်တော်သည်၊ သိရသာ၊ ဥတ္တမင်္ဂါ ရတနာ၊ မြတ်အင်္ဂါဖြင့် ဝန္ဒေ - ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

☆

ဘုရားဂုဏ်တော် (၉) ပါး ရေတွက်ပုံ။

(၁) အရဟံဂုဏ်တော်တပါး။

(၂) သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်တပါး။

(၃) ဝိဇ္ဇာစရဏ သမ္ပန္န ဂုဏ်တော်တပါး။

(၄) သုဂတ ဂုဏ်တော်တပါး။

(၅) လောကဝိဒူ ဂုဏ်တော်တပါး။

(၆) အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်တပါး။

(၇) သတ္ထာဒေဝ မနုဿာန ဂုဏ်တော်တပါး။

(၈) ဗုဒ္ဓ ဂုဏ်တော်တပါး။

(၉) ဘဂဝါဂုဏ်တော်တပါး။

တရားဂုဏ်တော် (၆) ပါး ရေတွက်ပုံ။

(၁) သွာက္ခာတ ဂုဏ်တော်တပါး။

(၂) သန္ဒိဋ္ဌိက ဂုဏ်တော်တပါး။

(၃) အကာလိက ဂုဏ်တော်တပါး။

(၄) ဧဟိပဿိက ဂုဏ်တော်တပါး။

(၅) ဩပနေယျိက ဂုဏ်တော်တပါး။

(၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်တော်တပါး။

ရတနာ (၃) ပါး ဂုဏ်တော်

သံဃာ ဂုဏ်တော် (၉) ပါး ရေတွက်ပုံ။

(၁) သုပ္ပဋိပန္နဂုဏ်တော်တပါး။

(၂) ဥဇုပ္ပဋိပန္န ဂုဏ်တော်တပါး။

(၃) ဉာယပ္ပဋိပန္န ဂုဏ်တော်တပါး။

(၄) သာမီစိပ္ပဋိပန္န ဂုဏ်တော်တပါး။

(၅) အာဟုနေယျ ဂုဏ်တော်တပါး။

(၆) ပါဟုနေယျ ဂုဏ်တော်တပါး။

(၇) ဒက္ခိဏေယျ ဂုဏ်တော်တပါး။

(၈) အဉ္ဇလိကရဏီယ ဂုဏ်တော်တပါး။

(၉) အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဂုဏ်တော်တပါး။

ဟံသာဝတီ ဇနပဒေ ဒရမ်းနဂရေ

ကိုင်းကုန်း ပါဠိတက္ကသိလာရာမေ

ဝသတာ မဟာထေရေန

ရစိတာ၊

ဘရပံ ဂုဏာ ဒီပနီ။

ပဌမဝါရေ၊

သာသနေ ကောဓိက ပဉ္စသတ ဒွိသဟဿေ၊
သကရာဇေ ကေုနဗ္ဗိ သာဓိကေ၊
တိသတ ကေသဟဿေ သမ္ဗစ္ဆေ မုဒ္ဒါပိတာ။

ဒုတိယဝါရေ၊

ဒွါဝီသာဓိကေ တိသတေက သဟဿေ သကရာဇေ
အဿယုဇ မာသေတိ။

တတိယဝါရေ၊

စတုဝီ သာဓိကေ တိသတေက သဟဿေ သကရာဇေ
သာဝဏမာသေတိ။

စတုတ္ထဝါရေ၊

နဝဝီသာဓိကေ တိသတေက သဟဿေ သကရာဇေ
သာဝဏ မာသေတိ။

နမော ဗုဒ္ဓဿ သိရိမတော။

၁။ သီလာလင်္ကာရ သောဘာဏိံ၊ သဒ္ဓမ္မရံသိ ဘာကရိံ၊
နိဗ္ဗာနမဂ္ဂ ဒေသယိံ၊ ဝန္ဒာမိ ဇိန သာရထိံ။

၂။ သွာက္ခာတာဒိ ဂုဏောပေတံ၊ သဗ္ဗဗုဒ္ဓေဟိ သေဝိတံ၊
မလဟန္တံ ဓမ္မဝရံ၊ ဝန္ဒာမိ သိရသာဒရံ။

၃။ အရိယာမဂ္ဂေဟိ သောဘိတံ၊ ဝဏ္ဏာဝဏ္ဏေဟိ နိစ္စလံ။
ဩရပုတ္တံ ရိယသံဃံ၊ ဝန္ဒာမိ မနသာဒရံ။

၄။ ယဉ္စ နိဿာယ အာစေရံ၊ ဝုဒ္ဓိံ ပပ္ပေါမိ သာသနေ၊
ဂရုံ ဓိရံ မဟာထေရံ၊ ဝန္ဒာမိ စေတသာဒရံ။

၅။ ပေါရာဏေဟိ ကတာနေကာ၊ ဗုဒ္ဓါနုဿတိဘာဝနာ၊
အပ္ပပညာ နဇာနန္တိ၊ ဂန္ထိ ရတ္တာ စ နေကတော။

၆။ တတော ဝဏ္ဏာမိ သံခေပံ၊ အရဟံ ဂုဏ ဘာဝနံ၊
ဘာဝေတဗ္ဗံ နိစ္စကာလံ၊ ဘဝဘီရူဟိ သာဓုကံ၊

ဂါထာ အနက် များ။

(၁) တန္နိန္န သမယော၊ ထိုဘုရား ရတနာ သာလျှင်၊ ဦးညွတ်ရာဟု အယူရှိသော၊ အဟံ၊ ခန္ဓာပဉ္စက သမူဟကို၊ နာမသမုတ် အကျွန်ုပ်သည်၊ သီလာလင်္ကာရ သောဘာဏိံ၊ သီလ အပေါင်း တည်းဟူသော တန်ဆာတို့ဖြင့်၊ တင့်တယ်

ခြင်း ရှိတော်မူပေထသော၊ သဒ္ဓမ္မရံသိဘာသကရိံ၊ သုံးပုံပိဋကတ် သုတော်မြတ်တို့၏၊ တရား တည်းဟူသော ရောင်ခြည်တော်တို့ ဖြင့်၊ တပြောင်ပြောင် ထွန်းလင်း တောက်ပခြင်းကို၊ ပြုတော် မူပေတတ်ထသော၊ နိဗ္ဗာနမဂ္ဂဒေသယံ၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းကို၊ ဟောပြော ပြသတော် မူပေထသော၊ ဇိန သာရထိံ၊ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေကို၊ သေချာဂန၊ နည်းလမ်းကြွအောင်၊ ဆုံးမတော်မူပေတတ်ထသော၊ မြတ်စွာ ဘုရားကို၊ ဝန္ဒာမိ၊ အနန္တဂုဏ်၊ ကျေးဇူးဟုန်ကို၊ အကုန်မြတ် နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ ဘုရား။

(၂) တန္နိန္နသမယော၊ ထိုတရားတော်သာလျှင်၊ ဦးညွတ် ရာဟု အယူရှိသော၊ အဟံ၊ သူဘဲ၊ ငါဘဲ၊ အထင်လွဲသည့်၊ ဓါတ်ခဲ၊ ဓါတ်ရုပ်၊ အကျွန်ုပ်သည်၊ သွာက္ခာတတာဒိ ဂုဏောပေတံ သွာက္ခာတတာ အစ ရှိသော၊ ဂုဏ်တော် ခြောက်တန်၊ တရား မှန်နှင့်၊ ပြည့်စုံတော် မူပေတတ်သော၊ သဗ္ဗ ဗုဒ္ဓေဟိ၊ ကြွင်းမဲ့ ဥဿုံ၊ အလုံးစုံသော ဘုရားရှင်တို့သည်၊ သေဝိတံဂေါစရ ဗဟူ လီ ကရဏာ၏၊ အစွမ်းဖြင့်၊ မှီဝဲတော်မူအပ်ထသော၊ မလ ဟန္တံ၊ ကိလေသာတည်းဟူသော၊ မှောင်ခပင်းကို၊ ဖျက်ခွင်း တော်မူနိုင်ထသော၊ ဓမ္မဝရံ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်အားဖြင့်၊ ကိုးပါးသော တရားတော်မြတ်ကို၊ သိရသာ၊ ဥကြောင်းရတနာ၊ မြတ်အင်္ဂါဖြင့်၊ အာဒရံ၊ ရိုသေစွာ၊ ဝန္ဒာမိ သွာက္ခာတတာ၊ စသည်များထုံ၊ ကျေးဇူးဂုဏ်ကို၊ အကုန်မြတ် နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ ဘုရား။

(၃) တန္တိန္နသမယော၊ ထိုသံဃာတော်သာလျှင်၊ ဦးညွှတ်ရာဟု အယူရှိသော၊ အဟံ၊ ရုပ်နာမ်နှစ်ဖြာ၊ ခန္ဓာငါးရပ်၊ ပေါင်းစပ်သမုတ်၊ အကျွန်ုပ်သည်၊ အရိယာမဂ္ဂေဟိ၊ လောကုတ္တရားအပေါင်းတို့ထက်၊ ထူးကဲလွန်မြတ်၊ လေးရပ်သော အရိယာမဂ်တရားတို့ဖြင့်၊ သောဘီတံ၊ တင့်တယ်တော်မူပေထသော ဝဏ္ဏာဝဏ္ဏေဟိ၊ ချီး မွမ်း ခြင်း၊ ကဲ့ရဲ့ခြင်းဟု ဆိုအပ်သော၊ လောကဓံတရားတို့ကြောင့်၊ နိစ္စလံ၊ တုံ လှုပ်ခြင်း ရှိတော်မမူထသော၊ သြရပုတ္တံ၊ မြတ်စွာဘုရား၏ ရွှေရင်တော်နှစ်၊ သားတော်စစ် ဖြစ်တော်မူထသော၊ အရိယသံဃံ မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန် ရှစ်တန်သော အရိယာ သံဃာတော်မြတ်ကို၊ မနသာ၊ စိတ်ဖြင့်ဝါ၊ မနောခေါင်ချုပ်၊ ကိုယ်ပါနှုတ်ဖြင့်၊ အာဒရံ၊ ရိုသေစွာ ဝန္ဒာမိ၊ သုပ္ပဋိပန္န၊ စသည်များထုံ၊ ကျေးဇူးဂုဏ်ကို၊ အကုန်မြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ ဘုရား။

(၄) သာသနေ၊ ဗုဒ္ဓမြတ်စွာ သာသနာ၌၊ ယဋ္ဌအာစေရံ လောကုတ်၊ လောကီ၊ ကျိုးနှင်လီကို၊ မြော်ရည်တမ်းတ၊ မြတ်လုလ္လဖြင့်၊ ဆုမွပေတတ်၊ အကြွင်ဆရာမြတ်ကိုလည်း၊ နိဿာယ အမှီတကဲ၊ သဟဲပြုပြီး၍၊ ဝုဍ္ဎိံ၊ တံနေ့တခြား၊ ပွါးစီးကြီးမြင့်ခြင်းသို့၊ ပပ္ပေါမိ၊ မုချမသွေ၊ ရောက်ခဲ့ရပေ၏၊ ဂရုံ၊ ကျောက်ထီးတန္တု၊ အလေးပြုအပ်သော၊ ဓိရံ၊ ဗဟုသုတဂုဏ် ပြည့်စုံလှသည့်၊ ပညာ ရှိလည်း ဖြစ်တော် မူထ သော၊ မဟာထေရံ၊ ဝါနှစ်ဆယ်ရပြီး၊ မဟာထေရ်ကြီးလည်း၊ ဖြစ်တော်မူထသော၊ တံ အာစေရံ စ၊ ထိုဆရာမြတ် ကိုလည်း၊

စေတသာ၊ မနောခေါင်ချုပ်၊ ကိုယ်ပါနှုတ်ဖြင့်၊ အာဒရံ၊ ရိုသေစွာ၊ ဝန္ဒာမိ၊ ရှိခိုးပါ၏ ဘုရား။

(၅) ပေါရာဏောဟိ ရှေး၌ဖြစ်ကုန်သော၊ ဆရာမြတ်တို့သည် ကတာ၊ ရေးသားပြုပြင်၊ စီရင်အပ်ကုန်သော၊ အနေကာ၊ တပါးမက၊ များပြား လှစွာကုန်သော၊ ဗုဒ္ဓါနုဿတိဘာဝနာ ဗုဒ္ဓါနုဿတိ ဘာဝနာတို့သည်၊ ကိဉ္စာပိသန္တိ၊ အကယ်၍၊ ရှိကြကုန်သည်ကား၊ မှန် ခဲ့ပါပေကုန်၏၊ တထာပိ၊ ထိုသို့ရှိသည်မှန်ပါကုန်ညားသော်လည်း၊ တာ၊ ထို ဗုဒ္ဓါနုဿတိ ဘာဝနာတို့ကို၊ အပ္ပပညာ၊ ပညာမဲ့မှိန်၊ သေးသိန်၊ ကြကုန်သော၊ ပုဂ္ဂိုလ်တို့သည်၊ ဂမ္ဘီရတ္တာစ၊ နက်နဲသည်၏ အဖြစ်ကြောင့်၎င်း အနေကတောစ၊ များပြားသည်၏ အဖြစ်ကြောင့်၎င်း. ယသ္မာ အကြင်ကြောင့်၊ နဇာနန္တိ၊ မသိနိုင်ကြကုန်။

(၆) တသ္မာ၊ ထိုသို့ မသိနိုင်သောကြောင့်၊ အရဟံဂုဏဘာဝနံ၊ အရဟံဂုဏ်တော်ပွါးများပုံကို၊ သံခေပံ၊ သံခေပနအကျဉ်းအားဖြင့်၊ ဝက္ခာမိ၊ ရေးသား ပြုပြင်၊ စီရင် သောအားဖြင့်၊ ပြဆိုရ ပေတော့အံ့၊ ဘဝဘီရုဟိ၊ ဘဝကိုခကြောက်ကြကုန်သော၊ ကျိုးကြောင်းလိုလား၊ အမျိုးကောင်း သားတို့သည်၊ သာဒရံ၊ ကောင်းမွန်ရိုသေစွာ၊ နိစ္စကာလံ၊ နေ့ရောညပါ၊ အခါခပ်သိမ်း၊ ဘာဝေတဗ္ဗံ၊ ပွါးများအပ်၊ ပွါးများသင့်၊ ပွါးများထိုက် ခဲ့ပါ၏။

နမောဗုဒ္ဓဿ အရဟတော၊

ဘုရားရှင် သာသနာတော်၌၊ သူတော်ကောင်းတို့၊ ဆီးဘူးအားထုတ်အပ်သော (ပဋိပတ်အရာ၌) ကုသိုလ်တို့သည်၊

၁။ တမလွန်ဘဝ၌ အကျိုးပေးသောကုသိုလ်။

၂။ ပစ္စုပ္ပန်၊ တမလွန် နှစ်ပါးတို့၌၊ အကျိုးပေးသောကုသိုလ်

တနည်း။

၃။ လောကုတ္တရာ သက်သက် အကျိုးပေးသောကုသိုလ်။

၄။ လောကီ၊ လောကုတ္တရာ၊ နှစ်ပါးစုံ၌ အကျိုးပေးသော ကုသိုလ်။

၅။ သမာဓိများသာဖြစ်၍၊ ပညာဂုဏ် မတိုးပွါးစေတတ်သော ကုသိုလ်။

၆။ သမာဓိ၊ ပညာ၊ နှစ်ပါးစုံကို၊ တိုးပွါးစေတတ်သောကုသိုလ်။

ဤသို့ စသည်ဖြင့်၊ များပြားစွာလှသော ကုသိုလ်တို့တွင်၊ ဤဘဝ၊ နောင်ဘဝဟု ဆိုအပ်သော၊ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော ဘဝတို့၌၊ အကျိုးပေးနိုင်သော၊ ယခုဘဝ၌၊ စီးပွါးရေး၊ ကျန်းမာရေး စသော၊ လောကီကျိုး၊ မင်္ဂလာ ဖိုလ်၏ ဥပနိဿယ ဖြစ်သော၊ လောကုတ္တရာ အကျိုးနှစ်ပါးကိုလည်း ပေးနိုင်သော စိတ်၏ တည်ကြည်ခြင်း၊ စိတ္တေကဂ္ဂတာ၊ သမာဓိလည်းဖြစ်၊ ပညာဥာဏ်ကိုလည်း၊ တိုးပွါး စေနိုင်သော

ကုသိုလ်တရားကား၊ ဗုဒ္ဓါနုဿတိ၊ ကမ္မဋ္ဌာန်းဟု ဆိုအပ်သော ဘုရားဂုဏ်တော်ကိုပွါးများသော၊ ဘာဝနာ ကုသိုလ်ပင် ဖြစ်ခဲ့ပေ၏။

ထိုသို့ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော အကျိုး၊ လောကီ၊ လောကုတ္တရာ၊ နှစ်ဖြာသောအကျိုး၊ သမာဓိ ပညာ နှစ်ဖြာသောအကျိုးကို ပေးနိုင်သော၊ ဗုဒ္ဓါနုဿတိ ဘာဝနာကို၊ သူတော်ကောင်းတို့သည်၊ အားထုတ်သင့်၊ အားထုတ်ထိုက်ခဲ့လေသောကြောင့်၊ အားထုတ် လိုသော အမျိုးကောင်း သားတို့၏ အကျိုးငှါ၊ အကျဉ်းအားဖြင့် ရေးသားပါအံ့။

ဤနေရာ၌၊ ဗုဒ္ဓဂုဏာဒီနံ အနေက ဝိဓတ္တာ၊ ကေဿာပိ ဂမ္ဘီရ ဘာဝတော၊ မိန့်ဆိုသည်နှင့် အညီ၊ ဘုရားရှင် ဂုဏ်တော်တို့၏၊ များသည်၏ အဖြစ်ကြောင့်ရင်း၊ နက်နဲ၊ ခက်ခဲ သည်၏ အဖြစ်ကြောင့်ရင်း၊ ဝိသုဒ္ဓိမဂ် စသည်တို့၌၊ အလွန် ကျယ် ဝန်းစွာ၊ ပြဆိုသည်၏အဖြစ်ကြောင့်ရင်း၊ ပညာဉာဏ် နုနယ်ကြကုန်သော အမျိုးကောင်းသားတို့သည်၊ အသိ ခက် ၍၊ မပွါး နိုင်၊ အားမထုတ်နိုင်ကြပါ၊ သို့အတွက်၊ သိလွယ်၊ မြင်လွယ်၊ အားထုတ်လွယ်သော (အရဟံ) ဂုဏ်တော် တခုကိုသာ၊ ရေး သား ပြဆိုပါမည်။

အရဟံဂုဏ်တော်ကို၊ ပွါးများလိုသော သူတော်ကောင်းသည်၊ ရှေးဦးစွာ၊ အောက်ပါ (အနက်သုံးမျိုး) ကို ကြေကြေရအောင် ကျက်ထားရမည်။

ပဌမနည်း။

အရဟံ.... ပြဟ္မာနတ်လူ၊ သုံးဘုံသူတို့၏၊ ပူဇော်အထူးကို၊ ခံတော်မူထိုက်သော မြတ်စွာဘုရား။

ဒုတိယနည်း။

အရ....ဟံ တထောင်ငါးရာ ကိလေသာကို၊ အရဟတ္တမဂ်ဖြင့်၊ သတ်ဖြတ်တော်မူတတ်သော မြတ်စွာဘုရား။

တတိယနည်း။

အ....ရဟံ မကောင်းမှုကိုပြုခြင်း၌၊ ဆိပ်ကွယ်ရာအရပ် ရှိတော်မမူသော မြတ်စွာဘုရား။

ရှေးဦးစွာ ပဌမနည်းဂုဏ်တော်ကို ပုတီးတပါတ်ရအောင် ပွါးများရမည်။

ပွါးများသောအခါ အာရုံပြုပုံ။

အရဟံ၊ ပြဟ္မာ နတ် လူ၊ သုံးဘုံသူတို့၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားဟု ရွတ်ဆိုသောအခါ

အောက်ပါအတိုင်း၊ တလှည့်စီ၊ တလှည့်စီ၊ အာရုံပြု၍၊ ပွါးများရမည်။

(၁) သဟံပတိ ဗြဟ္မာမင်းကြီးက၊ မြင့်မိုရ်တောင်မျှရှိသော ပန်းကုံးနှင့် ပူဇော်ပုံ၊ သိကြားမင်းက ပူဇော်ပုံ၊ စတုမဟာရာဇ် နတ်မင်းကြီးတို့က၊ ပူဇော်ပုံတို့ကို အာရုံပြု၍၊ တန်ခိုးကြီးသော၊ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားဟု၊ အာရုံပြုပါ။

(၂) ဆွမ်းဖြင့် ပူဇော်ပုံ၊ မင်း၊ အမတ်၊ သူဌေး၊ သူကြွယ်၊ စသည်တို့က၊ မွန်မြတ်သော၊ ခဲဘွယ်၊ ဘောဇဉ် တို့ဖြင့်၊ ပူဇော်နေပုံကို၊ စိတ်၌ထင်လာအောင်၊ အာရုံပြု၍ ဖြေးဖြေးပွါးများပါ။

(၃) သင်္ကန်းဖြင့် ပူဇော်ပုံ၊ မိဖုရားတော် ဂေါတမီက၊ တသိန်းတန် သင်္ကန်းဖြင့် ပူဇော်ပုံ၊ ကောသလမင်း၊ သူဌေး၊ သူကြွယ်၊ စသည်တို့က၊ များပြားလှစွာသော၊ သင်္ကန်းတို့ဖြင့် ပူဇော်ပုံကို၊ စိတ်မှာထင်လာအောင် အာရုံပြုပါ။

(၄) ကျောင်းဖြင့် ပူဇော်ပုံ၊ အနာထပိဏ် သူဌေးကြီးက၊ ဇေတဝန်ကျောင်းတော်ဖြင့် ပူဇော်ပုံ၊ ဝိသာခါ ဒါယိကာမကြီးက ပုဗ္ဗါရုံကျောင်းတော်ဖြင့် ပူဇော်ပုံ၊ ဓမ္မာသောကမင်းကြီးက ကျောင်းပေါင်း (ရှစ်သောင်းလေးထောင်) တို့ဖြင့် ပူဇော်ပုံ တို့ကို၊ စိတ်၌ထင်လာအောင် အာရုံပြုပါ။

(၅) ဆေးပစ္စည်းတို့ဖြင့်၊ ပူဇော်ပုံ၊ ဗိမ္မိသာရမင်း၊ ကောသလမင်း၊ သူဌေး-သူကြွယ် စသည်တို့သည်၊ ထောပတ်၊ ဆီ ပျားသကာ စသော၊ ဆေး ပစ္စည်း တို့ ဖြင့် ပူ ဇော် ပုံကို၊ ညာဏ်၌ထင်လာအောင် အာရုံပြုပါ။

(၆) လေးသင်္ချေနှင့်၊ ကမ္ဘာတသိန်းပတ်လုံး၊ ဒါန စသော ပါရမီတော်တို့ကို၊ ဖြည့် ကျင့်တော် မူခဲ့ခြင်းကြောင့်၊ အရဟံ ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါသည်ဟု အာရုံပြုပါ။

ပဉ္စမနည်း၊ အရဟံ ဂုဏ်တော်ပွါးပုံ။

(၁) အရဟံ၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ မြတ် စွာ ဘုရား ဟု၊ ရွတ်ဘတ်သရဇ္ဈာယ်သောအခါ၊ တန်ခိုးကြီးသော၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟု၊ အာရုံပြု၍ ပွါးများပါ။

(၂) အရဟံ၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ မြတ် စွာ ဘုရား ဟု၊ ရွတ်ဆိုသောအခါ၊ မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ် တို့၏၊ မွန်မြတ်သော၊ ခဲဘွယ်၊ ဘောဇဉ် တို့ဖြင့်၊ ပူဇော်ပုံ အထူးကို၊ ခံတော် မူထိုက်သော မြတ်စွာဘုရားဟု အာရုံပြုပါ။

(၃) အရဟံ၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ မြတ်စွာဘုရား ဟု ရွတ်ဆိုသော

အခါ၊ ပိုး၊ ဖဲ ကတ္တီပါ စသော၊ အထူးထူး အမျိုးမျိုးသော သင်္ကန်း တို့ဖြင့်၊ ပူဇော်ပုံအထူးကို၊ ခံတော်မူထိုက်သော၊ မြတ်စွာဘုရား ဟူ၊ အာရုံပြု၍ ပွါးများပါ။

(၄) အရဟံ၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာ ဘုရား ဟူ၊ ရွတ်ဆိုသော အခါ၊ ဇေတဝန်ကျောင်း၊ ပုဗ္ဗါရုံကျောင်း စသော၊ ကျောင်းတို့ဖြင့် ပူဇော်ပုံအထူးကို ခံတော် မူထိုက်သော မြတ်စွာဘုရား ဟူ၊ အာရုံပြု၍ ပွါးများပါ။

(၅) အရဟံ၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့၏၊ ပူဇော်အထူးကို၊ ခံတော်မူထိုက်သော မြတ်စွာဘုရားဟူ၊ ရွတ်ဆိုသော အခါ၊ ထောပတ်၊ ဆီ၊ ပျားသကာ၊ တင်လဲ၊ စသည် တို့ဖြင့်၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားဟူ၊ အာရုံပြု၍၊ ပွါးများပါ။

(၆) အရဟံ၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ မြတ် စွာ ဘုရား ဟူ၊ ရွတ်ဘတ် သရဇ္ဈာယ်သောအခါ၊ လေးသင်္ချေနှင့် ကမ္ဘာ တသိန်း ပတ် လုံး ဒါနစသော ပါရမီတော်တို့ကို၊ ဖြည့်ကျင့်တော်မူခြင်းကြောင့် အရဟံ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ် စွာ ဘုရား ဟူ၊ အာရုံပြု၍ ပွါးများပါ။

☆ ပဌမနည်း ပွါးများပုံပြီး၏။ ☆

ဒုတိယနည်း၊ အရ...ဟံဂုဏ်တော် အာရုံပြုပုံ။

အရ....ဟံ၊ တဏှာငါးရာ ကိလေသာကို၊ အရဟတ္တမဂ်ဖြင့်၊ သတ်ဖြတ်တော် မူနိုင်သော၊ မြတ်စွာဘုရား ဟု ရွတ်ဆိုသောအခါ၊ အောက်ပါအတိုင်း၊ တလှည့်စီ၊ တလှည့်စီ အာရုံပြု၍ ပွါးများရမည်။

(၁) ကိလေသာကို သတ်ဖြတ်တော် မူနိုင်ခြင်းကြောင့်၊ မကြံစီအပ်၊ မကြံစီနိုင်သော၊ တရားစကားတော် ဟု၊ ဆိုအပ်သော၊ ဝါစာအစိန္တေယျဂုဏ်နှင့်၊ ပြည့်စုံတော်မူပါပေသည်ဟု အာရုံပြုပါ။

(၂) ညိုသောရောင်ခြည်တော်၊ ရွှေသောရောင်ခြည်တော်၊ နီသောရောင်ခြည်တော်၊ အစရှိသော၊ ရောင်ခြည်တော် ခြောက်ပါးနှင့်၊ ပြည့်စုံတော်မူသော၊ ရူပအစိန္တေယျ ဂုဏ်တော်ရှိတော်မူသော၊ မြတ်စွာဘုရား ဟု၊ အာရုံပြုပါ။

(၃) ကိလေသာကို သတ်ဖြတ်တော်မူနိုင်ခြင်းကြောင့်၊ မကြံစီအပ်၊ မကြံစီနိုင်သော၊ သဗ္ဗညုတဉာဏ်၊ ဒေသနာဉာဏ် စသော၊ ဉာဏအစိန္တေယျဂုဏ်နှင့်၊ ပြည့်စုံတော် မူပါပေသည် ဟု၊ အာရုံပြုပါ။

(၄) ကိလေသာကို သတ်ဖြတ်တော် မူနိုင် ခြင်းကြောင့်၊ မကြံစီအပ်၊ မကြံစီနိုင်သော၊ တန်ခိုးတော် ဟု ဆိုအပ် သော၊ ဣဒ္ဓိအစိန္တေယျဂုဏ်နှင့်၊ ပြည့်စုံတော် မူပါပေသည် ဟု၊ အာရုံ ပြုပါ။

(၅) ကိလေသာကို သတ်ဖြတ်တော် မူနိုင်ခြင်းကြောင့်၊ ကရဝိတ် ငှက်မင်း၊ ဗြဟ္မာမင်း တို့၏ အသံနှင့်တူသော၊ မကြံစီအပ်၊ မကြံစီနိုင်သော၊ သဒ္ဒအစိန္တေယျဂုဏ်နှင့်၊ ပြည့်စုံတော်မူပါပေသည်ဟု၊ အာရုံပြုပါ။

(၆) ကိလေသာကို သတ် ဖြတ်တော် မူနိုင်ခြင်းကြောင့်၊ အဇ္ဈတ္တ ဗဟိဒ္ဓ ဖြစ်သော ရန်အမျိုးမျိုးကို၊ အောင်တော် မူပါပေသည်ဟု၊ အာရုံပြုရမည်။

ဒုတိယနည်း၊ အရ...ဟံ ဂုဏ်တော်ပွါးပုံ။

(၁) အရ....ဟံ၊ တထောင်ငါးရာ၊ ကိလေသာကို၊ အရဟတ္တမဂ်ဖြင့်၊ သတ်ဖြတ် တော် မူနိုင်သော မြတ်စွာဘုရားဟု၊ ရွတ်ဆိုသောအခါ၊ ကိလေသာကို သတ်ဖြတ် ခြင်းကြောင့်၊ ဝါစာအစိန္တေယျဂုဏ်နှင့် ပြည့်စုံတော်မူသော၊ မြတ်စွာ ဘုရားဟု၊ အာရုံပြု၍၊ ပွါးများပါ။

(၂) အရ....ဟံ၊ တထောင်ငါးရာ ကိလေသာကို၊ အရဟတ္တမဂ်ဖြင့်၊ သတ်ဖြတ် တော် မူနိုင်သော မြတ်စွာဘုရား ဟု၊ ရွတ်ဆိုသော အခါ၊ ကိလေသာကို သတ်ဖြတ်တော် မူနိုင်ခြင်းကြောင့်၊ ရူပအစိန္တေယျဂုဏ်နှင့်၊ ပြည့်စုံတော်မူသော မြတ်စွာဘုရား ဟု၊ အာရုံပြု၍ ပွါးများပါ။

(၃) အရ...ဟံ၊ တထောင်ငါးရာ ကိလေသာကို၊ အရဟတ္တမဂ်ဖြင့်၊ သတ်ဖြတ်တော်မူနိုင်သော၊ မြတ်စွာဘုရား ဟု၊ ရွတ်ဆိုသောအခါ၊ ကိလေသာကို သတ်ဖြတ် တော် မူနိုင်ခြင်း

ကြောင့်၊ ညာဏအစိန္တေယျဂုဏ်နှင့် ပြည့်စုံတော်မူသော၊ မြတ်စွာဘုရားဟု၊ အာရုံပြု၍ ပွါးများပါ။

(၄) အရ....ဟံ၊ တထောင်ငါးရာ ကိလေသာကို၊ သတ်ဖြတ်တော်မူနိုင်သော မြတ်စွာဘုရားဟု၊ ရွတ်ဆိုသောအခါ၊ ကိလေသာကို သတ်ဖြတ်တော်မူနိုင်ခြင်းကြောင့်၊ မကြံစီအပ်သော တန်ခိုးတော်ဟု ဆိုအပ်သော၊ ဣဒ္ဓိအစိန္တေယျ ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဟု၊ အာရုံပြု၍ ပွါးများပါ။

(၅) အရ....ဟံ၊ တထောင်ငါးရာ ကိလေသာကို၊ အရဟတ္တမဂ်ဖြင့်၊ သတ်ဖြတ်တော်မူနိုင်သော မြတ်စွာဘုရားဟု၊ ရွတ်ဆိုသောအခါ၊ ကိလေသာကို သတ်ဖြတ်တော် မူနိုင်ခြင်းကြောင့် သဒ္ဒအစိန္တေယျဂုဏ်နှင့်၊ ပြည့်စုံတော်မူသော မြတ်စွာဘုရား ဟု အာရုံပြု၍ ပွါးများပါ။

(၆) အရ....ဟံ၊ တထောင်ငါးရာ ကိလေသာကို၊ အရဟတ္တမဂ်ဖြင့်၊ သတ်ဖြတ်တော် မူနိုင်သော မြတ်စွာ ဘုရား ဟု၊ ရွတ်ဆိုသောအခါ၊ ကိလေသာကို သတ်ဖြတ်တော် မူနိုင် ခြင်းကြောင့်၊ မာရ်ငါးပါး၊ အဇ္ဈတ္တဗဟိဒ္ဓဥ္ဖြစ်သော၊ ရန်အမျိုးမျိုးကို အောင်တော်မူသော မြတ်စွာ ဘုရား ဟု၊ အာရုံပြု၍ ပွါးများပါ။

အရ....ဟံ၊ ဂုဏ်တော်ပွါးပုံပြီး၏။

တတိယနည်း၊ အ ရ.... ဟံ ဂုဏ်တော်အာရုံပြုပုံ။

အ....ရဟံ၊ မကောင်းမှုကို ပြုခြင်း၌၊ ဆိပ်ကွယ်ရာ အရပ် ရှိတော်မမူသော မြတ်စွာဘုရားဟု၊ ရွတ်ဆို သော အခါ၊

အောက်ပါအတိုင်း၊ တလှည့်စီ အာရုံပြုရမည်။

(၁) ပုရေဘတ်ဟု ဆိုအပ်သော၊ ဆွမ်းမဘုဉ်းပေးမီ၊ နံက် အခါ၌၊ ဒါယကာ - ဒါယိကာမ တို့အား၊ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ နတ်ပြည်သို့ ရောက်ကြောင်းတရား၊ ကာမာနံ အာဒီနဝကထာ၊ နေက္ခမ္မ ကထာတို့ကို၊ ဟောပြော တော်မူလျက်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ပေးတော်မူခဲ့ပါပေ၏။ (မကောင်းမှုကို ပြုတော်မမူခဲ့ပါ) ဟု အာရုံပြုပါ။

(၂) ပစ္ဆာဘတ်ဟု ဆိုအပ်သော၊ ဆွမ်းစားပြီးသည်နှင့် နောက်အဘို့၌၊ (မကောင်းမှုကို ပြုတော်မမူဘဲ) တရားနာရန် ရောက်လာကြကုန်သော၊ ဒါယကာ၊ ဒါယိကာမ တို့အား တရားဟောတော်မူခြင်းဟုဆိုအပ်သော၊ ဗုဒ္ဓကိစ္စကို ပြုတော်မူခဲ့ပါပေ၏ ဟု၊ အာရုံပြုပါ။

(၃) မြတ်စွာဘုရားရှင်သည်၊ မကောင်းမှုကို ပြုတော်မမူဘဲ၊ ညအခါ၌ ဆောင်ရွက်တော်မူသော၊ ဗုဒ္ဓကိစ္စ သုံးပါးကို၊ ပြုတော်မူခဲ့ပါ၏၊ ညဉ့်ကို (၃) ပိုင်း ပိုင်း၍၊ ပဌမယာမ်၌၊ ရဟန်းတို့အား ယုံမှားသံသယ ကို၊ ပယ်ဖျောက်တော်မူ၍၊ တရားရေ အမြိုက်ဆေးတို့ကို၊ တိုက်ကျွေးတော် မူခဲ့ပါပေ၏ မကောင်းမှုကို ပြုတော်မမူဘဲ၊ အာရုံပြုရမည်။

(၄) မဇ္ဈိမယာမ်ဟု ဆိုအပ်သော၊ သန်းခေါင်ယာမ်၌၊ နတ် ဗြဟ္မာ အပေါင်းတို့အား၊ ယုံမှားသံသယကို၊ ဖျောက် တော်မူလျက်၊ တရားရေ အမြိုက်ဆေးကို၊ တိုက်ကျွေးတော် မူခဲ့ပါပေ၏၊ (မကောင်းမှုကို ပြုတော်မမူခဲ့ဟု) အာရုံပြုပါ။

(၅) ပစ္ဆိမယာမ်ဟု ဆိုအပ်သော၊ မိုးသောက် ယာမ်ကို၊

သုံးစုပြု၍၊ ပဌမ အဘိုအစုကို၊ ကိုယ်တော်၏ ပင်ပန်းနွမ်းနယ်သည်အဖြစ်မှ ကင်းလွတ်စေခြင်းအကျိုးငှါ၊ စင်္ကြန်ကြွသွားတော်မူခြင်းဖြင့်၊ လွန်စေတော်မူခဲ့ပါပေ၏၊ (မကောင်းမှုကို ပြုတော်မမူဟု၊ အာရုံပြုပွါးများပါ။)

(၆) ပစ္ဆိမယာမ်၊ ဒုတိယ အဘိုအစု၌၊ ဂန္ဓကုဋိတိုက်သို့ ဝင်တော်မူ၍ လက်ျာနံတောင်းဖြင့်၊ သားတို့သခင်နင်း၊ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့၊ ကိမ်းစက်တော်မူခဲ့ပါပေ၏၊ (မကောင်းမှုကို ပြုတော်မမူပါဟု) ဆင်ခြင်ပါ၊ အာရုံပြု၍ ပွါးများပါ။

(၇) ပစ္ဆိမယာမ် တတိယ အဘိုအစု၌၊ အိပ်ရာမှ စောစောစီးစီး ထတော်မူပြီး၍၊ ရှေးဘုရားတို့၏ အထုံတော်၌၊ ဒါန၊ သီလ စသည်တို့၏ အစွမ်းဖြင့် ပြုအပ်ပြီးသော၊ အဓိကာရ ရှိသော ပုဂ္ဂိုလ်တို့ကို ကြည့်ရှုတော်မူရန်အလို့ငှါ၊ ဗုဒ္ဓစက္ခု၊ ညာဏ်မျက်ရှုဖြင့်၊ သတ္တလောကကို၊ ကြည့်ရှုတော်မူခဲ့ပါပေ၏၊ (မကောင်းမှုကို ပြုတော်မမူပါဟု) ဆင်ခြင်၍ ပွါးများပါ။

(သံသုတ်အဋ္ဌကထာ)

(ပါရာဇိကဏ် အဋ္ဌကထာ အလို)

(၁) နေ့တိုင်း ပိုးသောက်ထနိုး၊ လင်းအားကြီး အခါ၌၊ ညှိမ်သောက်တော်၊ ချမ်းသာရောမှုန်ဝေသော၊ နံ့သာနံကို အာရုံပြု၍၊ ဖလားသပိတ်ကို ဝင်စေတော်မူခဲ့ပါပေ၏၊ မကောင်းမှုကို ပြုတော်မမူပါဟု ဆင်ခြင်ပွါးများပါ။

(၂) ဖလသမာပတ်မှ ထပြီး၍၊ နေ့စဉ်နေ့တိုင်း၊ မဟာကရုဏာ သမာပတ်ကို၊ ဝင်စားတော်မူခဲ့ပါပေ၏၊ မကောင်းမှုကို ပြုတော်မမူပါ ဟု၊ ဆင်ခြင်ပွါးများပါ။

(၃) မဟာကရုဏာ သမာပတ်မှ ထပြီး၍၊ တသောင်းသော စကြာဝဠာ၌၊ သစ္စာလေးပါး မြတ်တရားကို၊ သိထိုက်သော သတ္တဝါတို့ကို ကြည့်ရှုတော်မူခဲ့ပါပေ၏၊ မကောင်းမှုကို ပြုတော်မမူခဲ့ပါဟု၊ အာရုံပြုပါ ဆင်ခြင်ပွါးများပါ။

အ....ရဟံ ဂုဏ်တော်ပွါးပုံ။

(၁) အ....ရဟံ၊ မကောင်းမှုကိုပြုခြင်း၌၊ ဆိပ်ကွယ်ရာ အရပ် ရှိတော်မမူသော မြတ်စွာ ဘုရား ဟု၊ ရွတ်ဆိုသောအခါ၊ မကောင်းမှုကို ပြုတော်မမူဘဲ၊ ပုရေဘတ်အခါ၌၊ ပြုအပ်သော ဗုဒ္ဓကိစ္စကို၊ ပြုတော်မူသော မြတ်စွာ ဘုရားဟု၊ အာရုံပြု၍ ပွါးများပါ။

(၂) အ....ရဟံ၊ မကောင်းမှုကို ပြုခြင်း၌၊ ဆိပ်ကွယ်ရာအရပ် ရှိတော်မမူသောမြတ်စွာဘုရားဟု၊ ရွတ်ဆိုသောအခါ၊ မကောင်းမှုကိုပြုတော်မမူဘဲ၊ ပစ္ဆာဘတ်အခါ၌ ပြုအပ်သော၊ တရားဟောတော်မူခြင်းဟု ဆိုအပ်သော၊ ဗုဒ္ဓကိစ္စကို ပြုတော်မူသော မြတ်စွာဘုရားဟု အာရုံပြု၍ ပွါးများပါ။

(၃) အ....ရဟံ၊ မကောင်းမှုကို ပြုခြင်း၌၊ ဆိပ်ကွယ်ရာ အရပ် ရှိတော်မမူသော မြတ်စွာ ဘုရား ဟု၊ ရွတ် ဆို သော အခါ၊ မကောင်းမှုကို ပြုတော်မမူဘဲ၊ ပဌမယာမ်၌ ရဟန်းတို့အား၊ တရားရေ၊ အမြိုက်ဆေးကို၊ ကိုက်ကျွေးတော်မူသော၊ မြတ်စွာဘုရားဟု၊ အာရုံပြု၍ ပွါးများပါ။

(၄) အ....ရဟံ၊ မကောင်းမှုကို ပြုခြင်း၌၊ ဆိပ်ကွယ်ရာ အရပ် ရှိတော်မမူသော မြတ်စွာ ဘုရားဟု ရွတ်ဆို သောအခါ၊ မကောင်းမှုကို ပြုတော်မမူဘဲ၊ မဇ္ဈိမယာမ်ဟုဆိုအပ်သော၊ သန်းခေါင်ယာမ်၌၊ နတ်ပြဟ္မာ အပေါင်းတို့အား၊ နိဗ္ဗာန်တည်း ဟူသော၊ တရားရေဇ အမြိုက်ဆေးကို၊ တိုက်ကျွေး တော် မူသော မြတ်စွာဘုရားဟု အာရုံပြု၍ ပွါးများပါ။

(၅) အ....ရဟံ၊ မကောင်းမှုကိုပြုခြင်း၌၊ ဆိပ်ကွယ်ရာအရပ် ရှိတော်မမူသော မြတ်စွာဘုရားဟုရွတ်ဆိုသောအခါ၊ မကောင်းမှုကို ပြုတော်မမူဘဲ၊ ပစ္ဆိမယာမ် ပဌမ အဘို့အစု၌၊ အရဟတ္တဖိုလ်သမာပတ်ကို ခံစား၍ နေတော် မူသော မြတ်စွာဘုရား ဟု၊ အာရုံပြု၍ ပွါးများပါ။

(၆) အ....ရဟံ၊ မကောင်းမှုကိုပြုခြင်း၌၊ ဆိပ်ကွယ်ရာအရပ် ရှိတော်မမူသော မြတ်စွာ ဘုရားဟု၊ ရွတ်ဆို သောအခါ၊ ပစ္ဆိမယာမ်၊ ဒုတိယ အဘို့အစု၌၊ မကောင်း မှုကို ပြု တော် မ မူ ဘဲ၊ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့၊ လက်ျာနံတောင်းဖြင့်၊ လျောင်းစက်တော်မူသော၊ မြတ်စွာဘုရားဟု၊ အာရုံပြု၍ ပွါးများပါ။

(၇) အ....ရဟံ၊ မကောင်းမှုကို ပြုခြင်း၌၊ ဆိပ်ကွယ်ရာ အရပ် ရှိတော်မမူသော မြတ်စွာဘုရားဟု ရွတ်ဆိုသောအခါ၊ မကောင်းမှုကို ပြုတော်မမူဘဲ၊ ပစ္ဆိမယာမ် တတိယ အဘို့အစု၌၊ ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါတို့ကို၊ သမန္တ စက္ခု၊ ဉာဏ်မျက်ရှုဖြင့် ကြည့်ရှုတော်မူခြင်း၊ ဂုဏ်ဒြရင့်မရင့်ကို၊ ကြည့်ရှုတော်မူခြင်း ဟု ဆို အပ်သော၊ ဗုဒ္ဓ ကိ စ္စ ကိုသာ ပြုတော်မူသော မြတ်စွာဘုရားဟု၊ အာရုံပြု၍ ပွါးများပါ။

တတိယနည်း၊ အာ..ရဟံ ပွါးပုံပြီး၏။

ယခုပြဆိုခဲ့သော၊ အရဟံဂုဏ်တော် (၃) နည်းကို၊ တနည်းလျှင် ပုတီးတပတ်စီ စိတ်ပါ။ အကယ်၍၊ ပုတီးတပတ်စီ မတတ်နိုင်လျှင်၊ (၁၀၈) လုံးရှိသော၊ ပုတီးကို သုံးပုံဝေ၍၊ တနည်းလျှင် ပုတီး (၃၆) လုံးစီ ထား၍ ပွါးများပါ။

ပုတီးနှင့်ပွါးခြင်းသည်၊ မိမိအားထုတ်သော ဂုဏ်တော်မှာ၊ အဘယ်မျှလောက်ရှိပြီဟု၊ ကမ္မဋ္ဌာန်း အပြီးအဆုံးကို သိသာရန်ဖြစ်သည်၊ ပုတီး စိတ် သလို၊ နှုတ်ကရွတ်၍၊ စိတ် နေရန်မလိုပါ၊ သို့အတွက်၊ အသံကျယ်ကျယ် မရွတ်ဘဲ၊ စိတ်ထဲက တိုးတိုးသာသာရွတ်၍၊ ညာဏ်ဖြင့်သာ၊ အာရုံပြု၍ ပွါး များ ရမည်။

အထူးမှာ။ အရဟံ ပဌမ နည်း၌၊ ဆွမ်း၊ သင်္ကန်း ကျောင်း၊ ဆေးပစ္စည်း၊ လေးပါး အလှူခံ ပုံကို၊ အကျဉ်းချုပ် မှတ်၍ ပွါးရမည်။

ဒုတိယနည်းမှာ၊ ဝါစာအစိဒ္ဓေယျဂုဏ်၊ ရူပအစိန္တေယျ ဂုဏ်၊ ညာဏ အ စိ န္တေ ယျ ဂုဏ်၊ ဣဒ္ဓိ အစိန္တေယျဂုဏ်၊ သဒ္ဒ အစိန္တေယျဂုဏ်၊ မာရ်ရှိ မင်းရန် အောင်မြင်ပုံကို၊ အစဉ်အတိုင်း မှတ်၍ ပွါးများရပါသည်။

တတိယနည်း၊ အ....ရဟံမှာ၊ ပုရေဘတ္တကိစ္စ၊ ပစ္ဆာ ဘတ္တကိစ္စ၊ ပဌမယာမကိစ္စ၊ မဇ္ဈိမယာမကိစ္စ၊ ပစ္ဆိမယာမကိစ္စ ဟု ဆိုအပ်သော၊ ဗုဒ္ဓကိစ္စ ငါးပါးကို၊ အစဉ်အတိုင်း၊ အာရုံ ပြု၍ ပွါးများရပါသည်။

ဂုဏ်တော်ပွါးသောအခါ၊ တင်ပလ္လင်ခွေထိုင်လျက် ပွါးပါ၊ သို့မဟုတ်၊ စင်္ကြံရှောက်၍ ပွါးပါ။

ထိုင်၍ ပွါးခြင်းက၊ သမာဓိဖြစ်လွယ်ပါသည်၊ စင်္ကြံရှောက်၍ ပွါးခြင်းက သမာဓိဖြစ်ခဲ၍၊ ဖြစ်ပြီးသော သမာဓိ ပျက်ခဲပါသည်၊ မိမိကြိုက်သလို ပွါးများနိုင်ပါသည်။

အရဟံဂုဏ်တော် ပွါးရခြင်းအကျိုးကား။

(၁) ဘုရားရှင်၌ ရိုသေလေးမြတ်သောစိတ်များလာခြင်း။

(၂) ဦးချိုကျိုးသောနွား၊ အစွယ်ကျိုးသောမြွေကဲ့သို့၊ ဘုရားရှင်၌၊ နှိမ်ချ တုပ်ဝပ်မှုများလာခြင်း။

(၃) သဒ္ဓါတရား၊ သတိတရား၊ ပညာတရား၊ ပြန့်ပြောများပြားခြင်း။

(၄) ကောင်းမှုကုသိုလ် ပြန့်ပြောများပြားလာခြင်း။

(၅) အနည်းငယ် နှစ်သက်ခြင်း၊ ပါမောဇ္ဇ တရားဏပီတိ၊ လွန်စွာဝမ်းမြောက်ခြင်း၊ ဗလဝပီတိ ပေါများ ခြင်း။

(၆) ဘေးရန်အမျိုးမျိုးကို၊ သည်းခံနိုင်ခြင်း။

(၇) ဘုရားရှင်နှင့် အတူနေရသည်ဟု၊ အမှတ်သညာဖြစ်ခြင်း

(၈) အရဟံ ဂုဏ်တော် ပွါးများသော ပုဂ္ဂိုလ်၏ ခန္ဓာ ကိုယ်သည်၊ ဂန္ဓကုဋိတိုက်၊ စေတီအိမ်တို့နှင့် တူ၍၊ ပူဇော်ခံထိုက်ခြင်း။

(၉) ဘုရားအဖြစ်၌ စိတ်ညွတ်ခြင်း။

(၁၀) မကောင်းမှုကို ကြူးလွန်မည်ကြံလျှင်၊ ဘုရားရှင်ကို စိတ်၌ မြင်နေခြင်း။

(၁၁) ဥပစာရ သမာဓိ၌တည်၍၊ ဝိပဿနာအားထုတ်လျှင် မဂ် ဖိုလ်ကို ရနိုင်ခြင်း။

(၁၂) အပါယ်ဘေးမှ ကင်းလွတ်၍၊ သုဂတိဘဝသို့ လားရခြင်း၊ မဂ် ဖိုလ် ဥပနိဿ ဖြစ်ခြင်း ဟူ၍ ဆိုအပ်သော၊ အကျိုးထူးများကို ရပါသည်။

ဂုဏ်တော်အကျိုးကြီးပုံ သာဓကဝတ္ထု။

ဤကမ္ဘာမှ၊ ကမ္ဘာတသိန်းထက်၊ ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်၌၊ သုဘူတိက အမည်ရသော၊ မထေရ်သည်၊ ဘုရားရှင် ဂုဏ်တော်တို့ကို ကျိုးစားအားထုတ်၍၊ ပွါးများခဲ့သော ကုသိုလ်ကံကြောင့်၊ သေသည်၏ အခြား မဲ့၌၊ တာဝတိံသာ နတ်ပြည်ဝယ်၊ သိကြားမင်း ဖြစ်ခဲ့ရပေ၏။

သိကြားမင်း၊ စကြာမင်း စီးစိမ်ကို ရပုံ။

အသီတိကပ္ပတ္တံ ဒေဝိန္ဒော ဒေဝရဇ္ဇံ မကာသယိံ၊

သဟာသကပ္ပတ္တံ ရာဇာစ၊ စက္ကဝတ္တိ အ ဟော သ ဟံ။

သုဘူတိက မထေရ်သည်၊ ဘုရားဂုဏ်တော်ကို၊ ပွါးများခဲ့သော ကုသိုလ် ကောင်းမှုကြောင့်၊ ကြီးကျယ် မြင့်မြတ်သော၊ သိကြားမင်း စီးစိမ်ကို၊ အကြိမ်(၈၀) ခံစားရပါသည်

လူပြည်၌ ဖြစ်သောအခါ၊ ကျွန်းကြီးလေးကျွန်းလုံးကို၊ အစိုးရသော စကြဝတေးမင်း၏ စီးစိမ်ကို၊ အကြိမ်(၁၀၀၀)ခံစားရပါသည်။

မရေတွက်နိုင်သော မင်းစီးစိမ်ကိုရပုံ။

ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနတော အသင်္ချံ၊

အနုဘောမိ သုသမ္ပတ္တိံ၊ ဗုဒ္ဓါနုဿတိယာဖလံ။

ကုသိုလ်စေတနာတခုသည်၊ တဘဝ၌သာ အကျိုးပေးသော်လည်း၊ သုဘူတိက မထေရ်သည်၊ မရေတွက်နိုင်သော နေ့ လ တို့ ပတ်လုံး၊ ပွါးများ ခဲ့သော အရဟံ ဂုဏ်တော်၏၊ အာနိသင်ကြောင့်၊ မရေတွက်နိုင်သော ပဒေသရာဇ်မင်းတို့၏၊ စီးစိမ်ကို ရခဲ့ပါသည်။

ဂုဏ်တော်ကြောင့်၊ ပစ္စည်းဥစ္စာ ပေါများပုံ။

ဂုဏ်တော်ကို ပွါးများစဉ်အခါက၊ ဆွမ်းလှူပုံ၊ သင်္ကန်း လှူပုံ၊ ကျောင်း လှူပုံ၊ ပရိက္ခရာ အမျိုးမျိုး လှူပုံ တို့ကို၊ ပွါးများခဲ့ခြင်းကြောင့်၊ သုဘူတိက မထေရ်သည်၊ ဖြစ်ရာဘဝတိုင်း၌၊ ပစ္စည်းဥစ္စာ ရတနာတို့ဖြင့်၊ ကြွယ်ဝချမ်းသာ သေ၁ သူဋ္ဌေး၊ သူကြွယ် မျိုး၌သာ ဖြစ်ခဲ့ပါသည်။

ဘဝါဘဝေ သံသရန္တော၊ မဟာဘောဂံ လဘာမဟံ၊

ဘောဂေ မေ ဦနတာ နတ္ထိ၊ ဗုဒ္ဓါ နုဿတိယာ ဖလံ၊

ဂုဏ်တော်ကြောင့် အပါယ်လေးပါးမှ ကင်းလွတ်ပုံ။

သတသဟဿိတော ကပ္ပေ၊ ယံ ကမ္မ မကရိံ သဒါ၊
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓါ နုဿတိယာ ဖလံ၊

ဂုဏ်တော်ကိုပွါးခဲ့သော အာစိဏ္ဏကံကြောင့်၊ ကမ္ဘာတသိန်းပါတ်လုံး၊ အပါယ်သို့မလားဘဲ၊ လူပြည်၊ နတ်ပြည်၌သာ ဖြစ်ရပါသည်။

ဂုဏ်တော်ကြောင့် နိဗ္ဗာန်ရောက်ပုံ။

သုဘူတိက မထေရ်သည်၊ နေ့ညမပြတ် ပွါးများ ခဲ့သော၊ ဗုဒ္ဓါနုဿတိ ကုသိုလ်စေတနာသည်၊ အားကြီး သော၊ ပကတုပနိဿယ ၂ သတ္တိဖြင့်၊ ကျေးဇူးပြုပေးသည်ဖြစ်၍၊ ဂေါတမ ဘုရားရှင် လက်ထက် တော်၌၊ အဘိညာဉ် (၆) ပါး၊ သမာပတ်ရှစ်သွယ်၊ ပဋိသမ္ဘိဒါလေးတန်၊ အခြံအရံ ရှိသော၊ အရဟတ္တဖိုလ် အောင်ပန်းကို ဆွတ်မြန်းတော်မူခဲ့ရပါသည်။

ပဋိသမ္ဘိဒါ စတသော၊ ဝိမောက္ခာပိစ အဋ္ဌိမေ၊
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ဘုရားဂုဏ်တော် ပွါးခြင်းကြောင့်၊ နိဗ္ဗာန်ရောက်ပုံ။

ကောဓ မမွော၊ ဘိက္ခဝေ ဘာဝိတော၊ ဗဟုလီကတော၊ ဧကန္တ နိဗ္ဗိဒါယ၊ ဝိရာဂါယ၊ နိရောဓါယ၊ ဥပသမာယ၊အဘိညာယ၊သမ္ဗောဓါယ နိဗ္ဗာနာယ၊ သံဝတ္တတိ၊ ကတမော ဧကော ဓမ္မော၊ ဗုဒ္ဓါနုဿတိ၊ အယံ ခေါ ဘိက္ခဝေ (ပ)

နိဗ္ဗာနာဝဟ သံဝတ္တတိ။

(အင်္ဂုတ္တိုု ဧကနိပါတ် ပါဠိတော်။)

ချစ်သားရဟန်းတို့၊ ပွါးများအပ်၊ အဖန်တလဲလဲ အလေ့အလာပြုအပ်သော၊ ဤဗုဒ္ဓါနုဿတိ ဘုရားရှင်၏၊ ဂုဏ်တော်ကို၊ အဖန်တလဲလဲ အောက်မေ့ခြင်းတရားသည်၊ စင်စစ်အားဖြင့်၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှါ၊ တတ်မက်မှု ကင်းခြင်းငှါ၊ ရာဂစသည် ချုပ်ခြင်းငှါ၊ ကိလေသာတို့ ငြိမ်းအေးခြင်းငှါ၊ သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိခြင်းငှါ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ခဲ့၏ ဟု၊ မိန့်တော်မူခဲ့၏။

အထက်ပါ ဘုရားဟော၊ အင်္ဂုတ္တိုပါဠိတော်ကို၊ သက်ဝင်ယုံကြည်သောအားဖြင့်၊ အရဟံ ဂုဏ်တော်ကို၊ ကျိုးစားပွါးများသင့်ခဲ့ပေ၏။

မဟာကပ္ပိနမင်းကြီး ဂုဏ်တော်ကို အာရုံပြု၍ မြင်းစီးလျှက် မြစ်သုံး တန် ကူး ပုံ။

(ဓမ္မပဒ အဋ္ဌကထာ)

ဤဂေါတမဘုရားရှင် ပွင့်တော်မူရာအခါ၊ ကုက္ကုဋဝတီ နေပြည်တော်၌၊ မဟာကပ္ပိနမင်းကြီးသည်၊ အနောဇာဒေဝီကို အဂ္ဂမဟေသီ မိဘုရားကြီးအရာ ထား၍၊ ထီး နန်း စိုးအုပ် မင်းလုပ်၍ နေခဲ့ပေ၏၊ တနေ့သောအခါ မဟာကပ္ပိန

မင်းကြီးသည်၊ သုပတ္တမည်သော မြင်းတော်ကိုစီး၍၊ အမတ်တထောင် ခြံရံလျက်၊ ဉယျာဉ်တော်သို့ သွားခဲ့သည်ရှိသော်၊ ပင်ပန်းနွမ်းနယ်သော သဘောရှိသည်ဖြစ်၍၊ မြို့သို့ ဝင်လာကြကုန်သော၊ ကုန်သည်ငါးရာတို့ကို မြင်တော်မူရလေလျှင်၊ ဤကုန်သည်တို့သည်၊ ပင်ပန်းနွမ်းနယ်သော သဘောရှိကြပေကုန်၏ဧကံစင်စစ် ဤကုန်သည်တို့ ထံမှ၊ သတင်းကောင်း တခုကို ကြားရပေလိမ့်အံ့ ဟု၊ ကုန်သည်တို့ကိုခေါ်တော်မူ၍၊ အမောင်တို့၊ အဘယ်အရပ်မှ လာကြကုန်သနည်း ဟု၊ မေးတော်မူလေလျှင်၊ အရှင်မင်းမြတ်၊ ဤကုက္ကုဋဝတီမြို့တော်မှ၊ ယူဇနာတရာ့နှစ်ဆယ်ဝေးသော၊ သာဝတ္ထိမြို့တော်မှ လာခဲ့ကြပါကုန်၏ ဟု၊ လျှောက်ထားကြလေလျှင်၊ သင်တို့၏အရပ်၌ ဖြစ်ပေါ်လာသော၊ တစုံတခုသော၊ သတင်းထူးသည် ရှိပါသလော ဟု၊ မေးတော်မူလေသော်၊ အရှင်မင်းမြတ်၊ တခြား တစုံတခု တော့မရှိပါ၊ ဘုရားရှင် ပွင့်တော်မူပါပြီ ဟု၊ လျှောက်ထားလေလျှင်မဟာကပ္ပိန မင်းကြီးသည်၊ ထိုဘုရားဟူသော စကားကိုကြားရာခဏ၌သာလျှင်၊ ငါးမျိုးသော ပီတိတို့ဖြင့်၊ တကိုယ်လုံး တွေ့ထိသော ကိုယ်ရှိသည်ဖြစ်၍၊ တစုံတခုကို မှတ်ခြင်းငှါ မစွမ်းနိုင်ဘဲ၊ တမုဟုတ်မျှ လွန်စေပြီးလျှင်၊ အမောင်တို့၊ ဘယ်စကားကိုပြောဆိုကြ ကုန်သနည်းဟု၊ ထပ်၍ မေး မြန်း ခဲ့လေ၏၊

အရှင်မင်းမြတ်၊ ဘုရားရှင်ပွင့်တော်မူပါပြီဟု၊ လျှောက်ထားကြကုန်၏၊ မဟာကပ္ပိနမင်းကြီးသည်၊ နှစ်ကြိမ်၊ သုံးကြိမ်လွန်စေပြီး၍၊ လေးကြိမ်မြောက်၌၊ ဗုဒ္ဓေါဒေဝ သမုပ္ပန္နော ဟုလျှောက်ထားလေလျှင်၊ အမောင်တို့ ဘုရားရှင်ကိုပူဇော်သော

အားဖြင့်၊ သင့်တို့အား အသပြာငွေတသိန်း ပေးပါအံ့ဟု၊ ပြောဆိုပြီးလျှင်၊ တပါးသော သတင်းထူးများ ရှိပါသေးသလားဟု၊ မေးတော်မူသော်၊ ဓမ္မော ဒေဝသမုပ္ပန္နော၊ အရှင်မင်းမြတ် တရားတော်ဖြစ်ပေါ်လာပါပြီဟု၊ လျှောက်ထားရာ၊ ဤဓမ္မော ဟူသောစကားကို ကြားရ၍လည်း၊ သင်တို့အား၊ အသပြာ ငွေတသိန်း ပေးပါအံ့ဟု၊ မိန့်တော်မူ၍၊ တပါးသော သတင်းထူးများ ရှိပါ သေးသလောဟု၊ မိန့်တော်မူပြန်၏၊ သံဃော ဒေဝ သမုပ္ပန္နော၊ အရှင်မင်းမြတ် သံဃာတော် ရတနာ သည်၊ ဖြစ်ပေါ်လာပါပြီဟု လျှောက်ထားရာ၊ ဤသံဃာတော် ဟူသော စကားကို ကြားရ၍လည်း၊ သင်တို့အား အသပြာငွေ တသိန်းပေးပါအံ့ဟု၊ မိန့်တော်မူ၍၊ အမတ်တထောင်ကို ကြည့်ရှုပြီး လျှင်၊ အမောင် တို့ အသို့ ပြုကြကုန်လတံ့နည်း ဟု၊ မေးတော် မူလျှင်၊ အမတ် တို့က အရှင်မြတ်တို့သည်၊ အဘယ်သို့ ပြုကြပါကုန် အံ့နည်းဟု၊ ပြန်၍ လျှောက်ထား လေသော်၊ အမောင်တို့၊ ဘုရားရှင်ပွင့်တော်မူပါပြီ၊ တရားတော် ဖြစ်ပေါ် လာပါပြီ၊ သံဃာတော် ဖြစ်ပေါ်လာပါပြီ ဟု၊ ကြားရသည့်အတွက်၊ နောက်သို့တဖန်၊ မပြန်လိုတော့ပါ၊ ဘုရားရှင်ကို ရည်မှန်း၍၊ ဘုရားရှင်အထံ၌၊ ရဟန်းပြုရပေတော့အံ့ဟု၊ မိန့်တော်မူလေသော်၊ အမတ်တို့ကလည်း၊ အကျွန်ုပ်တို့သည် လည်း၊ အရှင်မင်းကြီးနှင့် အတူတကွ၊ ရဟန်း ပြုကြပါကုန်အံ့ ဟု၊ လျှောက်ထားကြကုန်၏။

မဟာကပ္ပိန မင်းကြီးသည်၊ ရွှေပြား၌ အက္ခရာထိုးကို

ရေးစေပြီးလျှင်၊ ကုန်သည်တို့ကို မိန့်တော်မူခဲ့၏၊ အမောင်တို့ အနော်ရထာမိဘုရားသည်၊ သင်တို့အား၊ အသပြာငွေ သုံးသိန်း ကို ပေးပါလိမ့်လတံ့၊ မင်းကြီးသည်၊ သင် မိဘုရားကြီးအား၊ အလုံးစုံသော စီးစိမ်ဥစ္စာတို့ကို စွန့်လွှတ်လိုက်ပါပြီ၊ ချမ်းသာ စွာ စီးစိမ်ကို၊ ခံစားပါလော့ ဟု၊ မိဘုရားကြီးကို လျှောက်ပါ လော့၊ သင်တို့မင်းကြီး အဘယ်မှာနည်း ဟု မေးလျှင်၊ ဘုရား ရှင်ကို ရည်မှန်း၍၊ ရဟန်းပြုရပေတော့မည်ဟု၊ သွားခဲ့ပါ၏ဟု လျှောက်ထားကြပါကုန်လော့ ဟု၊ မိန့်တော်မူခဲ့လေ၏။

အမတ်တို့သည်လည်း၊ မိမိ မယားတို့အား၊ မင်းကြီး အတူသွားလျှင်၊ သတင်းစကားကို ပို့စေကြကုန်၏။

မဟာကပ္ပိန မင်းကြီးသည်၊ ကုန်သည်တို့ကို လွှတ် လိုက်၍၊ မြင်းကိုစီးပြီးလျှင်၊ အမတ်တထောင်ခြံရံလျက်၊ ထို ခဏ၌သွားလျှင်၊ ဘုရားရှင်ထံသို့ ထွက်သွားခဲ့လေ၏။

သဗ္ဗညုဘုရားရှင်သည်၊ ထိုနေ့၌ သတ္တလောကကို ကြည့်ရှုတော်မူလေလျှင်၊ မဟာကပ္ပိန မင်းကြီးသည်၊ အမတ် တထောင်ခြံရံလျက်၊ ငါဘုရားကို ရည်မှန်း၍၊ ရဟန်းပြုရန် ထွက်လာခဲ့ပေ၏၊ ပဋိသန္ဓိဒါလေးတန် အခြံအရံနှင့်တကွ၊ အ ရဟတ္တဖိုလ်သို့ ရောက်ပေလိမ့်သတံ့၊ ခရီးဦး ကြိုခြင်းကို၊ ပြုရ ပေတော့အံ့ဟု၊ တဖန်မိုးသောက်၊ နှစ်ရက်မြောက်သောနေ့၌၊ လေးကျွန်းသေဌ်နင်း၊ စကြာမင်းကြီးသည်၊ ရွာစားငယ် (သူ ကြီးငယ်) ကို ခရီးဦး ကြိုဘိသကဲ့သို့၊ ကိုယ်တော်တိုင်၊ သပိတ်

သက်နိုးကို ယူတော်မူ၍၊ ယူဇနာ တရာ့နှစ်ဆယ်ရှိသော၊ ခရီးကို ကြွသွားတော်မူပြီးလျှင်၊ စန္ဒဘာဂမြစ်ကမ်း ပညောင်ပင်အောက်၌ ခြောက်မျိုးသော အဆင်းရှိသော၊ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူလျက်၊ ထိုင်နေတော်မူခဲ့၏။

မဟာကပ္ပိနမင်းကြီးသည်၊ ဘုရားရှင်ထံသို့ လာခဲ့သည်ရှိသော်၊ တဂါဝုတ်နက်သည်ဖြစ်၍၊ နှစ်ဂါဝုတ်ကျယ်သော အပရစ္ဆာမြစ်သို့ ရောက်လေလျှင်၊ ဤမြစ်၌၊ လှေ ဘောင်တို့သည် မရှိပါဟု လျှောက်တားလေသော်၊ လှေ ဘောင်တို့ကို ရှာဖွေကြည့်ရှုကြကုန်စဉ်၊ ငါတို့ကို ဇာတိတရားသည်၊ အိုခြင်းသို့ ဆောင်ယူနေခဲ့ပေ၏၊ ဇရာတရားသည်၊ သေခြင်းသို့ဆောင်ယူနေခဲ့ပေ၏၊ ငါသည်၊ ယုံမှားကင်းစွာ၊ ရတနာသုံးပါးတို့ကို ရည်မှန်း၍၊ ရဟန်းပြုရန် ထွက်လာခဲ့ပေ၏၊ ထိုရတနာသုံးပါး၏ တန်ခိုးရှိန်ဇော် အာနုဘော်ကြောင့်၊ ငါ့အား ဤမြစ်ရေသည် ရေကဲ့သို့ မဖြစ်ပါစေသားဟု ဒိဋ္ဌာန်ပြီးလျှင်၊ ရတနာသုံးပါး၏ ဂုဏ်တော်တို့ကို ဆင်ခြင်ပြီး၍၊ (ဣတိပိ သောဘဂဝါ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ) ဟု၊ ဘုရားရှင်၏ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့လျက်၊ မဟာကပ္ပိန မင်းကြီးသည်၊ အခြံအရံနှင့်တကွ၊ သိန္ဓောမြင်း တထောင်ဖြင့်၊ မြစ်ရေအပြင်သို့ ပြေးဝင်ခဲ့လေ၏၊ သိန္ဓောမြင်းတို့သည်၊ ကျောက်ဖျာအပြင်ကဲ့သို့၊ ပြေးသွားကြကုန်၏၊ မြင်းခွါတို့၏ အဖျားတို့သည်၊ ရေမစိုစွတ်ကြလေကုန်ပြီ။

ဘုရားရှင်၏ ဂုဏ်တော်တို့၏၊ တန်ခိုးရှိန်ဝော်၊ အာနုဘော်ဖြင့်၊ အပရဂေါယာမြစ်ကို ကူးသွားပြီးလျှင်၊ ရှေ့သို့ဆက်၍ သွားကြပြန်ရာ၊ အနက် ယူဇနာ ၁ခွဲ၊ အကျယ် ယူဇနာခွဲရှိသော၊ နီလဝါဟိနီမြစ်ကို တွေ့မြင်ရ၍၊ (သွာက္ခာတော၊ ဘဂဝတာ ဓမ္မော) ဟု၊ တရားတော်၏ ဂုဏ်တော်၊ ကျေးဇူးတော် တို့ကို၊ အဖန်ဖန် နှစ်လုံးသွင်းလျှက်၊ ကူးကြပြန်ရာ၊ နီလဝါဟိနီ မြစ်ရေကို၊ ကျောက်ဖျာအပြင်ကဲ့သို့ ပြေးသွားကြရကုန်၏။

ရှေ့သို့ကျော်လွန် သွားခဲ့ပြန်သော်၊ အနက် တယူဇနာ အကျယ် တယူဇနာရှိသော၊ စန္ဒဘာဂ မြစ်သို့ ရောက်ကြလေသော်၊ မဟာကပ္ပိနမင်းကြီးသည်၊ (သုပ္ပဋိပန္နော၊ ဘဂဝတော၊ သာဝကသံဃော) ဟု၊ သံဃာတော်၏ ဂုဏ်တော်ကို အဖန်ဖန် အာရုံပြု၍ မြစ်ရေအပြင်သို့၊ ပြေးဝင်ခဲ့လေ၏။

ဤကဲ့သို့ ရတနာသုံးပါး၏၊ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အာရုံပြုလျှက်၊ မဟာကပ္ပိန မင်းကြီး သည်၊ အမတ် တထောင်နှင့်တကွ၊ မြစ်သုံးတန်ကို ကူးမြောက်ပြီး သော အခါ၊ စန္ဒဘာဂ မြစ်ကမ်းအနီး ပညောင်ပင် ကြီး အောက်၌၊ ခြောက်မျိုးသော အဆင်းရှိသော၊ ခြောက်သွယ်သော ရောင်ခြည်တော်ဖြင့်၊ တင့်တယ်စွာ စံနေတော် မူသော၊ ဘုရားရှင်ထံ ချဉ်း ကပ်၍၊ တရားနာယူလေလျှင်၊ အမတ် တထောင်နှင့် တကွ၊ သောတပန်ဖြစ်၍၊ ပေါဘိက္ခုရဟန်းအဖြစ်ကို ရကြပေကုန်၏။

အနေ့ာဇာဒေဝီ မိဘုရားကြီး ရတနာသုံးပါးဂုဏ်တော်ဖြင့်၊ ရထားစီးလျက် မြစ်ကိုကူးနိုင်ပုံ။

ကုန်သည်တို့သည်၊ မဟာကပ္ပိနမင်းကြီးရေးပေးလိုက်သော ရွှေပေလွှာကိုယူ၍၊ အနေ့ာဇာဒေဝီ ထံသို့ သွားပြီးလျှင်၊ အသပြာငွေသုံးသိန်းပေးရန် တောင်းကြလေလျှင်၊ မိဘုရားကြီးက၊ အမောင်တို့၊ ငွေသုံးသိန်းများလှပေ၏၊ ဘယ်လိုအကြောင်းကြောင့်၊ ဤဆုတော်ငွေ သုံးသိန်းကို သင်တို့အား ပေးစေပါသနည်း ဟု၊ မိဘုရားကြီးကမေးလေလျှင်၊ အရှင်မိဘုရား၊ သတင်းထူး၊ သတင်းဆန်းကို လျှောက်ထားသည့်အတွက်ပေးပါသည်ဟု လျှောက်ထားကြလေလျှင်၊ အမောင်တို့၊ ငါ့အားလည်း၊ ထိုသတင်းထူး၊ သတင်းဆန်းများကို လျှောက်ထားကြပါဟု မိန့်လေလျှင်၊ အရှင်မိဘုရားကြီး၊ (ဗုဒ္ဓေါ လောကေ သမုပ္ပန္နော) သတ္တာလောကဌ်၊ ဘုရားရှင် ပွင့်တော်မူလာပါပြီဟု၊ လျှောက်ထားလေသော်၊ အနေ့ာဇာမိဘုရားကြီးသည်၊ ဘုရား ဟူသော အသံကြားရသည်နှင့် တပြိုင်နက်၊ ငါးမျိုး သော ပီတိတို့ဖြင့် တွေ့ထိသော ကိုယ်ရှိသည်ဖြစ်၍၊ အမောင်တို့၊ ဤဗုဒ္ဓေါ ဟူသောပုဒ် (ဘုရားရှင်) ဟူသော၊ စကားကို ကြားရ၍၊ မင်းကြီးသည်၊ အမောင်တို့အား၊ အဘယ်မျှသောငွေတို့ဖြင့်၊ ပူဇော်ပါသနည်းဟုမေးတော်မူ၍၊ ငွေတသိန်းပူဇော်ပါသည်ဟု လျှောက်ထားလေသော်၊ အမောင်တို့၊ ဤကဲ့သို့ (ဘုရား) ဟူသော၊ သတင်းထူးကိုကြားရ၍၊ မင်းကြီးက ငွေတသိန်းသာပေးခြင်းသည် မသင့်လျော်ပေ၊ ငါသည်၊ ဗုဒ္ဓေါ၊ ဘုရား ဟု ကြား သိရ၍၊ သုံးသိန်းသောငွေတို့ကို ပေးပါအံ့ဟု၊ မိဘုရားကြီးက မိန့်ဆိုခဲ့လေ၏၊ ထိုအတူ၊ ဓမ္မော လောကေ သမုပ္ပန္နော၊ သံဃော

လောကေ သမုပ္ပန္နော ဟူသော၊ စကားကို လျှောက်ထား ရာ၌
လည်း၊ သုံးသိန်းစီ ပူဇော်ခဲ့လေ၏၊ အနောဇာဒေဝီ မိဘုရား
ကြီးသည်၊ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို ကြား
ရာ၌၊ ငွေ ကိုးသိန်းဖြင့် ပူဇော်ပြီးလျှင်၊ အမတ်တထောင် တို့၏
မယားတို့ကို ခေါ်၍၊ အို ရှင်မတို့၊ မင်းကြီးသည်၊ ဘုရား ပွင့်
တော်မူပါပြီ၊ တရားတော် ဖြစ်ပေါ် လာပါပြီ၊ သံဃာတော်
ဖြစ်ပေါ် လာပါပြီ ဟူသော၊ သတင်း စကား ကို ကြား
ရ၍၊ လမ်းခရီး၌ ရပ်တည်လျှက်သာလျှင်၊ အသပြာ ငွေ သုံး
သိန်းတို့ဖြင့်၊ ပူဇော်၍၊ မင်း၏စီးစိမ်ကို၊ တံတွေးပေါက် ကဲ့သို့
စွန့်ပြစ် ပြီးလျှင်၊ ရဟန်းပြုရပေတော့အံ့ဟု၊ အမတ်တထောင်
နှင့်တကွ ထွက်သွားခဲ့ပါပြီ၊ ဤမင်း စီးစိမ်သည်၊ မင်းကြီးအား
သာလျှင် ဒုက္ခ ဖြစ်သည်မဟုတ်ပါ၊ ငါ့အား လည်း ဒုက္ခ သာ
ဖြစ်ခဲ့ပေ၏၊ ငါသည်လည်း၊ ဘုရားရှင်ကို ရည်မှန်း၍၊ ရဟန်း
ပြုရပေတော့အံ့ဟု၊ ပြောဆိုလေလျှင်၊ အမတ်မယား တို့သည်
လည်း၊ ကျွန်ုပ်တို့သည်လည်း ရဟန်းပြုကြပါကုန်အံ့ဟု၊ ဝန်ခံ
ကြပြီးလျှင်၊ ရထားတထောင်ကို ကစေပြီး၊ အမတ်မယား တ
ထောင်နှင့်တကွ၊ ထွက်သွားခဲ့လေ၏။

အနောဇာဒေဝီသည်၊ လမ်းခရီး အကြား၌၊ အပရစ္ဆာ
မြစ်ကို မြင်ရ၍၊ ငါသည်လည်း ရတနာ သုံးပါး ဂုဏ်ကို ရည်
မှန်း၍၊ ရဟန်းပြုရန် ထွက်လာခဲ့ပေ၏၊ ထိုရတနာ သုံး ပါး ၏၊
တန်ခိုးရှိန်ဇော်၊ အာနုဘော်ကြောင့်၊ ဤမြစ်ရေသည်၊ ရေကဲ့
သို့ မဖြစ်ပါစေဟု၊ မိဋ္ဌာန်၍၊ ရတနာ သုံးပါး ဂုဏ်တော် ကို၊

အဖန်ဖန် ပွါးများပြီးလျှင်၊ ရထားတထောင်ကို မောင်းနှင်ခဲ့လေ၏၊ မြစ်ရေသည် ကျောက်ဖျာအပြင်နှင့်တူစွာ ဖြစ်ပေါ်လာခဲ့၏၊ ရထားဘီးစက်တို့၏အဖျားတို့သည်၊ ရေမစိုစွတ်ကြကုန်၊ ဤနည်းအတိုင်း၊ မြစ်သုံးတန်ကို ကူးသွားကြ၍၊ ဘုရားရှင်ထံသို့ ရောက်လေလျှင်၊ တရားတော်ကိုနာယူ၍၊ အမတ်မယား တထောင်နှင့်တကွ၊ အနော်ဇာဒေဝီသည်၊ သောတာပတ္တိဖိုလ်သို့ ရောက်ခဲ့လေ၏၊ အနော်ဇာဒေဝီကို ဟောပြောသော တရားတော်ကို ကြားနာရ၍၊ မဟာကပ္ပိနမင်းကြီးသည် အမတ် တထောင်နှင့်တကွ၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်ခဲ့လေ၏။

အနော်ဇာဒေဝီ အမှူးရှိသော၊ မိန်းမတထောင်တို့သည်၊ ဘိက္ခုနီမကျောင်း၌၊ ရဟန်းပြု၍၊ အရဟတ္တဖိုလ်သို့ ရောက်ကြပေကုန်၏။

အထက်ပါ သာဓကများကို ထောက်ထား၍၊ ပစ္စုပ္ပန်၊ သံသရာ၊ နှစ်ပြာသောအကျိုး၊ နိဗ္ဗာန်တိုင်အောင်သောအကျိုးကို ကော်ပေးနိုင်သော၊ (အရဟံ) ဂုဏ်တော်ကို သူတော်ကောင်းများသည်၊ နေ့ညမပြတ် ပွါးများကြရန်၊ တိုက်တွန်းလိုက်ရပေကြောင်း။

အနာထပိဏ်သူဌေးကြီးသည်၊ ဘုရားရှင်ကို၊ ရှေးဦးစွာ ဖူးမြင်ဘို့ရန် သွားသောအခါ၊ ဂုဏ်တော်ကို အာရုံပြု၍၊ ညသန်းခေါင်ကျော်အချိန် သွားရာတွင်၊ ကိုယ်ရောင်-ကိုယ်ဝါ ထွန်းလင်းလာကြောင်း ပြဆိုသော၊ သာဓကများကို၊ သတိ

ရှေ့ရှု အာရုံပြု၍၊ ထက်သန်သော စိတ်ဖြင့်၊ ပွါးများ အား ထုတ်ကြပါ။

ယခုပြဆိုခဲ့သည့်အတိုင်း၊ ဂုဏ်တော်ကို မိမိတတ်နိုင်သမျှ၊ နာရီဝက်ဖြစ်စေ၊ တနာရီဖြစ်စေ၊ မနက်တခါ၊ ညတခါ၊ ရက်မပျက်စေဘဲ၊ အမြဲပွါးကြပါ။

ဂုဏ်တော်ကို ပွါးများပြီးသောအခါ၊ နေရာမှ ထမသွားသေးဘဲ၊ ဒိဋ္ဌဓမ္မ အန္တရာယ်ကင်းခြင်း။ အနာရောဂါကင်းခြင်း၊ အကျိုးပေးနိုင်သော ဘုရား ရှိခိုး ခြင်း ကုသိုလ်ကို၊ အောက်ပါအတိုင်း၊ ဆက်လက်၍၊ အားထုတ်ပါ။

(၁) အရဟန္တံ၊ ဗြဟ္မာနတ်လူ၊ သုံးဘုံလူတို့၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ မြတ်စွာဘုရားကို၊ အဟံ၊ တပည့်တော်သည်၊ အာဒရံ၊ ရိုသေလေးမြတ်စွာ၊ ဝန္ဒေ၊ ဝန္ဒာမိ၊ ရှိခိုးပါ၏ ဘုရားဟု၊ ရွတ်ဆိုလျက်၊ အောက်က ပြဆိုခဲ့သည့် အတိုင်း၊ နတ်ဗြဟ္မာမင်းတို့ကပူဇော်နေပုံကို၊ အာရုံပြု၍၊ ရှိခိုးပါ။

(၂) အရ....ဟန္တံ၊ တထောင်ငါးရာ၊ ကိလေသာကို၊ အရဟတ္တမဂ်ဖြင့် သတ်ဖြတ်တော်မူနိုင်သော မြတ် စွာ ဘု ရား ကို၊ အဟံ၊ တပည့်တော်သည်၊ ဝန္ဒေ၊ ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရားဟု ရွတ်ဆိုလျှင်၊ ဝါစာအစိန္တေယျ ဂုဏ်တော်ကို၊ အာရုံပြု၍၊ ရှိခိုးပါ။

(၃) အ....ရဟန္တံ၊ မကောင်းမှုကို ပြုခြင်း၌၊ ဆိပ်ကွယ်ရာ အရပ်၊ ရှိတော်မမူသော မြတ် စွာ ဘု ရား ကို၊ အဟံ၊ တ ပည့် တော်သည်၊ အာဒရံ၊ ရိုသေစွာ၊ ဝန္ဒေ၊ ဝန္ဒာမိ၊ ရှိခိုးပါ၏ ဘုရား ဟု၊ ရွတ်ဆိုလျက်၊ အောက်ကပြခဲ့ဆိုသည့် အတိုင်း၊ ပုရေဘတ္တအခါ၌၊ ဗုဒ္ဓကိစ္စပြုပုံကို အာရုံပြု၍ ရှိခိုးပါ။

ဤသို့၊ အရဟန္တ တကြိမ်၊ အရ.... ဟန္တ၊ တကြိမ်၊ အ....ရဟန္တ၊ တကြိမ်စီ လှည့်၍ ရှိခိုးပါ၊ ဂုဏ်တော်ပွါးသော အခါ၌၊ ပြဆိုခဲ့သည့်အတိုင်း၊ အစဉ် အလိုက် ဂုဏ်တော်တို့ကို အာရုံပြု၍၊ အရဟန္တ ပေါင်း (၉) ကြိမ်၊ အရ....ဟန္တံ ပေါင်း (၉) ကြိမ်၊ အ....ရဟန္တံ ပေါင်း (၉) ကြိမ် စီသောက်ရအောင်၊ ရှိခိုးပါ။ သည့်ထက် တိုး တက်၍၊ အကြိမ်များစွာ ရှိခိုးပါက၊ သာ၍ပင်အကျိုးများပါလိမ့်မည်။

နောက်ဆုံးရှိခိုးပြီးသောအခါ အောက်ပါအတိုင်း၊ ဗောဓိဉာဏ်ကို ရည်သန်၍၊ ဆုတောင်းပါ။

(၁) ဣဒံမေပုညံ အာသဝက္ခယံ ဝဟံဟောတု။

(၂) ဣဒံမေပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

(၃) ဣဒံမေပုညံ သာဝက ဗောဓိဉာဏဿ ပစ္စယော ဟောတု။

(၄) ဣဒံမေပုညံ ပစ္စေက ဗောဓိ ဉာဏဿ ပစ္စယော ဟောတု။

(၅) ဣဒံမေ ပုညံ သဗ္ဗညုတဉာဏဿပစ္စယော ဟောတု

မိမိကြိုက်နှစ်သက်ရာ ဗောဓိဆုကို တောင်းပါ။

ယခုပြဆို အပ်ခဲ့ပြီးသည့်အတိုင်း၊ ဂုဏ်တော်ကို အာရုံပြု၍ ရှိခိုးသော ပုဂ္ဂိုလ်အား၊ ၎င်းရှိခိုးသော နေ့မှ စ၍၊

အနန္တရာယ်ကင်းခြင်း၊ ရောဂါဝေဒနာကင်းခြင်းစသော၊ ဒိဋ္ဌဓမ္မ အကျိုးပေးနိုင်ကြောင်းကို....

သာဝ ဝန္ဒနေယျ ဝန္ဒကာနံ ခေတ္တဗျာသာယ သမ္ပဒါဟိ ဒိဋ္ဌဓမ္မ ဝေဒနီယဘူတာ ဟူသော၊ ပါဠိဖြင့်၊ မိမိ ရှိခိုးသော ဘုရားရှင်သည်၊ အရဟံ စသော ဂုဏ်တော်တို့နှင့်၊ ပြည့်စုံခြင်း၊ ရှိခိုးသောသူသည်၊ ဘုရားရှင်ဂုဏ်တော်တို့၌၊ အလွန်အကဲ၊ သက်ဝင်ကြည်ညိုသော၊ ကုသလစေတနာ ရှိခြင်း၊ ဤ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသောကြောင့်၊ ချက်ခြင်း ဒိဋ္ဌဓမ္မ ရန်သူမျိုးငါးပါးစသော အန္တရာယ်ကင်းခြင်း၊ အနာရောဂါကင်း ခြင်းအကျိုးကို၊ ယခုဘဝ၌ ပေးပါသည်။

သို့အတွက်၊ ဂုဏ်တော်ကို အားထုတ်ပြီးသောအခါ ယခုနည်းပေးသောအတိုင်း၊ မပျက်မကွက်၊ ဂုဏ်တော်ကို၊ အ ထူးအားရုံပြု၍၊ ဘုရားရှိခိုးပါ။

အရဟံဂုဏ်တော် ပွါးနည်းအကျဉ်းပြီး၏။

☆ ☆ ☆

မေတ္တာဘာဝနာ၊

နမော ဗုဒ္ဓါယ သိဒ္ဓံ၊

မေတ္တာဘာဝန ဒေသေန္တော၊ ဗုဒ္ဓစန္ဒော ပဘင်္ကရော၊
မေတ္တမ္ဗုနာ ဇနံသိဉ္စံ၊ သိဉ္စေယျာတု ဒယာမယံ॥

မေတ္တာဘာဝနံ၊ သတ္တဝါတို့၏ ကောင်းကျိုးလိုလား မေတ္တာဘာဝနာတရားကို၊ ဒေသေန္တော၊ ဟောပြောတော်မူပေတတ်သော၊ မေတ္တမ္ဗုနာ၊ မြကြည်လင် မေတ္တာတည်းဟူသောရေစင်ဖြင့်၊ ဇနံ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းကို၊ သိဉ္စံ သိဉ္စန္တော၊ သွန်းလောင်းတော်မူပေတတ်သော၊ ပဘင်္ကရော၊ နီလ၊ ပီတ စသည်များစွာ၊ ရောင်အဝါကို၊ ကောင်းစွာပြုတော်မူပေတတ်သော၊ ဗုဒ္ဓစန္ဒော၊ ဘုရားတည်းဟူသော လမင်းသည်၊ (ဝါ) လမင်းတည်းဟူသော ဘုရားရှင်သည်၊ မယှံ၊ ရုပ်ဓါတ်၊ နာမ်ဓါတ်၊ ပရမတ်ကို၊ ကိုယ်ဟုသမုတ်၊ အကျွန်ုပ်၏၊ သီသေ၊ ကိုယ်အင်္ဂါတွင်၊ မြတ်ရာထားတင်၊ ဦးထိပ်ပြင်၌၊ ဒယာ၊ ဒယာယ၊ ကရုဏာပွါး၊ သနား

တော်မူသောအားဖြင့်၊ ဌာတု၊ တန့်ရပ်မသွေ၊ တည်နေတော်မူပါစေသတည်း။

မေတ္တာ ဘာဝနာ ပွါးများ ရာ၌၊ ပါဠိ ဘာသာ (မာဂဓ ဘာသာ) ဖြင့်၊ ပွါး ကြ သောအခါ၊ ပွါးများအပ်သော၊ သြဓိသပုဂ္ဂိုလ်၊ အနောဓိသ ပုဂ္ဂိုလ်တို့၌၊ စိတ်မညွတ်နိုင်ခြင်းကြောင့်၊ မေတ္တာ၏ အကျိုးအာနိသင်ကို၊ မခံစားရဘဲ ဝစီကံ ကုသိုလ်မျှသာဖြစ်ကြပါသည်။

သက ဘာသာဖြစ်သော၊ မြန်မာစကား၊ မြန်မာ ဘာသာတို့ဖြင့်၊ ပွါးများကြပါက၊ ဘာဝေတဗ္ဗ ပုဂ္ဂိုလ်တို့၌၊ မေတ္တာစိတ် ပြန့်နှံ့ခြင်းကြောင့်၊ ထိုက်သည့်အားလျော်စွာ၊ အကျိုးအာနိသင်ကို ကေန်ခံစားကြရပါသည်။

အထူးသတိပြုရန်မှာ။ သောကဟု ဆိုအပ်သော၊ စိုးရိမ်ကြောင့်ကြခြင်းသည်၊ ကရုဏာ အတုအယောင် ဖြစ်သလို၊ ကရုဏာခေါင် ဆောင်သလို၊ ဤမေတ္တာပွါးရာ၌၊ တဏှာ သည်၊ မေတ္တာတု၊ မေတ္တာရောင် ဆောင်တတ်သောကြောင့်၊ တဏှာနှင့် မေတ္တာ၊ ကွဲပြားအောင် သတိပြုရာ၏။

ဝိသုဒ္ဓိမဂ်၌၊ မေတ္တာမပွါးကောင်းသော ပုဂ္ဂိုလ်တို့တွင်၊ ယောကျ်ားက မိန်းမ ကို၊ သြဓိသမေတ္တာ မပွါးအပ်၊

မိန်းမက ယောကျ်ားကို၊ ညြမိသဿမေတ္တာ မပွါးအပ်ကြောင်းကို ပြခဲ့ပေ၏။

ပွါးများအပ်သော ပုဂ္ဂိုလ်တို့၏ ရူပါရုံစသည် တို့၌၊ ကပ်ညိ တွယ်တာခြင်းမရှိဘဲ၊ ကျန်းမါစေ၊ ချမ်းသာပါစေ၊ စသော၊ ဟိတကာမတာ စင်စစ် အကျိုးစီးပွါးကို လိုလားတောင့်တသော၊ စိတ်သည်သာလျှင်၊ မေတ္တာနှင့်ယှဉ်သောစိတ် မည်ခဲ့ပေ၏၊ မေတ္တာစစ်၊ မေတ္တာမှန် မည်ခဲ့ပေ၏။

ဒေါသ သည်၊ မေတ္တာ၏ ဆန့်ကျင်ဘက်ဖြစ်သော်လည်း၊ မေတ္တာ၏ ဝေးသော ရန်သူ မည်ခဲ့၏၊ တဏှာ သည်၊ မေတ္တာ၏ အနီးကပ်ဆုံး (အတွင်း) ရန်သူမည်ခဲ့၏၊ ထိုကြောင့် အနည်းကပ်ဆုံး ရန်သူဖြစ်သော တဏှာကို၊ ပယ်လှန်တားမြစ်၍ ကောန်စင်စစ် အကျိုး စီး ပွါး ကို လိုလား သော၊ မေတ္တာစစ်၊ မေတ္တာမှန်ဖြင့်၊ နေ့ရောညပါ အခါမလပ်၊ အထပ်ထပ် ပွါးများကြပါက၊ မေတ္တာ၏ အကျိုးကို ကောန်ခံစား ရလိမ့်မည်ဟု၊ ယုံကြည်သောစိတ်ဓါတ်ဖြင့်၊ ပွါးများနိုင်ကြပါစေ ကုန်သတည်း

မေတ္တာလေးပါး။

(၁) အဝေရာဟောန္တု၊ ရန်မရှိကြပါစေကုန်သား။

(၂) အဗျာပဇ္ဈာဟောန္တု၊ စိုးရိမ် ကြောင့်ကြ ဗျာပါဒ မရှိကြပါစေကုန်သား။

(၃) အနီဃာဟောန္တု၊ ဆင်းရဲမရှိကြပါစေကုန်သား။

(၄) သုခိအတ္တာနံ ပရိဟရန္တု၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ မိမိကိုယ် ကို ဆောင် နိုင် ကြ ပါစေ ကုန်သား။

(၁) ငါသည် ရန်မရှိပါစေသား။
ငါသည် စိုးရိမ်ကြောင့်ကြ ဗျာပါဒမရှိပါစေသား။
ငါသည် ဆင်းရဲမရှိပါစေသား။
ငါသည် ကိုယ်စိတ် နှစ် ဖြာ ချမ်း သာ စွာ မိ မိ ကိုယ် ကို ဆောင်နိုင်ပါစေသား။

မှတ်ချက်။ ဤသို့ မိမိကိုယ်ကို ပွါးများခြင်းသည်၊ မေတ္တာ ဘာဝနာမဖြစ်နိုင်သော်လည်း၊ မိမိကိုယ်ကို သက်သေ အရာထား၍၊ ငါရန်မရှိသလို၊ တပါးသောသူတို့သည်၊ ရန် မရှိ ကြပါစေ ကုန်သားဟု၊ ပွါးများနိုင်ရန်၊ မိမိကိုယ်ကို ရှေးဦးစွာ ပွါးများ ရပါသည်။ (ဝိသုဒ္ဓိမဂ်)

(၂) ဤကျောင်းတိုက်အတွင်း၌ နေကြကုန်သော၊ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်း၊ ရဟန်း၊ သာမဏေ၊ ကျောင်းသား အပေါင်း၊ ကိုယ် စောင့် နတ်၊ ကျောင်း စောင့် နတ်၊ အရာမ် စောင့်နတ် အပေါင်းတို့သည်....

ရန်မရှိကြ ပါစေကုန်သား။
စိုးရိမ်ကြောင့်ကြ ဗျာပါဒ မရှိကြပါစေကုန်သား။
ဆင်းရဲ မရှိကြ ပါစေကုန်သား။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ၊ မိမိကိုယ် ကို ဆောင် နိုင် ကြ ပါစေကုန်သား။

(၃) ငါတို့ဆွမ်းခံရာ မြို့အတွင်း၊ အရှေ့ပိုင်း၌၊ နေကြကုန်သော၊ သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်း၊ ယောကျ်ား မိန်းမ အပေါင်း၊ ရဟန်းသာမဏေအပေါင်း၊ အစိုးရအရာရှိအပေါင်း၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာတော်စောင့်နတ် အပေါင်းတို့သည်....

ရန်မရှိကြပါစေကုန်သား။
စိုးရိမ်ကြောင့်ကြ ဗျာပါဒမရှိကြပါစေကုန်သား။
ဆင်းရဲ မရှိကြပါစေကုန်သား။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ မိမိကိုယ် ကို ဆောင် နိုင် ကြပါစေကုန်သား။

(၄) ငါတို့ဆွမ်းခံရာ မြို့အတွင်း တောင်ပိုင်း၌ နေထိုင် ကြကုန်သော၊ (အထက်ပါအတိုင်း) ပွါးများပါ။

(၅) ငါတို့ ဆွမ်းခံရာ မြို့အတွင်း၊ အနောက်ပိုင်း၌ နေထိုင် ကြကုန်သော (အထက်ပါအတိုင်း)

(၆) ငါတို့ ဆွမ်းခံရာ မြို့အတွင်း မြောက်ပိုင်း၌ (အထက် ပါအတိုင်း)

(၇) ငါတို့ ဆွမ်းခံရာ မြို့ရွာတခုလုံး၌ နေကြကုန်သော၊ သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်း၊ ယောကျ်ား၊ မိန်းမ အပေါင်း၊ ရဟန်းသာမဏေအပေါင်း၊ အစိုးရ အရာရှိအပေါင်း၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာတော်စောင့်နတ်၊ အပေါင်းတို့သည် (အထက်ပါအတိုင်း)

(၈) အမိ အဘ၊ ဆရာသမား၊ ဆွေမျိုးညာတကာ အပေါင်း၊ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမအပေါင်းတို့သည်၊ (အထက်ပါအတိုင်း)

(၉) ငါတို့၏ မြို့နယ်တခုလုံး၌ နေကြကုန်သော၊ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်း (အထက်ပါအတိုင်း)

(၁၀) ငါတို့၏ (ဟံသာဝတီ) ခရိုင် တခုလုံး၌၊ နေကြကုန်သော၊ သုခိတ၊ ဒုက္ခိတ သတ္တဝါ အပေါင်း (ပ) အထက်ပါ အတိုင်း။

(၁၁) ငါတို့၏ မြန်မာတပြည်လုံး၌ နေကြကုန်သော၊ သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်း (အထက်ပါအတိုင်း)

(၁၂) ဇမ္ဗူဒိပ်တကျွန်းလုံး၌ နေကြကုန်သော (အထက်ပါ အတိုင်း)

(၁၃) လောကပါလနတ်၊ စတုမဟာရာဇ်၊ တာဝတိံသာ စသော နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာပြည် နှစ်ဆယ်၌ နေကြကုန်သော၊ နတ်ဗြဟ္မာအပေါင်းတို့သည်၊ ရန်မရှိကြပါစေကုန်သား (အထက်ပါအတိုင်း)

(၁၄) အောက်အဝီစိ ငရဲတိုင် အောင်၊ နေကြကုန်သော၊ သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်းတို့သည်၊ ရန်မရှိကြပါစေ ကုန်သား၊ (အထက်ပါ အတိုင်း ပွါးများပါ)

ယခုပြဆိုခဲ့သော အစဉ်အတိုင်း၊ ညနက်မပြတ်၊ ပွါးများပါက၊ တနေ့တခြား မေတ္တာအကျိုးခံစားရပါလိမ့်မည်။

အထူးမှာ။ ဤမေတ္တာဘာဝနာသည်၊ အာရက္ခတရား၊ **အ**စောင့်အရှောက်တရား၊ ကာကွယ်ရေးတရားဖြစ်သောကြောင့် မည်သည့်အရပ်သို့မဆို၊ ခရီးသွားလိုပါက၊ ခရီးမထွက်ခင်၊ နှစ်ရက်၊ သုံးရက်က ကြိုတင်၍၊ မိမိသွားမည့်ခရီးလမ်း တလျှောက်နှင့်၊ သွားလိုသည့်မြို့ရွာတို့၌ရှိသော၊ ပုဂ္ဂိုလ်တို့ကို အထက်ကနည်းအတိုင်း၊ မပြတ်မေတ္တာပွါးများ၍၊ သွားပါက အန္တရာယ်ကင်း၊ ဘေးရှင်းလျှက်၊ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနှင့်၊ အမှုကိစ္စပြီးမြောက်အောင်မြင်နိုင်သည်ဟု၊ ယုံကြည်သောစိတ်ဓါတ်ဖြင့်၊ ပွါးများကြစေလိုကြောင်း။

အထက်ပါနည်းအတိုင်း၊ ပွါးများအားထုတ်ခြင်းကြောင့်၊ အပ္ပနာဘာဝနာဟုဆိုအပ်သော၊ ဈာန်သည်၊ မဖြစ်နိုင်သော်လည်း၊ မီးဘေး၊ အဆိပ်ဘေး၊ လက်နက်ဘေးတို့မှ ကေန် ကင်းလွတ်နိုင်ပါသည်၊ ဝိသုဒ္ဓိမဂ်၌ ပြဆိုအပ်သော၊ နွားမ၏ ဝတ္ထုကို ပြဆိုသင့်၏။

နွားမတကောင်သည်၊ နွားငယ်ကို နို့တိုက်နေစဉ် မုဆိုးတယောက်က လက်ဖြင့်ပြန်လှန်ပြီးလျှင်၊ ရှည်သောအရိုးရှိသော လှံဖြင့်ထိုးလိုက်လေ၏၊ ထိုလှံသည်၊ နွားမကိုယ်၌ ထိခိုက်ပြီး၍၊ ထန်းရွက်ကဲ့သို့ လိပ်လျှက်သွားခဲ့၏၊ ထိုကဲ့သို့ လိပ်သွားခြင်းသည်၊ ဥပစာရဈာန်၏ အစွမ်းလည်းမဟုတ်၊ အပ္ပနာဈာန်၏ **အစွမ်းလည်း**မဟုတ်ဘဲ၊ စင်စစ်၊ နွားမ၏၊ နွားငယ်၌ **အားကြီးသော** **မေတ္တာ**စိတ်ကြောင့် လှံမစူးနိုင်ပါ။

ဤဝတ္ထု၌၊ အဟိတ်တိရစ္ဆာန်ဖြစ်သော၊ နွားမ၏ မေတ္တာသည်ပင် လူ့မစူးနိုင်ပါ၊ အသိအလိမ္မာနှင့် ပြည့်စုံသော လူတို့၏ မေတ္တာမှာ ပြောဆိုဘွယ်ပင် မလိုတော့ပါ၊ ထို့ကြောင့်၊ (ဝေ ံမဟာ နုဘာဝါမေတ္တာ) ဟု၊ (ဝိသုဒ္ဓိမဂ်) ၌ ပြဆိုခဲ့ပေ၏။

☆ မေတ္တာဘာဝနာအကျိုး တဆယ့်တပါး။ ☆

၁။ ချမ်းသာစွာ အိပ်ရခြင်း။

၂။ ချမ်းသာစွာ အိပ်ရာမှ နိုးရခြင်း။

၃။ ယုတ်မာသော အိပ်မက်ကို၊ မမြင်မက်ခြင်း။

၄။ လူတို့ ချစ်ခင်ခြင်း။

၅။ နတ်တို့ ချစ်ခင်ခြင်း။

၆။ နတ်တို့ စောင့်ရှောက်ခြင်း။

၇။ ဥတ္တရာ ဥပါသိကာမကဲ့သို့၊ မီးဘေးမှကင်းလွတ်ခြင်း စူဠသိဝ တေရ်ကဲ့သို့ အဆိပ်ဘေးမှကင်းလွတ်ခြင်း၊ သံကိစ္စ သာမဏေကဲ့သို့ လက်နက်ဘေးမှကင်းလွတ်ခြင်း၊

၈။ လျှင်မြန်စွာ စိတ်တည်ကြည်ခြင်း။

၉။ မျက်နှာအဆင်း ကြည်လင်ခြင်း။

၁၀။ မတွေဝေဘဲ သေရခြင်း။

၁၁။ ဈာန်ရခဲ့သော်၊ ဗြဟ္မာဘုံသို့ ရောက်ရခြင်း။

ဤ တဆယ့်တပါးသောအကျိုးတို့တွင်၊ နောက်ဆုံး (၁၁)နံပါတ်ကို ချန်ထား၍၊ ကြွင်းကျန်သော အကျိုး (၁၀) ပါးကို၊ ထိုက်သည်အားလျော်စွာ၊ ရနိုင် ခဲ့လေသောကြောင့်၊ ကိုယ်စောင့်တရား၊ ကာကွယ်ရေးတရားဖြစ်သော၊ ဤမေတ္တာ ဘာဝနာကို၊ သူတော်ကောင်းတို့သည်၊ အားထုတ်အပ်၊ အား ထုတ်သင့်ပေ၏။

အနောဓိသ ပုဂ္ဂိုလ်၊ ဩဓိသပုဂ္ဂိုလ်တို့၏၊ အစွမ်း ဖြင့်၊ မေတ္တာပွါးလိုပါက၊ အောက်ပါ အနက်အတိုင်း၊ ပွါး များနိုင်ပါသည်။

(၁) သဗ္ဗေသတ္တာ၊ အလုံးစုံကုန်သော ရူပက္ခန္ဓာစသည်တို့၌ ကပ်ညိ တွယ်တာတတ်ကြကုန်သော သတ္တာဝါတို့သည်၊

(၂) သဗ္ဗေပါဏာ၊ အလုံးစုံကုန်သော ထွက်သက် ဝင်သက် ရှိကြကုန်သော သတ္တဝါတို့သည်၊

(၃) သဗ္ဗေဘူတာ၊ အလုံးစုံကုန်သော၊ ဖြစ်ဆဲ၊ ဖြစ်ပြီး၊ ဖြစ် ကြကုန်သော သတ္တဝါတို့သည်၊

(၄) သဗ္ဗေပုဂ္ဂလာ၊ အလုံးစုံကုန်သော အစာ ပုတ် ကို၊ မျို တတ်ကြကုန်သော ပုဂ္ဂိုလ်တို့သည် (ဝါ) ငရဲသို့ သွား ကြကုန်သော ပုဂ္ဂိုလ်တို့သည်၊

(၅) သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ၊ အလုံးစုံကုန်သော၊ ရုပ် အတ္တဘော၊ နာမ်အတ္တဘော၌၊ အကျုံးဝင် ကြ ကုန် သော သတ္တဝါတို့သည်၊

(၆) သဗ္ဗာဂ္ဂတ္ထိယော၊ အလုံးစုံကုန်သော၊ မဂ္ဂိသန္ဓေ တည်နေရာဖြစ်သော မိန်းမတို့သည်၊

(၇) သဗ္ဗေပုရိသာ၊ အလုံးစုံ ကုန် သော၊ ရှေ့က နေ ထိုင်ပြောဆိုတတ်ကြကုန်သော၊ ယောကျ်ား တို့သည်၊

(၈) သဗ္ဗေအရိယာ၊ အလုံးစုံကုန်သော နိဗ္ဗာန် သို့၊ ကပ်တတ်ကြကုန်သော အရိယာတို့သည်၊

(၉) သဗ္ဗေအနရိယာ၊ အလုံးစုံကုန်သော၊ နိဗ္ဗာန်သို့ မကပ်တတ်ကြကုန်သော၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်၊

(၁၀) သဗ္ဗေဒေဝါ၊ အ လုံးစုံ ကုန် သော မိ မိ ကိုယ် ရောင်၊ ကိုယ်ဝါဖြင့်၊ ထွန်းပ တတ်ကြကုန်သော နတ်ဗြဟ္မာတို့သည်၊

(၁၁) သဗ္ဗေမနုဿာ၊ အလုံးစုံကုန်သော၊ မြတ်သောစိတ်ရှိကုန်သော လူတို့သည်၊

(၁၂) သဗ္ဗေဝိနိပါတိကာ၊ အလုံးစုံကုန်သော၊ အပါယ် သို့ကျရောက်တတ်ကြကုန်သော သူတို့သည်၊

ဤသတ္တဝါတို့သည်၊ ရန်မရှိကြ ပါစေကုန်သားစသည်ဖြင့် ပွါးများပါလေ။

ဤတွင်၊ မေတ္တာဘာဝနာပြီး၏။

ဧတ္တာ ဝတာစ နိဋ္ဌာနံ၊ ပတ္တာယံ မေတ္တာဘာဝနာ၊
ပေါဋ္ဌပါဒေဝ သမ္ပတ္တော၊ သကရာဇေ ခိရဂ္ဂကေ။

အန္တရာယံ ဝိနာသေတွာ၊ သေယျထာပိ အယံဂန္ထော၊
ဝေံကလျာဏာသက်ပ္ပါ၊ ခိပ္ပံသိဇ္ဈန္တု ပါဏိနံ။

(နိဋ္ဌိတာ မေတ္တာ ဘာဝနာ)

နမောတဿ ဘုရားရှိခိုး အနက် နှင့် သရဏဂုဏ် သုံးပါး အနက်၊

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ ပြဟ္မာနတ်လူ၊ သုံးဘုံသူတို့၏၊ ဝတ် စင်းကော်ရေ၊ ပူဇော်အထူးကို ခံတော်မူထိုက်ထသော၊

အရ....ဟတော၊ တထောင်ငါးရာ ကိလေသာစက်၊ ရဲရန်မက်ကို၊ အရဟတ္တမဂ်ရှိန်၊ ဉာဏ်ဝဇီရိန်ဖြင့်၊ ပယ်နှိမ်ခုတ် ဖြတ်၊ အကုန်သတ်တော်မူဘတ်ထသော၊

အ....ရဟတော၊ မကောင်းမှုကိုပြုခြင်း၌၊ ဆိပ်ကွယ်ရာ အရပ် ရှိတော်မမူတတ်ထသော၊

သမ္မာသမ္ဗုဒ္ဓဿ၊ မဖေါက်မပြန်၊ သယမ္ဘူ ဉာဏ်ဖြင့် မိမိအလိုလို၊ ကိုယ်တော်တိုင်သာလျှင်၊ ကြွင်းမဲ့ ဥသုံ အလုံးစုံ သော၊ သင်္ခတ၊ အသင်္ခတ တရားတို့ကို အကုန်အစင် သိမြင် တော် မူတတ်ထသော၊

တဿ ဘဂဝတော၊ ထိုမြတ်စွာ ဘုရားအား၊ မေ၊ တ ပည့်တော်၏၊ နမော၊ ရှိခိုး ခြင်းသည်၊ အတ္တု၊ ဖြစ်ပါစေသ တည်း။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓံ၊ အရဟတာ အစရှိသော၊ ဂုဏ်တော်ကိုးတန်

တရားမှန်နှင့်၊ ပြည့်စုံတော်မူသော မြတ်စွာဘုရား ကို၊ သရဏံ ကိုးကွယ် လည်းလျှောင်း၊ ပုံးအောင်းမှီခိုရာဟူ၍၊ ဆင်းရဲကိုပယ် ဖျောက်၊ ချမ်းသာသို့ရောက်စေတတ်သော၊ အမြိုက်ရတနာ ကိုး ကွယ်ရာဟူ၍၊ ပါဏုပေတံ၊ အသက်ထက်ဆုံး၊ အဟံ၊ တပည့် တော်သည်၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ဘုရား၊ မှီဝဲပါ၏ ဘုရား၊ သိပါ၏ ဘုရား။

မမ္မံ၊ သွက္ခာတတာ အစရှိသော၊ ဂုဏ်တော်ခြောက် တန်၊ တရားမှန်နှင့် ပြည့်စုံတော်မူသော၊ မဂ်လေးတန်၊ ဖိုလ် လေးတန်၊ နိဗ္ဗာန် ပရိယတ်အားဖြင့်၊ ဆယ်ပါးသော တရား တော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်လည်းလျှောင်း၊ ပုံးအောင်း မှီခိုရာဟူ၍၊ ဆင်းရဲပယ်ဖျောက်၊ ချမ်းသာသို့ ရောက်စေ တတ် သော၊ အမြိုက်ရတနာ၊ ကိုးကွယ်ရာဟူ၍၊ ပါဏုပေတံ၊ အသက် ထက်ဆုံး၊ အဟံ၊ တပည့်တော်သည်၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ ၏ ဘုရား၊ မှီဝဲပါ၏ ဘုရား၊ သိပါ၏ ဘုရား။

သံဃံ၊ သုပ္ပဋိပန္နတာ အစရှိသော၊ ဂုဏ်တော်ကိုးတန်၊ တရားမှန်နှင့် ပြည့်စုံတော်မူသော၊ မြတ်စွာဘုရား၏၊ တပည့် သားကောင်း ရဟန်းအပေါင်းကို၊ သရဏံ၊ ကိုးကွယ် လည်း လျှောင်း၊ ပုံးအောင်းမှီခိုရာဟူ၍၊ ဆင်းရဲကိုပယ်ဖျောက်၊ ချမ်း သာသို့ ရောက်စေတတ်သော၊ အမြိုက်ရတနာ ကိုးကွယ်ရာဟူ၍ ပါဏုပေတံ၊ အသက်ထက်ဆုံး၊ အဟံ၊ တပည့်တော်သည်၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ ဘုရား၊ မှီဝဲပါ၏ ဘုရား၊ သိပါ၏ ဘုရား။

ဆွမ်းတော်ကပ်လှူရန်။

(၁) အနန္တပုညာဒိသမ္ဗုဒ္ဓဿ၊ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ညာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ နှင့်၊ ပြည့်စုံတော်မူထသော၊ မဟာကာရုဏိကဿ၊ ကြီးမြတ်သော မဟာကရုဏာနှင့်၊ ယှဉ်တော်မူထသော၊ ဘဂဝတော၊ မြတ်စွာဘုရားအား၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သမ္ပန္နံ၊ အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံသော၊ ဣမံ ပဏီတ ပိဏ္ဍပါတံ၊ ဤမွန်မြတ်သော ဆွမ်း ဘောဇဉ်ကို၊ ဒေမိ၊ သဒ္ဓါကြည်ဖြူ၊ ဆက်ကပ်ပေးလှူပါ၏ အရှင်ဘုရား။

ပန်း တော် ကပ် လှူ ရန်။

(၂) အနန္တပုညာဒိ သမ္ဗုဒ္ဓဿ၊ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ညာဏ်တော်အနန္တ၊ ကျေးဇူး တော် အနန္တ နှင့်၊ ပြည့်စုံတော်မူထသော၊ မဟာကာရုဏိကဿ၊ ကြီးမြတ်သော မဟာကရုဏာနှင့် ယှဉ်တော် မူထသော၊ ဘ ဂ ဝ တော၊ မြတ်စွာဘုရားအား၊ ဝဏ္ဏ ဂန္ဓသမ္ပန္နံ၊ အဆင်းအနံ့နှင့် ပြစုံသော ဣမံ ပုပ္ဖံ၊ ဤပန်းကို၊ ဒေမိ၊ သဒ္ဓါကြည်ဖြူ၊ ဆက်ကပ်ပေး လှူပါ၏ အရှင်ဘုရား။

ရေ ချမ်း ကပ် လှူ ရန်။

(၃) အနန္တပုညာဒိသမ္ဗုဒ္ဓဿ၊ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ညာဏ်တော်အနန္တ၊ ကျေးဇူး တော် အနန္တ နှင့်၊ ပြည့်စုံတော် မူထသော၊ မ ဟာ ကာ ရု ဏိ က ဿ၊ ကြီး မြတ် သော မဟာကရုဏာနှင့် ယှဉ်တော်မူထသော၊ ဘ ဂ ဝတော၊

မြတ်စွာဘုရားအား၊ အဆွံ့၊ ကြည်လင်သော၊ ဣမံ သိတော ဒကံ၊ ဤရေချမ်းကို၊ ဒေမိ၊ သဒ္ဓါကြည်ဖြူ၊ ဆက်ကပ် ပေး လှူပါ၏ အရှင်ဘုရား။

ဆီ မီး ကပ် လှူ ရန်။

(၄) အနန္တပညာဒိသမ္ပန္နဿ၊ ဘုန်းတော်အနန္တ၊ ကံ တော်အနန္တ၊ ညာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ နှင့်၊ ပြည့်စုံတော်မူထသော၊ မဟာကာရုဏိကဿ၊ ကြီးမြတ်သော မဟာကရုဏာနှင့်၊ ယှဉ်တော်မူထသော၊ ဘဂဝတော၊ မြတ် စွာဘုရားအား၊ အန္ဓကာရတမံ၊ အမိုက်မှောင်ကို၊ ပယ်ဖျောက် ဖျက်ဆီးနိုင်သော၊ သမ္ပဇ္ဇလိတံ၊ တပြောင်ပြောင် ထွန်းလင်း တောက်ပသော၊ ဣမံ ပဒီပံ၊ ဤဆီမီးကို၊ ဒေမိ၊ သဒ္ဓါကြည် ဖြူ၊ ဆက်ကပ်ပေးလှူပါ၏ အရှင်ဘုရား။

ဣဒံ မေပုညံ အာသဝက္ခယံ ဝဟံ ဟောတု။

(သုံးခေါက်ဆို)

မေ၊ တပည့်တော်၏၊ ဣဒံ ပုညံ၊ ဤကုသိုလ် ကောင်းမှုသည်၊ အာသဝက္ခယံ၊ အာသဝေါတရားတို့၏၊ ကုန် ရာဖြစ်သော၊ နိဗ္ဗာန်ကို၊ ဝဟံ၊ ရွက်ဆောင်နိုင်သည်၊ ဟောတု ဖြစ်ပါစေသတည်း။

ဣဒံ မေပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

(သုံးခေါက်ဆို)

မေ၊ တပည့်တော်၏၊ ဣဒံ ပုညံ၊ ဤကုသိုလ် ကောင်းမှုသည်၊ နိဗ္ဗာနဿ၊ ဝါနဟုဆိုအပ်သော တဏှာမှ၊ ထွက်မြောက်တတ်သော နိဗ္ဗာန်၏၊ ပစ္စယော၊ အားကြီးသော အထောက်အပန့်သည်၊ ဟောတု၊ ဖြစ်ပါစေသတည်း။

ကိုင်း ကုန်း ပါဠိ တက္ကသိုလ် ကျောင်း တိုက်

ဝတ်ရွတ်စဉ်။

၁။	တနင်္ဂနွေနေ့၊	မင်္ဂလသုတ်။
၂။	တနင်္လာနေ့	ရတနသုတ်။
၃။	အင်္ဂါနေ့	မေတ္တသုတ်။ ခန္ဓသုတ်။
၄။	ဗုဒ္ဓဟူးနေ့	မောရသုတ်၊ ဝဋ္ဋသုတ်။
၅။	ကြာသပတေးနေ့	ဓဇဂ္ဂသုတ်။
၆။	သောကြာနေ့	အာဋာနာဋိယသုတ်။
၇။	စနေနေ့	အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ် ပုဗ္ဗဏှသုတ်။

ဤသို့ အစဉ်အတိုင်း ရွတ်ရမည်။

(သောသမ္ဗာလေတုမံ ဇိနော)

မေတ္တာပို့အစဉ်။

(၁) အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဈော ဟောမိ၊ အနိဃော ဟောမိ၊ သုခီအတ္တာနံ ပရိဟရာမိ၊ ဒုက္ခာမုစ္စာမိ ယထာလဒ္ဓသမ္ပတ္တိတော၊ မာဝိဂစ္ဆာမိ ကမ္မဿကော။

(၂) အမှာကံ အာရက္ခဒေဝတာ၊ အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာမုစ္စန္တု ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု ကမ္မဿကာ။

(၃) သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ၊ အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာမုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော၊ မာဝိဂစ္ဆန္တု ကမ္မဿကာ။

(၄) ဣမသ္မိံဝိဟာရေ၊ ဣမသ္မိံအာဝါသေ၊ ဣမသ္မိံ အာရာမေ၊ ဣမာယ ဥပစာရ သီမာယ ဝသန္တာ၊ သဗ္ဗေသတ္တာ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေအရိယာ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ၊ အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာ လဒ္ဓ သမ္ပတ္တိတော၊ မာဝိဂစ္ဆန္တု ကမ္မဿကာ။

(၅) အမှာကံ ဂေါစရဂါမေ၊ ဣမသ္မိံ ဂါမေ၊ ဣမသ္မိံ ဂါမခေတ္တေ ဣမာယ ဂါမသီမာယ ဝသန္တာ၊ သဗ္ဗေသတ္တာ (ပ) မာဝိဂစ္ဆန္တု ကမ္မသကာ။

(၆) မာတာပိတု အာစရိယာ ဉာတိမိတ္တာသမူဟာ၊ ဥပါသကာ ဥပါသိကာ၊ အမှာကံ စတုပစ္စယဒါယကာ၊ အဝေရာ ဟောန္တု (ပ) မာဝိဂစ္ဆန္တု ကမ္မသကာ။

(၇) ဘုမ္မဋ္ဌ ဒေဝတာ၊ ရက္ခဋ္ဌဒေဝတာ၊ အာကာသဋ္ဌ ဒေဝတာ၊ အဝေရာဟောန္တု (ပ) မာဝိဂစ္ဆန္တု ကမ္မသကာ။

(၈) ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယဒိသာယ၊ ပုရတ္ထိမာယအနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယဒိသာယ ဝသန္တာ သဗ္ဗေ သတ္တာ (ပ) မာဝိဂစ္ဆန္တု ကမ္မသကာ။

(၉) ဥဒ္ဓံယာဝ ဘဝဂ္ဂါစ အဓောယာဝ အဝီစိတော၊ သမန္တာ စက္ကဝါဠေသု ယေသတ္တာ၊ ပထဝီစရာ၊ အဗျာပဇ္ဈာ နိဝေရာစ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။

(၁၀) ဥဒ္ဓံယာဝ ဘဝဂ္ဂါစ အဓောယာဝ အဝီစိတော သမန္တာ စက္ကဝါဠေသု ယေသတ္တာ ဥဒကေစရာ အဗျာပဇ္ဈာ နိဝေရာစ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။

(၁၁) ဥဒ္ဓံယာဝ ဘဝဂ္ဂါစ အဓောယာဝ အဝီစိတော၊ သမန္တာ စက္ကဝါဠေသု ယေသတ္တာ၊ အာကာသေစရာ အဗျာပဇ္ဈာ နိဝေရာစ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။

(၁၂) ယံပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော သဗ္ဗေသဒ္ဓမ္မရာဇဿ ဉတွာဓမ္မံ သုခါဝဟံ၊ ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ၊ အသောကမနုပါယာသံ နိဗ္ဗာနသုခမုတ္တမံ၊ စိရံတိဋ္ဌတုသဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ သဗ္ဗေပိသတ္တာ ကာလေန သမ္မာဒေဝေါ ပဝဿတု၊ ယထာ ရက္ခိံသု ပေါရာဏာ သုရာဇာနော တထေဝိမံ၊ ရာဇာရက္ခတု ဓမ္မေန အတ္တနောဝ ပဇံ ပဇံ။

(၁၃) သဗ္ဗေသင်္ခါရာ အနိစ္စာ၊ ယဒါပညာယ ပဿတိ အထနိဗ္ဗိန္ဒတိ ဒုက္ခေ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

(၁၄) သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ ယဒါပညာယပဿတိ၊ အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါဝိသုဒ္ဓိယာ။

(၁၅) သဗ္ဗေဓမ္မာ အနတ္တာတိ၊ ယဒါပညာယ ပဿတိ အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါဝိသုဒ္ဓိယာ။

(၁၆) အနိစ္စာ ဝတ သင်္ခါရာ ဥပ္ပါဒ ဝယဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံဝူပသမော သုခေါ။

(၁၇) ဒုက္ခာဝတ သင်္ခါရာ ဥပ္ပါဒ ဝယဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံဝူပသမောသုခေါ။

(၁၈) အနတ္တာဝတ သင်္ခါရာ ဥပ္ပါဒ ဝယဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံဝူသမော သုခေါ။

(၁၉) ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

(၂၀) ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

(၂၁) အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

(၂၂) သိရသ္မိံ မေ ဗုဒ္ဓသေဋ္ဌော သာရိပုတ္တော စ ဒက္ခိဏေ ဝါမအံသေ မောဂ္ဂလာနော ပုရတော ပိဋကတ္တယံ ပစ္ဆိမေ မပအာနန္ဒော ဒိဏ္ဏာဝသဝါ စတုဒ္ဒိသာ၊ သမန္တာ လောကမပါ လာစ ဣန္ဒာခဒဝါ သဗြဟ္မာကာ၊ တေသံ အာနုဘာဝေန သဗ္ဗဘယ ဥပဒ္ဒဝါ အနေက အန္တရာယာပိ ဝိနဿန္တု အသေသတော။

(၂၃) သုဝဏ္ဏဘူမိံ ဂန္တွာန သောဏုတ္တရာ မဟိဒ္ဓိကာ ပိသာစေ နိဒ္ဓမိတွာန ဗြဟ္မဇာလ မဒေသယျုံ။

(၂၄) နာညတြ ဗောဇ္ဈာတပသာ နာညတြိန္ဒြိယ သံဝရာ နာညတြ သဗ္ဗနိဿဂ္ဂါ သောတ္ထိံ ပဿာမိ ပါဏိနံ။

(၂၅) နမော တေ ဗုဒ္ဓဝီရတ္ထု ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊ သမ္ဗာဓ ပဋိပန္နောသ္မိ တဿမေ သရဏံဘဝ။

(၂၆) တထာဂတံ အရဟန္တံ စန္ဒိမာသရဏံ ဂတော၊ ရာဟု စန္ဒံ ပမုဉ္စဿု ဗုဒ္ဓါလောကာ နုကမ္ပကာ။

(၂၇) သဗ္ဗေဗုဒ္ဓါ ဗုဒ္ဓိပတ္တာ ပစ္စေကာနဉ္စ ယာဗုဒ္ဓိ၊ အရဟန္တာနဉ္စ တေဇေနရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(၂၈) သဗ္ဗေဗုဒ္ဓါ ခေမပတ္တာ ပစ္စေကာနဉ္စ ယောခေမော၊ အရဟန္တာနဉ္စ တေဇေန ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(၂၉) သဗ္ဗေဗုဒ္ဓါ ဇိနပတ္တာ ပစ္စေကာနဉ္စ ယောဇိနော အရဟန္တာနဉ္စ တေဇေန ရက္ခံ ဗန္ဓာမိ သဗ္ဗာသော။

(၃၀) သဗ္ဗေဗုဒ္ဓါ လာဘပတ္တာ ပစ္စေကာနဉ္စယောလာဘော အရဟန္တာနဉ္စ တေဇေန ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(၃၁) သဗ္ဗေဗုဒ္ဓါ တေဇပတ္တာ ပစ္စေကာနဉ္စ ယော တေဇော အရဟန္တာနဉ္စ တေဇေန ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(၃၂) သဗ္ဗေဗုဒ္ဓါ ဗလပတ္တာ ပစ္စေကာနဉ္စ ယံဗလံ၊ အရဟန္တာနဉ္စ တေဇေန ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(၃၃) သဗ္ဗေဗုဒ္ဓါ ယသပတ္တာ ပစ္စေကာနဉ္စ ယောယသော၊ အရဟန္တာနဉ္စ တေဇေန ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(၃၄) သဗ္ဗေဗုဒ္ဓါ သိရိပ္ပတ္တာ ပစ္စေကာနဉ္စယာသိရီ၊ အရဟန္တာနဉ္စ တေဇေန ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(၃၅) သဗ္ဗေဗုဒ္ဓါ ခန္တိပတ္တာ ပစ္စေကာနဉ္စ ယာခန္တိ၊ အရဟန္တာနဉ္စ တေဇေန ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ကမ္မဝါစာများကို အောက်ပါအတိုင်း ရွတ်ရမည်။

၁။ ဥပသမ္ပဒ ကမ္မဝါစာ။

၂။ အဝိပ္ပဝါသ သီမာသမူဟနန ကမ္မဝါစာ။

၃။ သမာနသံဝါသ သီမာသမူဟနန ကမ္မဝါစာ။

၄။ သမာနသံဝါသ သီမာသမ္မုတိ ကမ္မဝါစာ။

၅။ အဝိပ္ပဝါသသီမာ သမ္မုတိကမ္မဝါစာ။

ဝတ်ရွတ်စဉ်ပြီး၏။

အနေကဇာတင်ရွတ်ဆိုရန် ပါဠိတော်။

(၁) အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟကာရံ၊ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ၊ ပုနပ္ပုနံ၊
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ၊ နကာဟသိ၊
သဗ္ဗာ တေ ဖါသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ၊
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

ပဋိစ္စသမုပ္ပါဒ် • အနုလုံပါဠိတော်။

(၂) အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊
သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊
ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊
ဇာတိပစ္စယာ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿုပါယာသာ၊ သမ္ဘဝန္တိ၊ ဧဝမေတဿ၊
ကေဝလဿ၊ ဒုက္ခက္ခန္ဓဿ၊ သမုဒယော၊ ဟောတိ။

ပဋိစ္စသမုပ္ပါဒ် - ပဋိလုံပါဠိတော်။

(၃) အဝိဇ္ဇာယ တွေဝ၊ အသေသ ဝိရာဂနိရောဓါ၊ သင်္ခါရ နိရောဓော၊ သင်္ခါရ နိရောဓါ ဝိညာဏ နိရောဓော၊ ဝိညာဏ နိရောဓါ နာမရူပ နိရောဓော၊ နာမရူပ နိရောဓါ သဠာယတန နိရောဓော၊ သဠာယတန နိရောဓါ ဖဿ နိရောဓော၊ ဖဿ နိရောဓါ ဝေဒနာ နိရောဓော၊ ဝေဒနာ နိရောဓါ တဏှာ နိရောဓော၊ တဏှာ နိရောဓါ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓါ ဘဝ နိရောဓော၊ ဘဝ နိရောဓါ ဇာတိ နိရောဓော၊ ဇာတိ နိရောဓါ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ၊ နိရုဇ္ဈန္တိ၊ ဧဝမေတဿ၊ ကေဝလဿ၊ ဒုက္ခက္ခန္ဓဿ၊ နိရောဓော ဟောတိ။

ဥဒါန်းကြူးရင့်သော ဂါထာများ။

(၄) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊ အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ ယတော ပဇာနာတိ သဟေတုဓမ္မံ၊

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊ အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ခယံ ပစ္စယာနံ အဝေဒိ၊

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော
ဈာယတော ဗြာဟ္မဏဿ၊ ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

ဘုရားဂုဏ်တော် (၉) ပါး။

(၅) ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊
ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တ
ရော ပုရိသ ဒမ္မသာရထိ သတ္ထာ ဒေဝ မနုဿာနံ
ဗုဒ္ဓေါ ဘဂဝါ။

အာ သိ သ ဂါ ထာ များ။

(၆) ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော၊
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ၊
အပရာဇိတ ပလ္လင်္ကေ၊ သီသေ ပုထု ဝိပုက္ခလေ၊
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပတ္တော ပမောဒတိ၊
သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ၊
သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု၊
ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ၊
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိတေ ပဒက္ခိဏော၊
ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ၊ ပဒက္ခိဏေ၊
သေ အတ္ထ လဒ္ဓါ၊ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ၊
အရောဂါ သုခိတာ ဟောထ၊ သဟသဗ္ဗေဟိ ဉာတိဘိ၊

အဓိနေကဇာတင်ပြီး၏။

သုသုဗောဓဒီပနီကျမ်း။

(၁) နမော ဗုဒ္ဓဿ အရဟတာဒိ ဂုဏာသန္တမှဿ။

(၂) နမော ဓမ္မဿ သွာက္ခာတာဒိ ဂုဏာသမ္ပန္နဿ။

(၃) နမော သံဃဿ သုပ္ပဋိပန္နာဒိ ဂုဏာသမ္ပန္နဿ။

(၄) နမော အာစရိယဿ ဝိဇ္ဇာဒါနာဒိ ဂုဏာသမ္ပန္နဿ။

(၅) နမော မာတာပိတုဿ မေါသနာဒိ ဂုဏာသမ္ပန္နဿ။

(၁) အရဟံ အစရှိသော၊ ဂုဏ်တော်ကိုးတန်၊ တရားမှန်နှင့် ပြည့်စုံတော်မူသော၊ ဘုရားရှင်အား ရှိခိုးပါ၏ ဘုရား။

(၂) သွာက္ခာတတာ အစရှိသော၊ ဂုဏ်တော် ခြောက် တန် တရားမှန်နှင့် ပြည့်စုံတော် မူသော၊ တရားတော်အား၊ ရှိခိုးပါ ၏ ဘုရား။

(၃) သုပ္ပဋိပန္န အစရှိသော ဂုဏ်တော်ကိုးတန်၊ တရားမှန်နှင့် ပြည့်စုံတော်မူသော၊ သံဃာတော် အရှင်မြတ်အား၊ ရှိခိုး ပါ၏ ဘုရား။

(၄) အတတ်ကို သင် ပေးခြင်း အစရှိသော၊ ဂုဏ်တော် နှင့် ပြည့်စုံသော ဆရာအား ရှိခိုးပါ၏။

(၅) ပေါသေတိဂုဏ်၊ တောသေတိဂုဏ်၊ ထောမေတိစသော ဂုဏ်တို့နှင့် ပြည့်စုံသော၊ မိခင်၊ ဘခင် ကျေးဇူး ရှင်အား၊ ရှိခိုး ပါ၏။

ဩကာသ၊ ဩကာသ၊ ဩကာသ၊ အစဉ္စေယျ၊ အပ္ပမေယျ၊ ကျေးဇူးတော်အစုံ၊ ဂုဏ်တော်အနန္တနှင့်၊ ပြည့်စုံတော်မူသော၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ဟုဆိုအပ်သော၊ ရတနာ မြတ်သုံးပါး တို့အား၊ ကာယ ပဏာမ၊ ဝစီပဏာမ၊ မနောပဏာမတည်းဟူသော၊ သုံးပါးသော ပဏာမတို့ဖြင့်၊ တပည့်တော်သည်၊ ရိုသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမျှော်မန်လျှော့၊ ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ရှိခိုးပူဇော်၊ ဖူးမျှော် မန်လျှော့ ၊ ကန်တော့ကြောင်း ဖြစ်သော၊ ပဏာမ ကုသိုလ်ကံ စေတနာ တို့ကြောင့်၊ အပါယ်လေးပါး၊ ကပ်သုံးပါး၊ အရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါ။ ဗျသနတရားငါးပါးတို့မှ၊ ဘဝဆက်တိုင်း ကင်းလွတ်ညိမ်းသည်သာဖြစ်၍၊ မဂ်ဉာဏ်၊ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော၊ အသင်္ခတဓါတ် မြတ်သောပရမတ္တနိဗ္ဗာန်ကို (ပကတိသာဝကအဖြစ်ဖြင့်) ရ-ရ၊ ရောက်ရ၊ မျက်မှောက်ပြုရပါလို၏ ဘုရား။

မှတ်ချက်။ မိမိကြိုက်နှစ်သက်ရာ ဗောဓိဆု တခုခုကို ထည့်၍ တောင်းဆိုပါ။

ရှိခိုးသောအခါ၊ ပုဆစ်၊ ဒူးနှစ်ဘက် ၊ လက်နှစ်ဘက် နဖူးပြင်၊ ဤငါးခုကို ကြမ်း၌ထိ၍ ရှိခိုးပါ။ ဤငါးမျိုးကိုထိ၍ ရှိခိုးခြင်းကို (ပဉ္စပတိဋ္ဌိတ) ရှိခိုးခြင်းဟုခေါ်သည်။

သတိပြုရန်။ ☆ ဤဩကာသဘုရားရှိခိုး၌၊ ရှေးရိုးစဉ်လာအရ၊ (ကာယကံ၊ ဝစီကံ၊ မနောကံ၊ အားဖြင့်၊ သုံးပါးသောကံတို့တွင်၊ တပါးပါးသောကံဖြင့်၊ ပြစ် မှားခဲ့ သည် ရှိသော်၊ ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှါ) ဟု၊ ထည့်၍၊

ရှိခိုးခြင်းမှာ၊ ဘုရားရှင်ကို ပြစ်မှားမိခဲ့သောသူ၊ တရားတော်ကို ပြစ်မှားမိခဲ့သောသူ၊ သံဃာတော်ကို ပြစ်မှားမိခဲ့သော သူတို့၏ မိမိတို့ပြစ်မှားမိခဲ့သော အပြစ်များပျောက်ကင်းအောင် ရည်ရွယ်၍ ရှိခိုးခြင်းဖြစ်၍၊ (ရတနတ္တယ ပသန္နစိတ်) ရတနာသုံးပါးကို ကြည်ညိုလေးမြတ်သောစိတ်ဖြင့်၊ ရှိခိုးရာမရောက်ဘဲ ရှိတတ်သည်။

သို့အတွက် အထက်ပါအတိုင်းရှိခိုးပါက (ကျမ်းဂန်များ၌ ပြဆိုအပ်သော ရှိခိုးခြင်း မျိုး ဖြစ်၍) သာ၍ပင် အကျိုးများပါလိမ့်မည်။

လွန်ကြူးမိသော အပြစ်များ ပျောက်ကင်းအောင်၊ ပါဠိတော်လာ ကန်တော့တောင်းပန်နည်း။

ဘုရား တရား သံဃာ ရတနာသုံးပါးတို့တွင်၊ တပါးပါးကိုဖြစ်စေ၊ ဆရာမိဘကိုဖြစ်စေ၊ ကိုယ်နှုတ်စိတ်သုံးပါးတို့တွင် တပါးပါးဖြင့် ပြစ်မှား ကြူးလွန် မိသောသူသည်၊ အောက်ပါ အစ္စယ ဒေသနာအတိုင်း ဘုရားထံမှာ ဖြစ်စေ၊ သီလဝန္တ၊ ဂုဏဝန္တ ဖြစ်သော ဆရာတော်တပါးပါးထံမှာဖြစ်စေ၊ (၃) ကြိမ်တိုင်အောင် ရွတ်ဆို၍ ကန်တော့ တောင်းပန်ပါက၊ ကြီးလေးသော အပြစ်များသည် သေးငယ်၍၊ သေးငယ်သော အပြစ်များသည် ကေန် ကင်းပျောက်နိုင်ပါသည်။ အဇာတသတ်မင်းသည် သောတာပန်ဖြစ်သော ခမည်းတော်ကိုသတ်သော ပိတုဃာတကကံကြီးကိုပြုမိသည့်အတွက်၊ ဘုရားရှင်ထံ၌၊ အစ္စယဒေသနာဖြင့် ကန်တော့ တောင်းပန် သောကြောင့်၊ အနန္တရိယကံ ဖြစ်သော်

လည်း၊ ငရဲကြီးတို့၌မကျဘဲ၊ ငရဲငယ်၌သာ ဖြစ်ရကြောင်းကို၊ ကျမ်းဂန်တို့၌ မိန့်ဆိုကြပါသည်။

သို့အတွက် အနန္တရိယကံဝင် ကျေးဇူးရှင်များကို ပြစ်မှားမိကြသော ပုဂ္ဂိုလ်တို့သည် အောက်ပါအတိုင်း ဘုရားထံမှာဖြစ်စေ၊ ဆရာတော်များ ထံမှာဖြစ်စေ၊ (၃) ကြိမ် ရွတ်ဆို၍ ကန်တော့တောင်းပန်ကြပါ။

☆ အစ္စယဒေသနာ တောင်းပန်နည်း။ ☆

အရှင်ဘုရား၊ အကြင်တပည့်တော်သည်၊ ဘုရားရှင်ကို၊ သံဃာတော်ကို၊ မိခင်ဘခင် ကျေးဇူးရှင်ကို၊ စီးစိမ်ဥစ္စာ၊ တတ်မက်မောသော လောဘ အစရှိသော အကြောင်းကြောင့်၊ ကိုယ်နှုတ် စိတ်ဘို့ဖြင့်၊ လွန်ကျူးပြစ်မှားမိပါပြီဘုရား။

ထိုတပည့်တော်ကို မိုက်သည့်အလျောက်၊ တွေဝေမိန်းမောသည့်အလျောက်၊ မလိမ္မာသည့်အလျောက်၊ အပြစ်သည်၊ လွှမ်းမိုးနှိပ်စက်၍ ဖြစ်ခဲ့ပါပြီဘုရား။

အရှင်ဘုရား၊ အရှင်မြတ်ဘုရားသည်၊ ထိုတပည့်တော်၏ နောင်အခါ၌၊ထိမ်းသိန်း စောင့်ရှောက်ရန်အလို့ငှါ၊ လွန်ကျူးပြစ်မှားခဲ့သော အပြစ်ကို၊ အပြစ်အားလျော်စွာ ခံယူသိမ်းပိုက်တော်မူပါဘုရား။ (သုံးခေါက်ဆို)

ကြယ်ပွင့်ပြထားသော မှတ်ချက်မှစ၍၊ ဤနေရာထိအောင် အမှာစကားဖြစ်သည်။

ဩကာသဘုရားရှိခိုးပြီးသောအခါ အောက်ပါအတိုင်း ရတနာသုံးပါး ပါဠိများကို ရွတ်ဆို၍ ရှိခိုးပါ။

ဘုရားဂုဏ်တော် (၉) ပါး။

ဣတိပိ သောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ စရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ ဒမ္မ သာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါဘဂဝါ။

တရားဂုဏ်တော် (၆) ပါး။

သွာက္ခာတော ဘဂဝတာဓမ္မော သန္ဒိဋ္ဌိကော အကာ လိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံဝေဒိ တဗ္ဗော ဝိညူဟိ။

သံဃာဂုဏ်တော် (၉) ပါး။

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ သောဘဂဝတော သာဝကသံဃော၊ အာဟုနေယျော ပါဟုနေယျော၊ ဒက္ခိဏေယျော အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

မှတ်ချက်။ ပါဠိဘာသာဖြင့် ရွတ်ဆိုပြီးမှ ဂုဏ်တော်များကို တိုးတက်ကြည်ညိုနိုင်ရန်၊ ဤစာအုပ်အစ၌ ဖော်ပြထားသော၊ ဂုဏ်တော်အနက်များဖြင့် ရွတ်ဆိုပါ။

သီလ တောင်း ရန်။

အဟံဘန္တေ တိသရဏေနသဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ

အနုဂ္ဂဟံ ကတွာ သီလံဒေထ မေဘန္တေ၊

ဒုတိယမ္ပိ အဟံဘန္တေ (ပ) မေဘန္တေ။

တတိယမ္ပိ အဟံဘန္တေ (ပ) မေဘန္တေ။

သီလတောင်းအနက်။

ဘန္တေအရှင်ဘုရား၊ အဟံ တပည့်တော်သည်၊ တိသရဏေန သရဏဂုဏ်သုံးပါးနှင့် သဟတကွ၊ ပဉ္စသီလံ၊ ငါးပါးသော သီလဟု ဆိုအပ်သော၊ ဓမ္မံ တရားတော်မြတ်ကို ယာစာမိ လျှောက်ထားတောင်းပန်ပါ၏ အရှင်ဘုရား။

ဘန္တေ အရှင်ဘုရား မေ တပည့်တော်အား၊ အနုဂ္ဂဟံ ချီးမြှောက်ထောက်ပန့်ခြင်းကို၊ ကတွာ ပြု၍၊ သီလံ၊ ငါးပါး သီလကို၊ ဒေထ ပေးသနားတော်မူပါကုန်ဘုရား။

မဟာနမက္ကာရခေါ် နမောတဿ ဘုရားရှိခိုးကြီး

(သဒ္ဒနီတိကျမ်းအလို)

နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သုံးခေါက်ဆို)

မှတ်ချက်။ တဿနှင့် ဘဂဝတောကို တွဲ၍ ရွတ်ဘတ်ပါ။

ဗုဒ္ဓံ သရဏံဂစ္ဆာမိ။

ဓမ္မံ သရဏံဂစ္ဆာမိ။

သံဃံ သရဏံဂစ္ဆာမိ။ ဒုတိယမ္ပိ၊ တတိယမ္ပိ ဆိုပါ။

မှတ်ချက်။ နမောတဿနှင့် ဗုဒ္ဓံသရဏံအနက် တို့ကို ဤစာအုပ်နောက်ပိုင်း ပြန်ကြည့်ပါ။

ငါးပါးသီလပါဠိ။

ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

ငါးပါးသီလအနက်အကျဉ်း။

ပါဏာတိပါတာ သူ၏အသက်ကိုသတ်ခြင်းမှ ဝေရမဏီသိက္ခာပဒံ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို သမာဒိယာမိ ဆောက်တည်ပါ၏ ဘုရား။

အဒိန္နာဒါနာ အရှင်မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူခြင်းမှ ဝေရမဏီ သိက္ခာပဒံ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို သမာဒိယာမိ ဆောက်တည်ပါ၏ဘုရား။

ကာမေသုမိစ္ဆာစာရာ သူ၏သားမယားကို ပြစ်မှားခြင်းမှ ဝေရမဏီသိက္ခာပဒံ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို သမာဒိယာမိ ဆောက်တည်ပါ၏ ဘုရား။

မုသာဝါဒါ မဟုတ်မမှန်သော စကားကိုပြောဆိုခြင်းမှ ဝေရမဏီသိက္ခာပဒံ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို သမာဒိယာမိ ဆောက်တည်ပါ၏ ဘုရား။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့လျော့ကြောင်း ဖြစ်သော သေရည်သေရက်ကို သောက်စားခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို သမာဒိယာမိ ဆောက်တည်ပါ၏ ဘုရား။

ငါးပါးသီလ အနက် အကျယ်။

ပါဏာတိပါတာ ပညတ်အားဖြင့် သတ္တဝါ၊ ပရမတ္ထ အားဖြင့် ဇီဝိတိန္ဒြေကို ချကြောင်း ဖြစ်သော ဝဓက စေတနာ ပြဋ္ဌါန်းသော ဒေါသမူ စိတ္တုပ္ပါဒ် တည်းဟူသော ဝိရမိတဗ္ဗ ဝတ္ထုမှ ဝေရမဏီ သိက္ခာပဒံ ရှောင်ကြဉ် ကြောင်းဖြစ်သော၊ သိက္ခာပုဒ်တော် အကျင့်မြတ်ကို သမာဒိယာမိ ကောင်းစွာ ဆောက်တည်ပါ၏ ဘုရား။

အဒိန္နာဒါနာ အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေး အပ်သော သူတပါး၏ ဥစ္စာကို ခိုးယူကြောင်း ဖြစ်သော၊ ထေယျစေတနာ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် တည်းဟူသော ဝိရမိတဗ္ဗဝတ္ထုမှ ဝေရမဏီ သိက္ခာပဒံ ရှောင်ကြဉ်ကြောင်းဖြစ် သော သိက္ခာပုဒ်တော်အကျင့်မြတ်ကို သမာဒိယာမိ ကောင်းစွာ ဆောက်တည်ပါ၏ ဘုရား။

ကာမေသု မိစ္ဆာစာရာ ကိလေသာကာမသည် အလိုရှိ အပ်သော မာတုရက္ခိတ အစရှိသော အပဂမနိယ ဝတ္ထု ကာ မတို့၌ ဖေါက်လွှဲ ဖေါက်ပြန် ကျင့်ကြောင်းဖြစ်သော မိစ္ဆာစာ ရစေတနာ ပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ် တည်းဟူသော ဝိရမိတဗ္ဗဝတ္ထုမှ ဝေရမဏီသိက္ခာပဒံ ရှောင်ကြဉ်ကြောင်း ဖြစ် သော သိက္ခာပုဒ်တော် အကျင့်မြတ်ကို သမာဒိယာမိ ကောင်း စွာ ဆောက်တည်ပါ၏ ဘုရား။

မုသာဝါဒါ မဟုတ်မမှန်သောဝတ္ထုကို ဟုတ်မှန်သော အားဖြင့် လိမ်လည်လှည့်ဖြား၍ ပြောဆိုကြောင်း ဖြစ်သော ဝိသံဝါဒန စေတနာပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်တည်း ဟူသော ဝိရမိတဗ္ဗဝတ္ထု မှ ဝေရမဏီသိက္ခာပဒံ ရှောင်ကြဉ် ကြောင်းဖြစ်သော သိက္ခာပုဒ်တော် အကျင့်မြတ်ကို သမာဒိယာမိ ကောင်းစွာ ဆောက်တည်ပါ၏ ဘုရား။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ကုသိုလ်ကောင်းမှုတို့၌ ယစ်ခြင်း၊ မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သုရာငါးပါး မေရယ ငါးပါး ကို သောက်စားကြောင်း ဖြစ်သော ပိဝန စေတနာ ပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ် တည်း ဟူသော၊ ဝိရမိတဗ္ဗဝတ္ထုမှ ဝေရမဏီသိက္ခာပဒံ ရှောင်ကြဉ်ကြောင်း ဖြစ် သော သိက္ခာပုဒ်တော် အကျင့်မြတ်ကို သမာဒိယာမိ ကောင်း စွာ ဆောက်တည်ပါ၏ဘုရား။

သာသနာလျှောက်ရန်။

လေးဖြာသစ္စာ ငါးဖြာဉေယျ သတ္တဗောဇ္ဈင် မဂ္ဂင် အဋ္ဌ နဝဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် သက်တော် (၈၀)၊ ဝါတော် (၄၅) ဝါ၊ စေ့ရောက်တော် မူ သောအခါ၊ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ် တော၀ယ် ရှေပြည်နိဗ္ဗာန် စံလွန်တော် မူသည့် နေ့မှ စ၍၊ ထား တော်မူခဲ့သော သာသနာတော်မြတ်သည် ငါးထောင် ဖြစ်ပါ သည် ဘုရား။

ထို ငါးထောင်အနက်တို့တွင် လွန်လေပြီးသော အတိတ်သာသနာတော်မြတ်သည်ကား (၂၅၀၆) နှစ် လွန်ပါ ပြီ ဘုရား။ ကြွင်းကြံသေးသော အနာဂတ် သာသနာတော်

မြတ်သည်ကား ၂၄၉၄ ခုနှစ်၊ ကြွင်းပါသေးသည်ဘုရား၊ ယခုလူတို့ ခေါ်ဝေါ်ပညတ် သမုတ်အပ်သော၊ ကောဇာသက္ကရာဇ်နှစ်၏ အရေအတွက် သည်ကား၊ ၁၃၂၄-ခုနှစ်၊ ဂိမ္ဟန္တ ဥတုကဆုံလွှန်း (၁၅) ရက်၊ သောကြာနေ့ ဖြစ်ပါသည်အရှင်ဘုရား။

သာသနာလျှောက်ပြီး၏။

ဩကာသ ဘုရားရှိခိုး၌ပါသော အပါယ်စသော တရားများ၏၊ လက်္ခာ သံပေါက်။

ရတနာသုံးပါး ဆရာအား ဝတ္တားဝန္ဒနာ။
လိမ္မာလိုညား တပည့်သား မှတ်သားလေကုန်ပါ။
အပါယ်စသား တရားများ သိညားစေဘို့ရာ။
လက်္ခာသံပေါက် အတိုကောက် မှတ်လောက်ဤသည့်စာ။
ငရဲ၊ တိရိစ်၊ ပြိတ်၊ အသူရာယ် ဤလေးသွယ် မှတ်ဘွယ် ပါယ်လေးရွာ။
ထိုလေးပါးတွင် ငရဲခွင် ရှစ်အင်ပြားသည်သာ။
သိဉ္စီဝ်း ကာဠ္ဍ သံဃာတ နှစ်ဝရောရုဝ ါ။
တာပန်နှစ်ရှိ အဝီစိ မှတ်ဘိငရဲရွာ။
ငရဲကြီးရှစ် မှတ်တုံလစ် စင်စစ်ကြောက်စရာ။
တောင်ကျွန်းအောက်က တည်ဒနရ မှတ်ကြ ဤရှစ်ဖြာ။
သောင်းငါးထောင်စီ ဝေးကွာညီ ရှစ်လီငရဲရွာ။
ငရဲငယ်များ သိလိုညား ပိုင်းခြားမှတ်လေပါ။
ဘင်ပြာလက်သံ အစဉ်ရန် လေးတန်ဥဿဒါ။
တမျက်နှာလျှင် လေးလုံးစည် ပေါင်းလျှင်ဆယ့်ခြောက်သာ။

တရာနှစ်ဆယ် ရှစ်ခုကယ် မှတ်ဘွယ်ပေါင်းသင်္ချာ။
ဒေဝဒူတ သုတ်ဝယ်ပြ သိကြများသိသာ။
မီး သံ ပြာ ရေ ဤလေးထွေ မှတ်လေတမျိုးသာ။
ကြေးဘင်လက်ပန် ကြိမ်ပိုက်မှန် ရှစ်တန်ဥဿဒါ။
နှစ်ရာ့ငါးဆယ် ခြောက်ခုကယ် သိဘွယ်ပေါင်းသင်္ချာ။
လောကပညတ် ကျမ်းဝယ်မှတ် မိန့်အဖ်လွန်သေချာ။
ပုဗ္ဗဝိဒေဟ ပရေဂေါယာ လကျ်ာဇမ္ဗူ များဗိုလ်လူ မှတ်ယူ ဥတ္တရာ။
လေးကျွန်းဗဟိုရ် တမြင့်မိုရ် ခေါ်ဆိုစကြာသာ။
စကြာသုံးပါး အလည်ကြား တည်ညားငရဲရွာ။
လောကန္တရာဇ် တမျိုးဖြစ် စင်စစ်မှတ်ကုန်ပါ။
ဆရာမိဘ ပြစ်မှားက ကျရကေန်သာ။
တိရိစ်ပြိတ္တာ အသူရာ တည်ရာ မမြဲပါ။
လူ့ဘုံဒေဝ တည်နေရ မှတ်ကြဤသုံးဖြာ။
လောဘတရား လွန်ပွါးများ ရောက်ညားဘုံပြိတ္တာ။
အမျက်ဒေါသ များလေက ကျရငရဲမှာ။
မောဟထွေထွေ လွန်တွေဝေ ရောက်လေတိရိစ်မှာ။
ဆင်းရဲနွမ်းပါး ပစ္စည်းရှား ပြုညားလောဘကြောင့်။
အဆင်းမဟန် အကြီးတန် မှတ်ရန်ဒေါသကြောင့်။
အမျိုးယုတ်မှာ ဖြစ်ရရှာ တဖြာမောဟကြောင့်။
သတ္တန် ရောဂါန် ဒုဗ္ဘိက္ခန် မှတ်ရန်သုံးတန်ကပ်။
ထား တုတ် လှံ ဘေး တွေ့ကြုံရေး သေဘေးသတ္တန်ကပ်။
အနာရောဂါ နှိပ်စက်ခါ သေရာရောဂါန်ကပ်။

ငတ်မွတ်ခေါင်းပါး အစာရှား သေညားဒုဗ္ဘိက်ကပ်။
သတ္တဝါများ ဒေါသပွါး ပျက်ပြားသတ္တန်ကပ်။
မောဟတွေဝေ များဗိုလ်ချေ ပျက်လေရောဂါန်ကပ်။
လိုခြင်လောဘ အားကြီးက ပျက်ရဒုဗ္ဘိက်ကပ်။
ငရဲ၊ တိရိစ်၊ ပြိတ်၊ အသညာ၊ အရူပါ မိစ္ဆာထည့်စွက်လေ။
ဇာနေ္ဒချို့ပြန် ပစ္စန္တရာဇ် ဤသည်ရှစ် ရပ်ပြစ်အက္ခဏာ။
ဤရှစ်ပါးဖြင့် မဂ်အကျင့် ရခွင့်မရှိပေ။
ဗုဒ္ဓမြတ်စွာ ဒိုဆရာ မိန့်မှာဟောခဲ့ပေ။
ရေမီးနှစ်ဖြာ မင်းပါခိုးသူ မချစ်သူ မှတ်ယူ ရန်သူငါး။
ရန်သူငါးဖြာ ဝေးဝေးကွာ ရှောင်ပါတပည့်သား။
ရန်သူနှင့်ပေါင်း ပျက်စီးကြောင်း ကောင်းကောင်းမှတ်လေပါ၊
ကာလဂတိ ဥပဓိ မှတ်ဘိပယောဂါ။
ဝိပ္ပတ္တိလေး တွေ့ကြုံရေး ကျိုးပေးမကောင်းရာ။
ဆုပ်ကပ်အခါ တွေ့ကြုံလာ မှတ်ပါကာလဝိပ်။
အပါယ်လေးဖြာ ကျရောက်ခါ တဖြာဂတိဝိပ်။
ကိုယ်လက်အင်္ဂါ ချို့တဲ့လာ သိပါ ဥပဝိပ်။
လုံ့လဝီရိယာ ဆုတ်ယုတ်ခါ ပျက်ရာပယောဝိပ်။
ဥာတိဘောဂါ နာရောဂါ သီလာထည့်စွက်လေ။
အယူဒိဋ္ဌိ တပါးထည့် မှတ်ဘိဗျသနေ။
ဆွေမျိုးဖုံဖုံ ပျက်စီးကုန် မှတ်တုံညာတိဗျသ်။
ပစ္စည်းဥစ္စာ ပျက်ပြုန်းကုန် တဖုံဘောဂဗျသ်။
အနာထွေထွေ နှိပ်စက်လေ မှတ်လေရောဂဗျသ်။
ကိုယ်ကျင့်ခံမှု ကင်းကွာပေ မှတ်လေသီလဗျသ်။

သမ္မာအယူ ဖေါက်ပြန်မှု တဆူဒိဋ္ဌိဗျည်း။
ထိုတရားများ ကင်းလိုညား ပွါးများကုသလာ။
ကုသိုလ်ပုည ပြုပါက တောင်းတနိဗ္ဗာန်သာ။
နိဗ္ဗာန်ပြည်မြတ် အအေးဓါတ် ကင်းလတ် ဘေးဘယာ။
မကျဉ်းမကျယ် လက်ာချယ် ဤဝယ်နိဋ္ဌိတာ။

လက်ာသံပေါက်ပြီး၏။

အပါယ်စသောတရားများ၏ လက်ာနှင့် အဓိပ္ပါယ်။

ရတနာသုံးပါး ဆရာအား ဝတ္ထာဝန္ဒနာ။
လိမ္မာလိုညား တပည့်သား မှတ်သားလေကုန်ပါ။
အပါယ်စသား တရားများ သိညားစေဘို့ရာ။
လက်ာသံပေါက် အတိုကောက် မှတ်လောက်ဤသည့်စာ။
ငရဲ၊ တိရိစ်၊ ပြိတ်၊ အသူရာယ် ဤလေးသွယ် မှတ်ဘွယ်ပါယ် လေးရွာ။

ရတနာသုံးပါး ဆရာအား ရှိခိုးပြီး၍ လိမ္မာလိုကြသော တပည့်သားတို့အား၊ မှတ်သားစေရန်၊ အပါယ်လေးပါး ကပ်သုံးပါး၊ စသော တရားများကို လက်ာ သံပေါက်ဖြင့်၊ တိုတိုတုတ်တုတ် ရေးသားပါမည်ဟု ပဋိညာဉ်ပြုပါသည်။

အပါယ်ဘုံသည်

ငရဲဘုံ၊ တိရိစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ အားဖြင့် လေးပါးအပြားရှိပါသည်။

ထိုလေးပါးတွင် ငရဲခွင် ရှစ်အင်ပြားသည်သာ။
အပါယ်လေးပါးတို့တွင် ငရဲဘုံသည် ရှစ်ပါးပြားပါသည်။

သိဋ္ဌိုဝ်း ကာဠ သံဃာတ နှစ်ဝရောရုဝါ။
တာပန်နှစ်ရှိ အဝီစိ မှတ်ဘိငရဲရွာ။

ငရဲဘုံသည်

သိဋ္ဌိုဝ်းငရဲ၊ ကာဠသုတ်ငရဲ၊ သံဃာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲ၊ အားဖြင့် ရှစ်ပါး အပြားရှိပါသည်။

ငရဲကြီးရှစ် မှတ်တုံလစ် စင်စစ်ကြောက်စရာ။
တောင်ကျွန်းအောက်က တည်နေရ မှတ်ကြဉ်ရှစ်ဖြာ။
သောင်းငါးထောင်စီ ဝေးကွာညီ ရှစ်လီငရဲရွာ။

ငရဲကြီးရှစ်ထပ်သည် ဆင်းရဲအတိသားဖြစ်၍၊ အလွန်ကြောက်စရာကောင်းပါသည်၊ ထိုငရဲကြီးရှစ်ထပ်သည် ဤဇမ္ဗူဒီပါ လကျ်ာတောင်ကျွန်းအောက်၌ တည်နေကြပါသည်၊ တပါးသော အရှေ့ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်းအောက်တို့၌ ငရဲမရှိပါ။

လူပြည်နှင့် အပေါ်ဆုံး သိဋ္ဌိုဝ်းငရဲသည်၊ ယူဇနာပေါင်း တသောင်းငါးထောင်ဝေးပါသည်။ ကြွင်းကျန်သော ငရဲကြီးတို့သည်လည်း၊ ယူဇနာပေါင်း တသောင်းငါးထောင်စီ ဝေးပါသည်၊ လူပြည်နှင့် အောက်ဆုံး အဝီစိ ငရဲကြီးသည် ယူဇနာပေါင်း တသိန်းနှစ်သောင်းဝေးပါသည်။

ငရဲငယ်များ သိလိုညား ပိုင်းခြားမှတ်ခလပါ။
ဘင်ပြာသက်သံ အစဉ်ရန် လေးတန်ဉသာဒါ။

ငရဲငယ်များသည်၊ ဘင်ပုဘ်ငရဲ၊ ပြာပူငရဲ၊ လက်ပန်တောငရဲ၊ သံရည်ပူငရဲ အားဖြင့် လေးပါးအပြားရှိသည်။

တမျက်နှာလျှင် လေးလုံးစဉ် ပေါင်းလျှင်ဆယ့်ခြောက်သာ။
တရာ့နှစ်ဆယ် ရှစ်ခုကယ် မှတ်ဘွယ်ပေါင်းသချာ။
ဒေဝဒူတ သုတ်ဝယ်ပြ သိကြမျှားသိသာ။

ငရဲကြီးတမျက်နှာ၌ ငရဲငယ်လေးလုံး တည်ရှိသော ကြောင့်၊ လေးမျက်နှာ၌ ငရဲငယ် တဆယ့်ခြောက်လုံး တည် ရှိပါသည်၊ ငရဲကြီးတထပ်လျှင် ငရဲငယ် တဆယ့်ခြောက်လုံး ရှိ၍၊ ငရဲကြီးရှစ်ထပ်၌ ငရဲငယ်ပေါင်း တရာနှစ်ဆယ်ရှစ်လုံး ရှိ ပါသည်ဟု ဒေဝဒူတသုတ်၌ ဘုရားရှင် ဟောတော်မူပါသည်။

မီး သံ ပြာ ရေ ဤလေးထွေ မှတ်လေတမျိုးသာ။
ကြေးဘင်လက်ပန် ကြိမ်ပိုက်မှန် ရှစ်တန်ဥဿဒါ။
နှစ်ရာ့ငါးဆယ် ခြောက်ခုကယ် သိဘွယ်ပေါင်းသချာ။
လောကပညတ် ကျမ်းဝယ်မှတ် မိန့်အပ်လွှန်သချာ။

တနည်းအားဖြင့် ငရဲငယ်တို့သည်

မီးပူငရဲ၊ သံပူငရဲ၊ ပြာပူငရဲ၊ ရေပူငရဲ၊ ကြေးနီအိုးငရဲ ဘင်ပုတ်ငရဲ၊ လက်ပန်တောငရဲ၊ ကြိမ်ပိုက်ငရဲ အားဖြင့်၊ ရှစ်ပါး အပြားရှိပါသည်။

ငရဲကြီး တမျက်နှာလျှင် ရှစ်လုံးစီရှိသောကြောင့်၊ လေး မျက်နှာ၌ (၃၂) လုံး ရှိပါသည်၊ ငရဲကြီး ရှစ်ထပ်၌ ငရဲငယ် ပေါင်း နှစ်ရာငါးဆယ်ခြောက်လုံး ရှိပါသည် ဟု၊ လောက ပညတ်ကျမ်း၌ မိန့်ဆိုပါသည်။

ပုဗ္ဗဝိဒေ ပရေဂေါယာ လကျၤာဇမ္ဗူ မျှားဗိုလ်လူ မှတ်ယူ ဥတ္တရာ။
လေးကျွန်းဗဟိုရ် တမြင့်မိုရ် ခေါ်ဆိုစကြာသာ။

ပုဗ္ဗဝိဒေဟ အရှေ့ကျွန်း၊ အပရဂေါယာ အနောက်ကျွန်း၊ ဇမ္ဗူဒီပါ တောင်ကျွန်း၊ ဥတ္တရကုရု မြောက်ကျွန်း အားဖြင့် ကျွန်းကြီးလေးကျွန်းရှိပါသည်၊ ထိုလေးကျွန်းအလယ် ဗဟိုရ်က မြင့်မိုရ်တောင်ကြီး ရှိပါသည်၊ ကျွန်းကြီးလေးကျွန်း မြင့်မိုရ်တောင်တခုကို စကြာဝဠာတခုဟု ခေါ်သည်။

စကြာသုံးပါး အလည်ကြား တည်ညားငရဲရွာ။
လောကန္တရာဇ် တမျိုးဖြစ် စင်ဇစ်မှတ်ကုန်ပါ။
ဆရာမိဘ ပြစ်မှားက ကျရကေန်သာ။

စကြာဝဠာ သုံးခုတို့၏အကြား၌ ငရဲတခုစီရှိပါသည်၊ ၎င်းငရဲကို လောကန္တရာဇ် ငရဲဟုခေါ်ပါသည်၊ ရတနာသုံးပါး ဆရာမိဘတို့ကို ပြစ်မှားသော သူတို့သည် ၎င်းလောကန္တရာဇ် ငရဲ၌ကျရပါလည်။

တိရိစ်ပြိတ္တာ အသူရာ တည်ရာ မမြဲပါ။
လူ့ဘုံဒေသ တည်နေရ မှတ်ကြ ဤသုံးဖြာ။

တိရိစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့သည်၊ တည်နေရာဌာန အမြဲမရှိပါ၊ ၎င်းတို့နေသော အခိုက်အတန့်ကို ဘုံဟုခေါ်ပါသည်။

လောဘတရား လွန်ပွါးများ ရောက်ညားဘုံပြိတ္တာ။
အမျက်ဒေါသ များလေက ကျရငရဲမှာ။
မောဟထွေထွေ လွန်တွေဝေ ရောက်လေတိရိစ်မှာ။

လောဘ အားကြီးသော ပုဂ္ဂိုလ်တို့သည်၊ သေသောအခါ များသောအားဖြင့် ပြိတ္တာဘုံသို့ ရောက်ကြရပါသည်။

ဒေါသ အားကြီးသောသူသည်၊ သေသောအခါ ငရဲဘုံသို့ ရောက်ရပါသည်၊ မောဟ အားကြီးသော သူသည် သေသော အခါ တိရိစ္ဆာန်ဘုံသို့ ရောက်ရပါသည်။

ဆင်းရဲနွမ်းပါး ပစ္စည်းရှား ပြုညားလောဘကြောင့်။
အဆင်းမဟန် အကြီးတန် မှတ်ရန်ဒေါသကြောင့်။
အမျိုးယုတ်မှာ ဖြစ်ရရှာ တဖြာမောဟကြောင့်။

လောဘအားကြီးသောသူသည် ကုသိုလ်ကံတပါး ကြောင့်၊ လူဘုံ၊ နတ်ဘုံ၌ ဖြစ်ရသော်လည်း၊ ဆင်းရဲနွမ်းပါး ပစ္စည်းရှားသော အမျိုး၌ဖြစ်ရပါသည်၊ ဒေါသအားကြီးသော သူသည် ဖြစ်ရာဘဝတို့၌ အဆင်းမလှ အကြီးတန်သော အမျိုး၌ ဖြစ်ရပါသည်၊ မောဟအားကြီးသောသူသည် ဖြစ်ရာဘဝတို့၌ ယုတ်ညံ့၍ အောက်တန်းစားကျသော ဒွန်းစဏ္ဍား၊ အသုဘ ရာဇာ ပန်းမိုက်သွန် မျိုးတို့၌သာ ဖြစ်ရပါသည်။

သတ္တန် ရောဂါန် ဒုဗ္ဘိက္ခန် မှတ်ရန်သုံးတန်ကပ်။
ထား တုတ် လှံဘေး တွေ့ကြုံရေး သေဘေးသတ္တန်ကပ်။
အနာရောဂါ နှိပ်စက်ခါ သေရာရောဂါန်ကပ်။
ငတ်မွတ်ခေါင်းပါး အစာရှား သေညားဒုဗ္ဘိက်ကပ်။

ကပ် သည်၊

သတ္ထန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် အား ဖြင့် သုံးပါးအပြားရှိပါသည်၊ ထား တုတ် လှံ သေနပ်စသော လက်နက်တို့ဖြင့် သေကြေ ပျက်စီး ရခြင်းသည် သတ္ထန္တရကပ် မည်ပါသည်၊ ရောဂါအပေါင်း တို့သည် နှိပ်စက်ခြင်းဖြင့် သေကြေ ပျက်စီး ရခြင်းသည်၊ ရောဂန္တရကပ် မည်ပါသည်၊

အစားအစာ တော်မွတ်ခေါင်းပါး၍ သေကြေပျက်စီးရခြင်းသည် ဒုဗ္ဘိက္ခန္တရကပ် မည်ပါသည်။

သတ္တဝါများ ဒေါသပွါး ပျက်ပြားသတ္တန်ကပ်။
မောဟတွေဝေ များဗိုလ်ချေ ပျက်လေရောဂါန်ကပ်။
လိုခြင်လောဘ အားကြီးက ပျက်ရဒုဗ္ဘိက်ကပ်။

သတ္တဝါတို့၏ သန္တာန်၌ ဒေါသအားကြီးသောအခါ သတ္ထန္တရကပ်ဖြင့်ပျက်စီးရပါသည်၊ သတ္တဝါတို့၏သန္တာန်၌မောဟအားကြီးသောအခါ ရောဂန္တရကပ်ဖြင့် ပျက်စီးရပါသည်၊ သတ္တဝါတို့၏သန္တာန်၌ လောဘအားကြီးသောအခါ ဒုဗ္ဘိက္ခန္တရ ကပ်ဖြင့် ပျက်စီးရပါသည်။

ငရဲ တိရိစ် ပြိတ် အသညာ အရူပါ မိစ္ဆာထည့်စွက်လေ။
ဠာနေ္တချို့ပြန် ပစ္စန္တရာဇ် ဤသည့်ရှစ် ရပ်ပြစ်အက္ခဏ။
ဤရှစ်ပါးဖြင့် မဂ်အကျင့် ရခွင့်မရှိပေ။
ဗုဒ္ဓမြွတ်စွာ ဒိုဆရာ မိန့်မှာဟောခဲ့ပေ။

မဂ်ဖိုလ် ရဘို့ရန်အခွင့်မရှိသော အရပ်ရှစ်ပါးကို၊ ရပ်ပြစ်ရှစ်ပါးဟု ခေါ်ဆိုရပါသည်။

ရပ်ပြစ်ရှစ်ပါးသည်၊

ငရဲဘုံတပါး၊ တိရိစ္ဆာန်ဘုံတပါး။ ပြိတ္တာဘုံတပါး၊ အသညသတ်ဘုံတပါး၊ အရူပဘုံတပါး၊ မိစ္ဆာဒိဋ္ဌိတပါး၊ ဠာနေ္တချို့တဲ့သောပုဂ္ဂိုလ်တပါး၊ ပစ္စန္တရာဇ် တပါး အားဖြင့် ရပ်ပြစ်ရှစ်ပါးဖြစ်ပါသည်။

ဤရပ်ပြစ် ရှစ်ပါးတို့တွင် တပါးပါး၌ဖြစ်သောသူတို့သည်၊ မဂ်တရား ဖိုလ်တရား မရနိုင်ဟု မြတ်စွာဘုရား ဟောတော်မူခဲ့ပါသည်။

ရေမီးနှစ်ဖြာ မင်းပါခိုးသူ မချစ်သူ မှတ်ယူရန်သူငါး။
ရန်သူငါးဖြာ ဝေးဝေးကွာ ရှောင်ပါတပည့်သား။

ရန်သူမျိုးငါးပါးသည်၊

ရေတပါး၊ မီးတပါး၊ မင်းတပါး၊ ခိုးသူတပါး၊ မချစ်မနှစ်သက်သူ တပါး၊ အားဖြင့် ရန်သူမျိုးငါးပါး ဖြစ်ပါသည် ထိုရန်သူမျိုးငါးပါးကို ဝေးဝေးကရှောင်ကြဉ်ပါ။

ရန်သူနှင့်ပေါင်း ပျက်စီးကြောင်း ကောင်းကောင်းမှတ်လေပါ

ရန်သူမျိုးငါးပါးနှင့် ပေါင်းသင်းသောသူသည်၊ ကိုယ်စိတ် ဆင်းရဲခြင်း၊ ပစ္စည်းပျက်ခြင်း၊ အသက်သေခြင်း၊ စသောဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံရပါသည်။

ကာလဂတိ ဉပဓိ မှတ်ဘိပယောဂါ။
ဝိပ္ပတ္တိလေး တွေ့ကြုံရေး ကျိုးပေးမကောင်းရာ။

ဝိပ္ပတ္တိတရားသည်၊

ကာလဝိပ္ပတ္တိ၊ ဂတိဝိပ္ပတ္တိ၊ ဉပဓိဝိပ္ပတ္တိ၊ ပယောဂဝိပ္ပတ္တိ အားဖြင့် လေးပါးအပြား ရှိပါသည်၊ ထိုဝိပ္ပတ္တိတရား လေးပါးတို့တွင်၊ တပါးပါးနှင့် တွေ့ကြုံပါက အကျိုးပေး မကောင်းပါ၊ မကောင်းသော အကျိုးကို ပေးတတ်ပါသည်။

ဆုပ်ကပ်အခါ တွေ့ကြုံလာ မှတ်ပါကာလဝိပ်။
အပါယ်လေးဖြာ ကျရောက်ခါ တဖြာဂတိဝိပ်။
ကိုယ်လက်အင်္ဂါ ချို့တဲ့လာ သိပါဉပဓိဝိပ်။
လုံ့လဝီရိယာ ဆုပ်ယုတ်ခါ ပျက်ရာ ပယောဂဝိပ်။

ဆုပ်ကပ်အခါနှင့် တွေ့ကြုံသောအခါ ကာလဝိပ္ပတ္တိ မည်ပါသည်၊ အပါယ်လေးဘုံသို့ ကျရောက်သောအခါ ဂတိဝိပ္ပတ္တိ မည်ပါသည်၊ ခြေလက် နား နှာခေါင်း ချို့တဲ့သောအခါ ဥပဓိဝိပ္ပတ္တိ မည်ပါသည်၊ လုံ့လဝီရိယ ကင်းကွာ၍၊ ပြင်းရှိသောအခါ ပယောဂ ဝိပ္ပတ္တိ မည်ပါသည်။

ဉာတိဘောဂါ နာရောဂါ သီလာထည့်စွက်လေ။
အယူဒိဋ္ဌိ တပါးထည့် မှတ်ဘိဗျသနေ။

ဗျသန တရား ငါးပါးသည်၊

ဉာတိဗျသန၊ ဘောဂဗျသန၊ ရောဂဗျသန၊ သီလဗျသန၊ ဒိဋ္ဌိဗျသန အားဖြင့် ငါးပါးအပြားရှိပါသည်။

ဆွေမျိုးဖုံဖုံ ပျက်စီးကုန် မှတ်တုံဉာတိဗျသ်။
ပစ္စည်းဥဿုံ ပျက်ပြုံးကုန် တဖုံဘောဂဗျသ်။
အနာထွေထွေ နှိပ်စက်လေ မှတ်လေရောဂဗျသ်။
ကိုယ်ကျင့်ဓမ္မ ကင်းကွာပေ မှတ်လေသီလဗျသ်။
သမ္မာအယူ ဖေါက်ပြန်မူ တဆူဒိဋ္ဌိဗျသ်။

မိဘ ဘိုးဘွား စသော ဆွေမျိုးတို့၏ ပျက်စီးခြင်းသည် ဉာတိဗျသန မည်ပါသည်၊ ဆင် မြင်း ကျွဲ နွား ရွှေ ငွေရတနာစသော ပစ္စည်းဥစ္စာတို့၏ ပျက် စီး ခြင်း သည် ဘောဂဗျသန မည်ပါသည်၊ အနာရောဂါ နှိပ်စက်၍ သေကြေပျက်စီးရခြင်းသည် ရောဂဗျသန မည်ပါသည်၊ ကာယကံ ဝစီကံ တို့ကို စောင့်ထိမ်းခြင်း သီလ၏ ပျက်စီးခြင်းသည် သီလဗျသန မည်ပါသည်၊ ကံ-ကံ၏ အကျိုးတရား စသည်တို့ကို မယုံကြည်ခြင်းသည် ဒိဋ္ဌိဗျသန မည်ပါသည်။

ထိုတရားများ ကင်းလိုသား ပွါးများကုသလာ။
ကုသိုလ်ပုည ပြုပါက တောင်းတနိဗ္ဗာန်သာ။
နိဗ္ဗာန်ပြည်မြတ် အအေးဓါတ် ကင်းလပ်ဘေးဘယာ။
မကျဉ်းမကျယ် လက်ာချယ် ဤဝယ်နိဋ္ဌိတာ။

ထိုအပါယ်လေးပါး၊ ကပ်သုံးပါး စသော တရားတို့မှ ကင်းကွာလိုသော အမျိုးကောင်းသားသည် ဒါန သီလစသော ကုသိုလ်တို့ကို ပြုလုပ်အားထုတ်ရပါသည်။

ကျိုးကြောင်းလိုလား အမျိုးကောင်းသားသည် ကုသိုလ် ပြုတိုင်း ပြုတိုင်း နိဗ္ဗာန်ကို တောင်းတ၍၊ ပြုရပါသည်၊ နိဗ္ဗာန် တရားသည်သာလျှင် ဘေးအပေါင်း ကင်းဝေးသည်ဖြစ်၍၊ အ အေးမြဆုံးသော သန္တိသုခ တရားဖြစ်ပါသည်။

မကျဉ်း မကျယ် အလယ်အလပ် ရေးသားအပ်သော၊ အပါယ်စသော တရားများသည် ဤတွင်တရပ် ပြီးဆုံးလတ်၍ လက်စသတ်လိုက်ပါသည်။

အပါယ်စသော တရားများ၏ လက်ာသံပေါက်နှင့်အဓိပ္ပါယ်
ဤတွင်ပြီး၏။

သိင်္ဂါလသုတ်လာ

ဂိဟိဝိနယ ခေါ် လူကျင့်ဝတ် တရားများ။

(၁) မကောင်းမြစ်ခါ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဘခင် မယ်တို့သာ၊ (မိဘကျင့်ဝတ်ငါးပါး)

(၂) ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လူမျိုဝေ၍၊ စောင့်လေမျိုးနွယ် ဝတ်ငါးသွယ် ပြုဘွယ်သားတို့တာ၊ တနည်း၊ ကျင့်ဘွယ်သားတို့တာ၊ (သားသမီးကျင့်ဝတ်ငါးပါး။)

(၃) ညီညာထကြ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနည်းလုပ်ကျေး၊ သင်တေးအံ့ရွတ် တပည့်ဝတ် မချွတ်ငါးခုသာ။ (တပည့်ကျင့်ဝတ်ငါးပါး)

(၄) အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမကျုံ၊ ဘေးရန်ဆီးကာ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဘို့ဝတ်ငါးဖြာ။ (ဆရာကျင့်ဝတ် ငါးပါး)

(၅) အိမ်တွင်းမှုလုပ် သိမ်းထုတ်သေချာ မိတ္တာကြည်ရှောင် လျှော်အောင်ဖြန့်ချီ ပျင်းရိမမူ ဝတ်ငါးဆူ အိမ်သူကျင့်အပ်စွာ (မယားကျင့်ဝတ် ငါးပါး)

(၆) မထေမဲ့ကင်း အပ်နှင်းဥစ္စာ မိတ္တာမမှား ဝတ်စားဆင်ရင် မြတ်နိုးကြင် ငါးအင်လင်ကျင့်ရာ။ (လင်ကျင့်ဝတ် ငါးပါး)

(၇) ပေးကမ်းချီးမြှင့် ကိုယ်နှင့်ယှဉ်ထား စီးပွါးဆောင်ရွက် နှုတ်မြွက်ချိုသာ သစ္စာမှန်စေ ဝတ်ငါးထွေ ပြုလေမိတ်သဟာ။ (မိတ်ဆွေကျင့်ဝတ် ငါးပါး)

(၈) ဝစ္စာကျွေးမွေး ပြုရေးစီရင် နှာလျှင်ကုစေ ငွေဝရသာ အခါကိုလွှတ် အရှင်ဝတ် မချွတ်ငါးခုသာ။ (အရှင်ကျင့်ဝတ် ငါးပါး)

(၉) အိပ်သော်နောက်ကျ ထသော်ကားရှေ့ ပေးမှယူအပ် စေ့စပ်ဆောင်ရွက် ကျေးဇူးမြွက် ငါးချက်ကျွန်ကျင့်ရာ (ကျွန်ကျင့်ဝတ်ငါးပါး)

(၁၀) မေတ္တာစိတ်သက် ဆောင်ရွက်ချစ်ခင် ခင်မင်နှုတ်ချိုလိုလျှင်ဘိတ်ထား တတ်အားလှူစေ ဝတ်ငါးထွေ ပြုလေဒါယကာ။ (ဒါယကာကျင့်ဝတ်ငါးပါး)

(၁၁) မကောင်းမြစ်ခါ ကောင်းရာညွှန်လစ် အသစ်ဟောကျူး နာဘူးထပ်မံ နတ်ထံပို့ညွှား သနားလည်းပြု ရဟန်းမှု ခြောက်ခုလွှန်သချာ။ (ရဟန်းကျင့်ဝတ်ခြောက်ပါး)

သိင်္ဂါလသုတ် ပါဠိတော်လာ

ဂိဟိဝိနယ ခေါ် လူကျင့်ဝတ်တရားအကျယ် သရုပ်များ။

အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားသည် တရံရောအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး မွေ့လျော်စံနေတော်မူစဉ် သိင်္ဂါလ မည်သော သူကြွယ်သား သည်၊ ရာဇဂြိုဟ်ပြည်မှ ထွက်၍၊

စိုစွတ်သောအဝတ်၊ စိုစွတ်သော ဆံရှိသည်ဖြစ်၍၊ လက်အုပ်ချီပြီးလျှင်၊ အရှေ့၊ တောင်၊ အနောက်၊ မြောက်၊ အောက်၊ အထက်ဟု ဆိုအပ်သော၊ အရပ်ခြောက်မျက်နှာတို့ကို ရှိခိုး လျက်နေစဉ်၊ ဘုရားရှင် မြင်တော်မူလေလျှင်၊ အို သိင်္ဂါလသတို့သား သင်သည် အဘယ်အတွက်ကြောင့် အရပ် ရှစ်မျက်နှာတို့ကို ရှိခိုး၍ နေသနည်းဟု မိန့်တော်မူလေသော်၊ ရှင်တော် မြတ်ဘုရား ကျွန်ုပ်၏ ဘခင်သည်၊ သေခါနီး အခါ၌ ကျွန်ုပ်ကို ခေါ်၍၊ ချစ်သား သိင်္ဂါလ၊ အရပ်ဒိသာ ခြောက်မျက် နှာ တို့ကို ရှိသေစွာ စိတ်စွဲလျက် အမြဲရှိခိုးရစ်လေဟု သေတမ်းစကား မှာကြားခဲ့သောကြောင့်၊ ရှိခိုးပါသည်ဟု လျှောက်ထားလေ၏။

ထိုအခါ သဗ္ဗညု ရှင်တော်မြတ်ဘုရားက၊ အို သိင်္ဂါလသတို့သား၊ သင် ၏ ဘ ခင် က၊ ဤ ရှေ့၊ နောက် တောင် မြောက်၊ ထက်၊ အောက် ဒိသာ ခြောက်မျက်နှာ တို့ကို ရှိခိုးရမည်ဟု မှာထားခြင်းမဟုတ်ပါ၊ စင်စစ်မှာ

(၁) မိခင် ဘခင် ကျေးဇူးရှင်တို့သည် ပုဗ္ဗဒိသာ၊ အရှေ့မျက်နှာအရပ် မည်ကုန်၏။

(၂) အတတ်ပညာ သင်ပေးသော ဆရာသမားတို့သည်၊ ဒက္ခိဏဒိသာ တောင်မျက်နှာအရပ် မည်ကုန်၏။

(၃) အိမ်သူမယား၊ သမီး သားတို့သည်၊ ပစ္ဆိမဒိသာ အနောက်မျက်နှာအရပ် မည်ကုန်၏။

(၄) ဉာတိသာလောဟိတ မိတ္တာမစ္စဖြစ်သော၊ မိတ်ဆွေခင်ပွန်းတို့သည်၊ ဥတ္တရဒိသာ မြောက်မျက်နှာအရပ် မည်ကုန်၏။

(၅) ကျွန်အမှု အလုပ်သမားတို့သည်၊ ဟေဋ္ဌိမဒိသာ၊ အောက်မျက်နှာအရပ် မည်ကုန်၏။

(၆) အကျင့်သီလ ပြည့်ဝကြသော၊ ရဟန်းသံဃာတော်တို့သည်၊ ဥပရိမဒိသာ၊ အထက် မျက်နှာအရပ် မည်ကုန်၏။

ဤအရပ် ခြောက်မျက်နှာ တည်းဟူသော မိဘ စသည်တို့၌ ပြုအပ်သော ဝတ်စသည်တို့ကို ရှိသေစွာ စိတ်စွဲလျက်၊ အမြဲပြုရစ်လော့ဟု မှာကြားခြင်းဖြစ်သည်ဟု မိန့်တော်မူပြီးလျှင် သိင်္ဂါလ သူကြွယ်သားသည် တောင်းမန်အပ်သည်ဖြစ်၍၊ ဂဟဋ္ဌခေါ - လူသူတော်စင်တို့ အမှန်ပင်ကြည်ရှောင်ရန်တရား တဆယ်လေးပါးနှင့်၊ ဤကျင့်ဝတ် တရားတော်တို့ကို ဟောကြားတော်မူခဲ့ပေ၏။

ပုဗ္ဗဒိသာဟု ဆိုအပ်သော မိခင်ဘခင် ကျေးဇူးရှင်တို့၌၊ သားသမီးတို့က ပြုရသော ဝတ္တရားငါးပါး။

(၁) အသက်အရွယ် ကြီးရင့်အိုမင်းကြသော၊ မိခင် ဘခင်တို့အား ကျွေးမွေးရခြင်းတပါး။

(၂) မိဘတို့သည် ပြုလုပ်အပ်သော အမှုကိစ္စတို့ကို မိမိ ကိစ္စကဲ့သို့ ဆောင်ရွက်ရခြင်းတပါး။

(၃) လောကီအမွေ၊ ဓမ္မအမွေ နှစ်ပါးလုံးကို ခံယူရခြင်းတပါး။

(၄) သေလွန်ပြီးသော မိဘတို့အား၊ ကုသိုလ်ပြု၍၊ ဝိသေသအားဖြင့် အမျှပေးဝေရခြင်းတပါး။

(၅) မိမိအမျိုးအနွယ်ကို မပျက်စီးရအောင် စောင့်ရှောက်ရခြင်း တပါးအားဖြင့် သားသမီး ကျင့်ဝတ်ငါးပါးဖြစ်ပါသည်

သားသမီးတို့၌ မိဘတို့ကပြုရသော ဝတ္တရားငါးပါး။

(၁) မကောင်းမှုဒုစရိုက် အကုသိုလ်တရားတို့ကို မပြုမကျင့်ရအောင် တားမြစ်ရခြင်းတပါး။

(၂) အရှိအသေပြုခြင်း၊ ကိုယ်ကိုနှိမ်ချခြင်း စသော အလိမ္မာတရား ကုသိုလ်သုစရိုက် တရားတို့၌ တည်နိုင်အောင် ညွှန်ရခြင်းတပါး။

(၃) အပြစ်ကင်းသော အတတ်တို့ကို သင်ကြားစေရခြင်းတပါး။

(၄) အမျိုးအနွယ်ကောင်းမြတ်သော သားသမီး တို့နှင့် ထိမ်းမြားမင်္ဂလာ ပြုပေးရခြင်း တပါး။

(၅) အရင်းအနှီးဖြစ်သော ဥစ္စာ ပစ္စည်းတို့ကို ပေးရခြင်း တပါး၊ အားဖြင့် မိဘကျင့်ဝတ် ငါးပါးဖြစ်ပါသည်။

ဒက္ခိဏဒိသာဟု ဆိုအပ်သော ဆရာသမားတို့၌ တပည့်တို့က ပြုရသော ဝတ္တရားငါးပါး။

(၁) ဆရာ၏ အမှုကိစ္စတို့ကို ညီညီညွတ်ညွတ် ထကြွလုံးလ ဝီရိယဖြင့် ပြုလုပ်ရခြင်းတပါး။

(၂) ဆရာ၏ သွန်သင်ဆုံးမသော စကားကို ရိုသေစွာ လိုက်နာရခြင်း တပါး။

(၃) ဆရာလာသည်ကိုမြင်လျှင် ခရီးဦးကြိုဆိုခြင်း၊ ခြေဆေးခြင်း၊ နေရာပေးခြင်း၊ ယပ်လေခပ်ခြင်း စသည်တို့ကို ပြုလုပ်ရခြင်း တပါး။

(၄) ဆရာ၏ အနီးအပါး၌ တနေ့လျှင် သုံးကြိမ် ဆည်းကပ် ခစား၍၊ လုပ်ကျွေးရခြင်း တပါး။

(၅) ပညာကို သင်ယူရခြင်း၊ ကြံစီရခြင်း၊ ရအောင်ကျက်ရခြင်း၊ ရပြီးသော စာကို အလွတ် အံရခြင်း တပါး၊ အားဖြင့် တပည့်ကျင့်ဝတ် ငါးပါးဖြစ်ပါသည်။

ဆရာသမားတို့က တပည့်တို့၌ ပြုရသော ဝတ်တရား ငါးပါး။

(၁) အတတ်ပညာကို သင်ပေးရခြင်း တပါး။

(၂) လောကဓမ္မ ဗဟုသုတဖြစ်အောင် သွန်သင်ဆုံးမ ရခြင်း တပါး။

(၃) ဆရာစားချန်မထားဘဲ၊ အတတ်ပညာကို သင်ပေးရခြင်းတပါး။

(၄) တပည့်တို့၌ ရောက်လာမည့်ဘေးများကို မရောက်လာနိုင်အောင် တားဆီးပေးရခြင်း တပါး။

(၅) သင့်တော်သော ဆရာကောင်းများထံသို့ ပညာရင်နို့သောက်စို့နိုင်ရန် အပ်ပေးရခြင်း တပါး အားဖြင့်၊ ဆရာကျင့်ဝတ် ငါးပါးဖြစ်ပါသည်။

ပစ္ဆိမဒိသာဟု ဆိုအပ်သော မယားတို့၌ လင်တို့က ပြုရသော ဝတ်တရားငါးပါး။

(၁) မိမိမယားအား နင်-ဟယ်စသည်ဖြင့် ရိုင်းရိုင်းစိုင်းစိုင်း မလေးမစား မထေမဲ့မြင် မပြုရခြင်းတပါး။

(၂) ရှာဖွေ၍ရသော ပစ္စည်းတို့ကို အပ်နှံရခြင်းတပါး။

(၃) သူကမကြည်ဖြူလျှင် သူမှတပါးအား မသွားမလာရခြင်းတပါး။
(၄) မိမိအခြေအနေအရ ငတ်စားတန်ဆာတို့ကို မညှိုးနွမ်းရအောင် ဆင်ယင်ရခြင်း တပါး။
(၅) အမိ၊ အမယ်၊ မင်း၊ ကွယ် စသည်တို့ဖြင့် ချိုချိုသာသာ မြတ်နိုးဘွယ်ရာ ပြောဆိုရခြင်း တပါး၊ အားဖြင့်၊ လင်ကျင့်ဝတ် ငါးပါးဖြစ်ပါသည်။

မယားတို့က လင်တို့၌ ပြုရာသော ဝတ္တရားငါးပါး။

(၁) အိမ်တွင်းမှုကိစ္စတို့ကို မလစ်ဟင်းရအောင်၊ လုံ့လဝိရိယဖြင့် ပြုလုပ်ရခြင်းတပါး။
(၂) အိမ်တွင်းရှိ ပစ္စည်းများကို မပျက်မစီး မပျောက်မပျက်ရအောင် သေချာစွာ သိမ်းဆည်းထားရခြင်းတပါး။
(၃) မိမိလင်မှ တပါးသော ယောကျာ်းတို့၌၊ စိတ်နှင့် မျှမကြူးလွန်ရခြင်းတပါး။
(၄) အိမ်ရှိ အခြွေအရံ ပရိသတ်တို့အား သင့်လျော်အောင် ပေးကမ်း ချီးမြှောက်ရခြင်း တပါး။
(၅) အိမ်တွင်း ကိစ္စ ဟူသမျှတို့၌ ပျင်းရိခြင်းမရှိဘဲ ထကြွလုံ့လ ဝိရိယ ရှိရခြင်းတပါး၊ အားဖြင့် မယားကျင့်ဝတ် ငါးပါးဖြစ်ပါသည်။

ဥတ္တရဒိသာ ဟု ဆိုအပ်သော အဆွေခင်ပွန်းတို့၌ အမျိုးသားတို့က ပြုရာသော ဝတ္တရားငါးပါး။

(၁) အခါကာလ အားလျော်စွာ ပေးကမ်း ကျွေးမွေး

ရခြင်းတပါး။

(၂) သူတို့အပေါ်၌ ဂုဏ်မယူမူ၍ ကိုယ်တူကိုယ်မျှ ကျင့်ရခြင်းတပါး။

(၃) သူတို့အကျိုးစီးပွါးကို ကောင်းစွာ ဆောင်ရွက်ပေးရခြင်းတပါး။

(၄) ချစ်ခင်ကျင်နာဘွယ်ရာခေါ်ဝေါ်ပြောဆိုရခြင်းတပါး

(၅) သူတို့၏ အကျိုးကို ရိုးသားသော စိတ်ကောင်းဖြင့်၊ ကောင်းမွန် မှန်ကန်စွာ ကျင့်ရခြင်းတပါး အားဖြင့် အမျိုးသားသားကျင့်ဝတ် ငါးပါးဖြစ်ပါသည်။

ဟေဋ္ဌိမဒိသာဟု ဆိုအပ်သော ကျေးကျွန်အမှု အလုပ်သမားတို့၌ အရှင်တို့က ပြုရသော ဝတ္တရားငါးပါး။

(၁) ထိုက်တန်လောက်အောင် ထမင်းရိက္ခာ လစာငွေများကို ကျွေးမွေးရခြင်းတပါး။

(၂) အလုပ်သမား၏ အင်အားနှင့် တိုင်းတာ၍ အလုပ်အကိုင်ကို စီရင်ရခြင်းတပါး။

(၃) မကျန်းမာသောအခါ ကောင်းမွန်စွာ ပြုစုကုသရခြင်း တပါး။

(၄) အစားအသောက်ကောင်းများ ရရှိသောအခါ ဝေငှရခြင်းတပါး။

(၅) ရက်ကြီး အခါကြီး ဥပုသ်နေ့များ ထူးကဲသော ပွဲသဘင်များ၌ အလုပ်မှ လွှတ်ပေးရခြင်း တပါး အားဖြင့် အရှင်ကျင့်ဝတ် ငါးပါး ဖြစ်ပါသည်။

အရှင်တို့၌ ကျေးကျွန် အလုပ်သမားတို့က ပြုရာသော ဝတ်တရားငါးပါး။

(၁) အရှင်၏ ဝတ်ကိုပြုပြီး၍ နောက်ကျမှအိပ်ရခြင်းတပါး။
(၂) အရှင်မထမီ နံက်စောစောထ၍၊ ဝတ်တရား ပြုရခြင်း တပါး။
(၃) အရှင်၏ ဥစ္စာကို မျက်မှောက် မျက်ကွယ် ပေးမှယူ ရခြင်း တပါး။
(၄) အလုပ်ကို စေ့စေ့စပ်စပ် လုပ်ရခြင်းတပါး။
(၅) အရှင်၏ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုရခြင်းတပါး အားဖြင့် ကျေးကျွန် ကျင့်ဝတ် ငါးပါးဖြစ်ပါသည်။

ဥပရိမဒိသာဟု ဆိုအပ်သော ရဟန်းတော်တို့၌၊ ဒါယကာတို့က ပြုရာသော ဝတ်တရားငါးပါး။

(၁) ရဟန်းတော်တို့အား မေတ္တာနှင့်ယှဉ်သော မနောကံ မှုကို ပွါးများရခြင်း တပါး။
(၂) မေတ္တာနှင့် ယှဉ်သော ကာယကံဝတ်နိဗတ်ကို မပြတ် ပြုရခြင်း တပါး။
(၃) မေတ္တာနှင့်ယှဉ်သော ဝစီကံစကားကို ပြောကြားရ ခြင်း တပါး။
(၄) ဘယ်အခါမဆို အလိုရှိရာ အမိန့်ရှိပါဟု ဘိတ် ကြား ရခြင်း တပါး။
(၅) ပစ္စည်း လေးပါး တို့ဖြင့် တတ်အားသမျှ လှူရခြင်း တပါး အားဖြင့် ဒါယကာကျင့်ဝတ် ငါးပါးဖြစ်ပါသည်။

ဒါယကာတို့၌ ရဟန်းတော်တို့က ပြုရသော ဝတ္တရားခြောက်ပါး

(၁) မကောင်းမှုကို မပြုရအောင် တားမြစ်ရခြင်းတပါး။

(၂) ဒါန သီလ ဥပေါသထ စသော ကုသိုလ်တို့၌၊ တည်အောင် ဟောပြောညွှန်ကြားရခြင်းတပါး။

(၃) မကြားနာရသေးသောတရားတော်တို့ကို ဟောပြောရခြင်း တပါး။

(၄) ကြားနာပြီးသော တရားတို့ကို အထူးသဖြင့် သိနိုင်အောင် ထပ်မံဟောပြောရခြင်းတပါး။

(၅) ဒါနသီလ စသော နတ်ရွာလမ်းကိုညွှန်ပြရခြင်းတပါး

(၆) ဒါယကာတို့ကို ဂရုဏာစိတ်ဖြင့် သနားစောင့်ရှောက်ရခြင်းတပါး၊ အားဖြင့် ရဟန်းကျင့်ဝတ်ခြောက်ပါးဖြစ်ပါသည်

မှတ်ချက်။ ဤ ရဟန်းကျင့်ဝတ်ခြောက်ပါး လက်ဟောင်း၌ (မေတ္တာလည်းပြု) အင်္ဂါတပါး ထည့်ထားသော်လည်း ပါဠိတော်၌ ကလျာဏေန အနုကမ္ပန္တိ ဟူ၍သာ ရှိသောကြောင့်၊ (သနားလည်းပြု) ဟု ကရုဏာကိုထည့်ရေးလိုက်သည်။

သိင်္ဂါလသုတ်လာ သေရည် သေရက် သောက်စားခြင်း၏ အပြစ်ခြောက်ပါး။

(၁) ယခုမျက်မှောက်ဘဝ၌ ပစ္စည်းဥစ္စာပျက်စီးရခြင်းတပါး

(၂) ခိုက်ရန်ဖြစ်ပွါးရခြင်း တပါး။

(၃) အနာရောဂါဆိုးတို့၏ ဖြစ်ပွါးရန်အကြောင်း ဖြစ်ခြင်း တပါး။

(၄) ဂုဏ်အရှိန် အကျော်စောမဲ့ခြင်းတပါး။

(၅) ဟိရိဩတ္တပ္ပကင်းကွာ ကိုယ်အင်္ဂါကို ဖေါ်ပြတတ်ခြင်း တပါး။

(၆) အသိ အလိမ္မာ ဥာဏ်ပညာကို ယုတ်လျော့အောင် ပြုခြင်း တပါး။ အားဖြင့် အပြစ်ခြောက်ပါးဖြစ်ပါသည်။

သိင်္ဂါလသုတ် ပါဠိတော်၌ ပစ္စက္ခ ဘဝ အပြစ်ကို သာ ဟောတော်မူခဲ့၏။

သေရည် သေရက် သောက်စားခြင်း၏ အပြစ်များ။
(အင်္ဂုတ္တိုရ် အဋ္ဌက နိပါတ်ပါဠိတော်)

သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ တိရစ္ဆာနယောနိ သံဝတ္တနိကံ ပေတ္တိဝိသယ သံဝတ္တနိကံ ယော သဗ္ဗလဟုကော သုရာမေရယ ပါနဿ ဝိပါကော မနုဿဘူတဿ ဥမ္မတ္တက သံဝတ္တနိကော ဟောတိ။

ချစ်သား ရဟန်းတို့ သေရည် သေရက် သောက်ခြင်းကို အဖန်တလဲလဲ မှီဝဲအပ် ပွါးများအပ်၊ ကြိမ်ဖန်များစွာ အလေ့ အလာ ပြုအပ်သည်ရှိသော်၊ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ ၌ ဖြစ်စေတတ်ခဲ့၏၊ အလုံးစုံတို့ အောက် အပေါ့ဆုံး ဖြစ်သော

သေရည် သေရက်သောက်ခြင်း၏ အကျိုးသည်၊ လူဖြစ်သော သူအား ရူးသွပ်ခြင်းကို ဖြစ်စေတတ်ခဲ့၏။

ဤပါဠိတော်အရ၊ သေရည်သေရက် သောက်သောသူသည် သေသည်၏ အခြားမဲ့၌၊ ငရဲ တိရိစ္ဆာန်၊ ပြိတ္တာဘုံတို့၌ ဖြစ်ရပါသည်၊ ကုသိုလ်ကံတပါးကြောင့် လူလာဖြစ်ပါက အရက်သောက်ခဲ့သောသူသည် အရူးသာ ဖြစ်ရပါသည်၊ အမိမှန်း အဘမှန်း မသိ၊ ဘုရား တရား သံဃာမှန်း မသိတော့ပါ၊ စျာန်တရား၊ မဂ်တရား၊ ဖိုလ်တရား တို့နှင့် ဝေးကွာလှပေ၏။ အရူးဘဝ၌ ကုသိုလ်မရှိသောကြောင့်၊ သေလျှင် အပါယ်သို့ ကျရပြန်၏၊ အပါယ်မှလွတ်ပြန်လျှင် အရူးသာ ဖြစ်ရပြန်၏၊ ထိုကြောင့်၊ အကုသိုလ်ကံ ငါးပါး တို့တွင် သုရာပါနကံသည် ကြောက်စရာ အကောင်းဆုံး၊ အပြစ်အကြီးဆုံးဖြစ်သောကြောင့် ပညာရှိ သူတော်ကောင်း တို့သည်၊ အထူးသဖြင့် ရှောင်ကြဉ်ကြပေကုန်၏။

မှတ်ချက်။ သေရည်သေရက် သောက်ခြင်းကြောင့်၊ ပဋိသန္ဓေ အကျိုးအားဖြင့်၊ ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာဘုံသို့ ရောက်ပုံကို ဟောသောပါဠိတော်မှာ၊ အင်္ဂုတ္တိုရ်ပါဠိတော် မှာသာ ရှိ၍၊ အခြားတပါးသော ကျမ်းတို့၌၊ ပဝတ္တိအကျိုးသာ ပါရှိသောကြောင့်၊ ဤအင်္ဂုတ္တိုရ်ပါဠိတော်ကို မတွေ့ဘူးကြသော ဆရာတော်ကြီးများပင် မျက်စိလည်၍၊ ဆုံးဖြတ် ခက်ခဲပုံကို တွေ့ခဲ့ရပေ၏။

ခုဒ္ဒကနိကာယ် သုတ္တနိပါတ် အဋ္ဌကထာ။

ယသ္မာ ပန မဇ္ဈပါယိ အတ္ထံ နဇာနာတိ ဓမ္မံ နဇာနာတိ မာတုပိ အန္တရာယံ ကရောတိ ပိတု ဗုဒ္ဓ ပစ္စေက ဗုဒ္ဓ သာဝကာနံပိ အန္တရာယံ ကရောတိ ဒိဋ္ဌေဝဓမ္မေ ဂရဟံ သမ္ပရာယေ ဒုဂ္ဂတိံ အပရာပရိယေ ဥမ္မာဒဉ္စ ပါပုဏာတိ။

သေရည် သေရက်ကို သောက်သောသူသည်၊ အကျိုး အကြောင်းကိုလည်းမသိခဲ့၊ အမိ၏ အန္တရာယ်ကိုလည်း ပြုတတ် ခဲ့၏၊ အဘ၏ အန္တရာယ်ကိုလည်းကိုလည်း ပြုတတ်ခဲ့၏၊ ဘုရား ပစ္စေကဗုဒ္ဓါ တပည့်သား သံဃာတော်တို့၏ အန္တရာယ် ကိုလည်း ပြုတတ်ခဲ့၏၊ မျက်မှောက် ဘဝ၌ ကဲ့ရဲ့ခြင်းသို့ ရောက်ခဲ့၏၊ တ မလွန်ဘဝ၌ ဒုဂ္ဂတိဟုဆိုအပ်သော ငရဲဘုံသို့ ရောက်ခဲ့ရ၏၊ ဘ ဝ အဆက်ဆက်၌ ရူးသွပ်ခြင်းသို့လည်းရောက်ခဲ့ရပေ၏။

ဤသုတ္တနိပါတ် အဋ္ဌကထာအရ၊ သုရာပါနကံသည် အပါယ်ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုး နှစ်ပါးလုံးကို ပြဆို ထားသောကြောင့်၊ ကြောင်းကျိုးသိမြင် ပညာရှင်များသည် အထူးသဖြင့် သေရည် သေရက် သောက်ခြင်းမှ ကြဉ်ရှောင် သင့် ပေ၏။

အထူးပြဆိုချက်။ အချို့သော ပုဂ္ဂိုလ်များက သေရည် သေရက်သည်၊ ဒုစရိုက် (၁၀) ပါးထည်း၌၊ မပါသောကြောင့်၊ သောက်ရုံသာသောက်၍၊ ပါဏာတိပါတာ စသည်တို့ကို မလွန်ကျူးပါက အပြစ်မရှိဟုပြောဆို၍ သောက် နေကြ၏။

အဘိဓမ္မတ္ထဝိဘာဝနီကျမ်း၌၊ သုရာပါနမ္ပိ ဧတ္ထေဝ သင်္ဂယှတိရသ သင်္ခါတေသု ကာမေသုမိစ္ဆာစာရ ဘာဝတောဟု မိန့်ဆိုတော်မူ၏။

ကာမေသုမိစ္ဆာ စာရမှာ၊ ရူပအာရုံ ကာမဂုဏ်၊ သဒ္ဒအာရုံ ကာမဂုဏ်၊ ဂန္ဓအာရုံ ကာမဂုဏ်၊ ရသအာရုံ ကာမဂုဏ်၊ ဖေါဋ္ဌဗ္ဗအာရုံ ကာမဂုဏ်တို့ကို ဖေါက်ပြန်၍ ကျင့်ခြင်းဖြစ်၍၊ အရက်သောက်ခြင်းမှာလည်း ရသအာရုံ ကာမဂုဏ်ကို ဖေါက်ပြန်၍ ကျင့်ခြင်း ဖြစ်သော ကြောင့်၊ သေရည် သေရက် သောက်ခြင်းကို ကာမေသုမိစ္ဆာစာရ ကံထဲသို့ ထည့်သွင်း၍ ယူရပါသည်၊ သို့အတွက် အရက်သောက်ပါက အပါယ်သို့ လားစေတတ်ကြောင်းကို ဘုရားဟောတော်မူသည်ဟုမှတ်သားအပ်၏။

သေရည်သေရက် အဆုံးအဖြတ်ပြီး၏။

ဒုစရိုက် (၁၀) ပါး ကား။

ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ အားဖြင့် ကာယကံ သုံးပါး။ မုသာဝါဒါ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပအားဖြင့် ဝစီကံ လေးပါး။ အဘိဇ္ဈာ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ အားဖြင့်၊ မနောကံ သုံးပါး၊ ပေါင်း ဒုစရိုက် (၁၀) ပါး ဖြစ်ပါသည်။

ပါဏာတိပါတာ သူ၏ အသက်ကိုသတ်ခြင်း၊ အဒိန္နာ ဒါနာ သူ၏ ဥစ္စာကိုခိုးယူခြင်း။ ကာမေသုမိစ္ဆာစာရာ သူ၏ သားမယားကို ပြစ်မှားခြင်း။

သက်သေအိုးမူ ကာမေသု သုံးခုကာယကံ။

မုသာဝါဒါ မဟုတ် မမှန်သော စကားကို ပြောဆိုခြင်း၊ ပိသုဏဝါစာ ဂုံးတိုက်သော စကားကို ပြောဆိုခြင်း၊ ဖရုသဝါစာ ရှုံ့ရင်းကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ သမ္ဖပ္ပလာပ အကျိုးမရှိ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း။

မုသာမိတ်ခွဲ ဆဲရေးပြိန်ဖျင်း အပါယ်ဘွင်း သက်ဆင်း ဝစီကံ။

အဘိဇ္ဈာ သူတပါးစီးစိမ်ကို လိုခြင်သောအားဖြင့် ကြံစီခြင်း၊ ဗျာပါဒ သူတပါး ပျက်စီးလျှင် ကောင်းလေစွ ဟု ကြံစီခြင်း၊ မိစ္ဆာဒိဋ္ဌိ ကံ ကံ၏ အကျိုးမရှိဟု ဖေါက်ပြန်သော အားဖြင့် သိမြင်ခြင်း။

သူ့ပိုင်နက်ကို ကိုယ့်ဘက်ညွတ်စေ အသေတောင်းတ ပါပမိစ္ဆာ ဤသုံးဖြာ မှတ်ပါမနောကံ။

သုစရိုက် (၁၀) ပါးကား။

ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသု မိစ္ဆာစာရာဝေရမဏီ၊ အားဖြင့် ကုသိုလ်ကာယကံ သုံးပါး။

မုသာဝါဒါ ဝေရမဏီ၊ ပိသုဏာဝါစာ ဝေရမဏီ၊ ဖရုသဝါစာ ဝေရမဏီ၊ သမ္ဖပ္ပလာပါ ဝေရမဏီ၊ အားဖြင့် ကုသိုလ်ဝစီကံ လေးပါး။

အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ အားဖြင့် ကုသိုလ်မနောကံ သုံးပါး။ ပေါင်း သုစရိုက် (၁၀) ပါးဖြစ်ပါသည်။

ပါဏာတိပါတာ ဝေရမဏီ သူ၏အသက်ကိုသတ်ခြင်းမှ ကြဉ်ရှောင်ခြင်း။ အဒိန္နာဒါနာ ဝေရမဏီ သူ၏ ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်ခြင်း။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သူ၏ သားမယားကို ပြစ်မှား ခြင်းမှ ကြဉ်ရှောင်ခြင်း။

သက်သတ်ခိုးမှု ကာမေသု ရှောင်မှုကာယကံ။

မုသာဝါဒါ ဝေရမဏီ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း။ ပိသုဏာဝါစာ ဝေရမဏီ ကုန်းတိုက်သောစကားကိုပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း၊ ဖရုသဝါစာ ဝေရမဏီ ရုန့်ရင်း ကြမ်းတမ်း သော စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း၊ သမ္ဖပ္ပလာပါ ဝေရမဏီ အကျိုး မရှိ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း။

မုသားမိတ်ခွဲ ဆဲရေးပြိန်ဖျင်း ရှောင်ကြဉ်ခြင်း ဖြစ်ခြင်းဝစီကံ။

အနဘိဇ္ဈာ သူတပါးစည်းစိမ်ကို လိုချင်သောအားဖြင့် မကြံစည်ခြင်း၊ အဗျာပါဒ သူတပါးပျက်စီးလျှင် ကောင်းလေစွဟု မကြံစည်ခြင်း၊ သမ္မာဒိဋ္ဌိ ကံ ကံ၏ အကျိုး ရှိ၏ဟု ဟုတ် တိုင်း မှန်စွာ သိမြင်ခြင်း။

သူ့ပိုင်နက်ကို ကိုယ့်ဘက်ညွတ်စေ အသေတောင်းတ ပါပမိစ္ဆာ ကျွံသုံးဖြာ ရှောင်ပါမနောကံ။

ပုညကြိယာ ဝတ္ထု (၁၀) ပါးကား။

ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မသာဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ အားဖြင့် ပုညကြိယာ ဝတ္ထု (၁၀) ပါးဖြစ်ပါသည်။

ဒါန အလှူပေးခြင်း၊ သီလ သီလဆောက်တည်ခြင်း၊ ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ အပစာယန ရတနာသုံးပါး ဆရာမိဘတို့အား အရိုအသေပြုခြင်း၊ ဝေယျာဝစ္စ ရတနာသုံးပါး ဆရာမိဘတို့၏ အမှုကြီးငယ်အသွယ်သွယ်ကိုရှက်ဆောင်ခြင်း ပတ္တိဒါန မိမိပြုသော ကုသိုလ်ကောင်းမှု အဘို့ကို သူတပါး တို့အား အမျှပေးဝေခြင်း၊ ပတ္တာနုမောဒနာ သူတပါး ပြုသော ကုသိုလ်ကောင်းမှုကို ဝမ်းမြောက် ခြင်း၊ ဓမ္မသာဝန တရားနာခြင်း၊ ဓမ္မဒေသနာ တရားဟော ခြင်း၊ ဒိဋ္ဌိဇုကမ္မ အယူကို ဖြောင့်မတ်စွာ ယူခြင်း။

ခန္ဓာငါးပါး ဟူသော်ကား။

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ အားဖြင့် ခန္ဓာ ငါးပါးဖြစ်ပါသည်။

ရုပ် (၂၈) ခုသည် ရူပက္ခန္ဓာမည်၏၊ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏၊ သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် (၅၀) သည် သင်္ခါရက္ခန္ဓာမည်၏၊ စိတ် (၈၉) ပါး သည် ဝိညာဏက္ခန္ဓာ မည်၏။

အာယတန (၁၂) ပါး ဟူသော်ကား။

စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ မနာယတန၊ ဓမ္မာယတန၊ အားဖြင့် အာယတန (၁၂) ပါးဖြစ်ပါသည်။

စက္ခုပသာဒသည် စက္ခာယတနမည်၏၊ သောတပသာဒသည် သောတာယတနမည်၏၊ ဃာနပသာဒသည် ဃာနာယတနမည်၏၊ ဇိဝှါပသာဒသည် ဇိဝှာယတနမည်၏၊ ကာယပသာဒသည် ကာယာယတနမည်၏၊ ရူပါရုံသည် ရူပါယတနမည်၏၊ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏၊ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏၊ ရသာရုံသည် ရသာယတနမည်၏၊ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ စိတ်တခု ရုပ် (၈၉) သည်၊ မနာယတနမည်၏၊ စေတသိက်(၅၂)ပါး သုခုမရုပ် သောဠသနိဗ္ဗာန်သည် ဓမ္မာယတနမည်၏။

ဓါတ် (၁၈) ပါး ဟူသော်ကား။

စက္ခုဓါတ်၊ သောတဓါတ်၊ ဃာနဓါတ်၊ ဇိဝှါဓါတ် ကာယဓါတ်၊ ရူပဓါတ်၊ သဒ္ဒဓါတ်၊ ဂန္ဓဓါတ်၊ ရသဓါတ်၊ ဖောဋ္ဌဗ္ဗဓါတ်၊ စက္ခုဝိညာဏဓါတ်၊ သောတဝိညာဏဓါတ်၊ ဃာနဝိညာဏဓါတ်၊ ဇိဝှါဝိညာဏဓါတ်၊ ကာယဝိညာဏဓါတ်၊ မနောဓါတ်၊ မနောဝိညာဏဓါတ်၊ ဓမ္မဓါတ် အားဖြင့်၊ ဓါတ် (၁၈) ပါးဖြစ်ပါသည်။

စက္ခုပသာဒသည် စက္ခုဓါတ်မည်၏၊ သောတပသာဒသည် သောတဓါတ်မည်၏၊ ဃာနပသာဒသည် ဃာနဓါတ်မည်၏၊ ဇိဝှါပသာဒသည် ဇိဝှါဓါတ်မည်၏၊ ကာယပသာဒသည် ကာယဓါတ်မည်၏၊ ရူပါရုံသည် ရူပဓါတ်မည်၏၊ သဒ္ဒါရုံသည် သဒ္ဒဓါတ်မည်၏၊ ဂန္ဓာရုံသည် ဂန္ဓဓါတ်မည်၏၊ ရသာရုံသည် ရသဓါတ်မည်၏၊ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓါတ်မည်၏၊ စက္ခုဝိညာဉ်နွေးသည် စက္ခုဝိညာဏဓါတ်မည်၏၊ သောတဝိညာဉ်နွေးသည် သောတဝိညာဏဓါတ်မည်၏၊

ဃာနဝိညာဉ်ဒွေးသည် ဃာနဝိညာဏဓါတ်မည်၏၊ ဇိဝှါဝိညာဉ်ဒွေးသည် ဇိဝှါဝိညာဏဓါတ်မည်၏၊ ကာယဝိညာဉ်ဒွေးသည် ကာယဝိညာဏဓါတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေးသည် မနောဓါတ်မည်၏၊ ကြွင်းသောစိတ်(၇၆)ခုသည် မနောဝိညာဏဓါတ်မည်၏၊ စေတသိက်(၅၂)ခု၊ သုခုမရုပ် သောဠသ နိဗ္ဗာန်သည် ဓမ္မဓါတ်မည်၏။

သစ္စာလေးပါးဟူသော်ကား။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ အားဖြင့် သစ္စာလေးပါးဖြစ်ပါသည်။

လောကီစိတ်(၈၁)ပါး၊ လောဘကြဉ်သောစေတသိက်(၅၁)ပါး၊ ရုပ်(၂၈)ပါးသည် ဒုက္ခသစ္စာမည်၏၊ လောဘစေတသိက်သည် သမုဒယသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အတ္ထိဣမသ္မိံကာယေ ကေသာ လောမာ နခါဒန္တာ တစောမံသံနှာရု အဋ္ဌိအဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလော

မကံ ပိဟကံ ပပ္ဖာသံ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ ပိတ္တံ သေမှံ ပုဗ္ဗောလောဟိတံ သေဒေါ မေဒေါ အဿုဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။

ကသိုဏ်း (၁၀) ပါး။

ပထဝီကသိဏံ၊ အာပေါကသိဏံ၊ တေဇောကသိဏံ ဝါယောကသိဏံ၊ နီလကသိဏံ၊ ပီတကသိဏံ၊ လောဟိတကသိဏံ၊ ဩဒါတကသိဏံ၊ အာကာသကသိဏံ၊ အာလောကကသိဏဉ္စေတိ ဣမာနိ ဒသကသိဏာနိနာမ။

အသုဘ (၁၀) ပါး။

ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကံ ဝိစ္ဆိဒ္ဒကံ ဝိက္ခာယိတကံ ဝိက္ခိတ္တကံ ဟတဝိက္ခိတ္တကံ လောဟိတကံ ပုဠုဝကံ အဋ္ဌိကဉ္စေတိ ဣမေဒသ အသုဘာနာမ။

အနုဿတိ (၁၀) ပါး။

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ မရဏာနုဿတိ၊ ကာယဂတာသတိ၊ အာနာပါနဿတိ စေတိ ဣမာဒသ အနုဿတိယောနာမ။

အပ္ပမညာ လေးပါး။

မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာစေတိ ဣမာစတဿော အပ္ပမညာယောနာမ ဗြဟ္မဝိဟာရောတိစ ဝုစ္စတိ။

သညာတပါး။

အာဟာရေ ပဋိကူလသညာ ကေသညာနာမ။

ဝ ဝတ္ထာန်တပါး။

စတုဓါတု ဝ ဝတ္ထာနံ ကေံ ဝ ဝတ္ထာနာမ။

အာရုပ္ပလေးပါး။

အာကာသာနဉ္စာ ယတနာဒယော စတ္တာရော အာရုပ္ပါနာမာတိ သဗ္ဗထာပိ သမထနိဒ္ဒေသေစတ္တာလီသ ကမ္မဋ္ဌာနာနိ ဘာဝန္တိ။

ကမ္မဋ္ဌာန်းလေးဆယ်ပြီး၏။

နိဂမနဂါထာ။

နိဋ္ဌိတောစ အယံ ဂန္ထော၊ အနာယာသေန သဗ္ဗသော၊
ဝိသာခမာသေ သမ္ပတ္တော သကရာဇေ ဝရဂ္ဂိပေ။
သဒ္ဓါနန္တု သုသုခိပ္ပံ ဣဓါဂတ မပါယာဒိံ၊
သဒ္ဓါနိတွာ ယထာဘူတံ ပဋိပဇ္ဇန္တု တေနိစ္စံ။

သုသုဗောဓဒီပနီကျမ်းပြီး၏။

၁၃၂၉-ခု၊ တော်သလင်းလ၊ ၁၉၆၇-ခု၊ စက်တင်ဘာလတွင်
ရိုက်နှိပ်ပြီးစီးပါသည်။ စာအုပ်ရေ (၂၀၀၀)